

# ဖင်စီခံနေစဉ်

နှင့်

အခြားဝတ္ထုတိုများ

## ညီပုလေး


mgyoe.com

mgyoe.com

# ဖင်စိခံနေ့စဉ်

နှင့်

အခြားဝတ္ထုတိုများ



# ညီပုလေး

NPL0009

5,000.00 KS

mgyoe.com

mgyoe.com

ပင်စီခံနေ့စဉ်နှင့်အခြားဝတ္ထုတိုများ။ ညီပုလေး
မျက်နှာဖုံးပန်းချီ - ဇော်မောင်၊ စာမျက်နှာ ၄၀၃ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းညို။ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)။ ၈၅၊ ၁၆၄လမ်း။ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ။ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)။ ၁၁၇/၉၊ မစိုးရိမ်လမ်း။ ရန်ကင်း။
၂၀၁၆၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၅၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# ဖင်စိခံနေ့စဉ်နှင့် အခြားဝတ္ထုတိုများ

ညီပုလေး

ပထမအကြိမ်၊ ၂၀၁၆

mgyoe.com

mgyoe.com

ဆရာညီပုလေးရဲ့ ဝတ္ထုတိုပေါင်းချုပ်စာအုပ်ကြီးထဲမှာ မပါဝင်သေးတဲ့ ဝတ္ထုတိုလက်ရာများကို ထပ်မံစုစည်းထုတ်ဝေလိုက်တာဖြစ်ပါတယ်။ ဘယ်ဝတ္ထုတိုပေါင်းချုပ်မှာမှ မပါဝင်သေးတဲ့ ဝတ္ထုတွေက အများစုဖြစ်ပြီး ကျန်စာတွေက ဆရာ့ရဲ့ အဆန်းနော်လိုရာကွန့်နိုင်တဲ့ စာအုပ်ပါ ဝတ္ထုများပါ။

အဆန်းနော်လိုရာကွန့်နိုင်တဲ့ စာအုပ်ကလည်း တိုက်မှာ လက်ကျန်မရှိတော့တာကြောင့် ခုလို ဝတ္ထုတိုပေါင်းချုပ် နောက်တစ်အုပ်ကြုံကြိုက်တုန်း စုစည်းစီစဉ်လိုက်တာ ဖြစ်ပါတယ်။

စီစဉ်သူများ

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ခြကိုက်ခံ ခြစည်းရိုး | ၁ |
| ၂။ | ရွှေဝါရောင် ပိတောက်ခရီးသည် | ၇ |
| ၃။ | ကျွန်တော့်မှာ ပိတောက်ပင်ပျိုလေးတစ်ပင်ရှိတယ် | ၁၄ |
| ၄။ | မြစိမ်းရောင်ကမ္ပည်း | ၁၉ |
| ၅။ | ကြမ်းခင်းဈေး | ၂၄ |
| ၆။ | တိမ်မျှော်ခင်း | ၂၈ |
| ၇။ | ခေတ်သစ်နံရံ | ၃၃ |
| ၈။ | တောင်လား | ၄၂ |
| ၉။ | စာခြောက်ရုပ်မလေး | ၅၀ |
| ၁၀။ | မီးပူကျ အရိပ်အာဝါသ | ၅၈ |
| ၁၁။ | လူအများစုကြီးရဲ့ အလင်းည | ၆၄ |
| ၁၂။ | ဖင်စီခံနေ့စဉ် | ၇၁ |
| ၁၃။ | ကြိမ်ပိုက်ချောင်းချိရတု | ၇၉ |
| ၁၄။ | နိုး… နိုး… နိုး | ၈၈ |
| ၁၅။ | ကာဗွန်ခံမပါတဲ့ ဘောက်ချာ | ၉၅ |
| ၁၆။ | မွေးပျံ့တဲ့ တောပန်းလေး | ၁၀၁ |


mgyoe.com

mgyoe.com
၁၇။ နှစ် ၅၀ ကျော် အငမ်းမရ ၁၁၁
၁၈။ ခွေးတရားစီရင်ခန်း ၁၁၈
၁၉။ အမြန်လမ်း ဖန်ဆိမ့်၊ အမြန်အမော တိုင်ကီ ၁၂၅
၂၀။ တအိအိ နောက်မှာ ၁၃၉
၂၁။ တန်ဖိုး ၁၄၇
၂၂။ မိဂသမ္မဒါကမ်းခြေမှာ ... ၁၅၃
၂၃။ စိုးစီစိုးစီ ၁၆၅
၂၄။ ဒုတိယမှတ်တိုင် ၁၇၅
၂၅။ မဟာရောရုဝသို့ အမြန်ချော ၁၇၇
၂၆။ လွန်ခဲ့တဲ့ (၆၆) နှစ်က ဖိတ်စာ ၁၈၃
၂၇။ ကင်မရာနဲ့ ရေးတဲ့ဇာတ် ၁၈၇
၂၈။ ကြေးဖလားနဲ့ ကြက်ချေးတုံး ၁၉၄
၂၉။ ချိုးလည်ပြောက်မောင်နှံ ၂၀၃
၃၀။ ဗဟာဒူးဟာ ဘယ်ဘောကန်ဖိနပ်နဲ့ပဲ ကန်ကန် ဗဟာဒူးဟာ ဗဟာဒူးပါပဲ ၂၀၉
၃၁။ ဇာတိ–ဈေးချိုတော် ၂၂၉
၃၂။ အသည်းမှာစိမ့် ငြိမ့်ငြိမ့်ဖြေ တေးသံသာလေ ၂၃၇
၃၃။ ရှာပုံတော်ခရီးရှည် ၂၄၅
၃၄။ ပိယဝါစာ ကျလိ ကျလိ ... ၂၅၆
၃၅။ နှလုံးသားထဲက အတာပုံရိပ်များ ၂၆၈
၃၆။ အဖြူအနက် ဝက်ဝံ ၂၇၃
၃၇။ အဆန်းနော် လိုရာကွန့်နိုင်တဲ့ ၂၈၈
၃၈။ ရွက်လွှင့်ရထားလုံး ၂၉၃
၃၉။ ဂျင်ဇင်းည ၃၀၅
၄၀။ စည်းချက်ညီ နှလုံးသားတစ်စုံ ၃၁၄
၄၁။ မှိုကပ်နေတဲ့ စက်ရုံများ ၃၂၆
၄၂။ ပြတင်းပေါက် ၃၃၄
mgyoe.com

mgyoe.com

၄၃။ တိုလီမိုလီမြို့ ၃၄၃
၄၄။ ပူပူနွေးနွေး ၃၄၉
၄၅။ မဟူရာ ဂျပ်ခုတ်စောင် ၃၅၄
၄၆။ ဒို့တာဝန် (၉) ချက် ၃၇၁
၄၇။ မူလွန်သင်ရိုးသစ် ဟတ်တီးရှယ် ၃၈၁
၄၈။ တစ်ချိန်တစ်ခါ တစ်ခေတ်မှာ ၃၉၀
၄၉။ ယောအမြန်လမ်း ပုဆိုး ၃၉၅

***

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ခြကိုက်ခံ ခြစည်းရိုး

ငရှဉ့်ကို သူတို့ချင်းခေါ်ကြတဲ့နာမည်က "လေထီးငရှဉ့်"တဲ့။ လေထီးသမားမို့ ဒီဘွဲ့ရတာ၊ လေယာဉ်ပျံကြီးပေါ်က ခုန်ချတဲ့ လေထီးသမား မဟုတ်ပါဘူး။ ဒီကိစ္စမရှင်းရင် ပိုရှုပ်ကုန်လိမ့်မယ်။ ငရှဉ့်တို့က မီးရထားတွဲပေါ် ပြေးတက်လိုက်ပြီး လူအလစ်မှာ အထုပ်တွေ၊ အပိုးတွေ မပြီး ခုန်ချတတ်လို့ "လေထီးသမား"လို့ ခေါ်တာ၊ ဒါ သူတို့ချင်း ခေါ်ဝေါ်တဲ့ ဝေါဟာရ။

ငရှဉ့်သိပ်အတင့်ရဲတယ်။ တစ်ခါတလေ ရထားပြတင်းပေါက်က၊ တွဲပေါ်က ရိုးရိုးခုန်ချတာမဟုတ်ဘူး။ ရထားခေါင်မိုးပေါ်ကနေ ဝမ်းလျားထိုးပြီး အလစ်သုတ်တာ။ သူခိုးလမ်းပြလုပ်တာ မဟုတ်ဘူးနော်။ သတိဝီရိယလေးရှိအောင်လို့။ ငရှဉ့်ရဲ့ လုပ်ဖော်ကိုင်ဖက်တစ်ယောက်က ရထားခေါင်မိုးပေါ်ကနေ သူ့ခြေထောက်နှစ်ချောင်းကို မြဲမြဲကိုင်ထား၊ သူက ဝမ်းလျားထိုးလျက်ကြီးနဲ့ အလုပ်လုပ်တာ၊ သူ အချက်ပြလိုက်ရင် အပေါ်က လက်ကို လွှတ်လိုက်တော့။ ငရှဉ့်က သံလမ်းနံဘေး အထုပ်ပိုက်လျက် ကြောင်ကျကျတာ။ ရထား အရှိန်ဘယ်လောက် မြန်ပါစေ။ ဂရုမစိုက်ဘူး။ ရထားမြန်လေ၊ ပိုင်ရှင်နဲ့ ဝေးလေ၊ သူ့အတွက် အန္တရာယ်ကင်းလေပဲ။

အထုပ်ပိုင်ရှင်သိလို့ အော်ဟစ်ရင်လည်း သူက တွဲအောက်ကနေ

mgyoe.com

mgyoe.com


တာ့တာ၊ ဘိုင့်ဘိုင်၊ ချဲရီယို လက်ကလေး ဇော့ပြနေရစ်ပြီး ပျောက်သွားရော။ အရချောင်သလိုလိုပဲ၊ ဒါပေမဲ့ အသက်နဲ့ရင်းပြီး ခုန်ရတဲ့လေထီး၊ ပြီးမှ ပါသမျှပစ္စည်း၊ အချိုးကျ ဝေခွဲယူကြတယ်။ လေထီးခုန်တဲ့သူက နည်းနည်းတော့ ပိုရတာပေါ့။ ငွေတွေ၊ ပစ္စည်းတွေက အလကားနီးနီးရနေတာ မဟုတ်လား။ ငရှဉ့်က အထုပ်ဖြေ ဇစ်ဖွင့်လိုက်လို့ ပါလာတဲ့ပစ္စည်းပေါ်မှာ မတော်မတရား မလုပ်ဘူး။ သူ့ဘော်ဒါတွေကို အမှန်အကန်ပြပြီး ခွဲကြ၊ ခြမ်းကြတာလေ။ ဒီကိစ္စမျိုး သူဖုံ့မကျဘူး။ ကလိမ်ကကျစ်သမား မဟုတ်ဘူး။ ငရှဉ့်က အမှန်အကန်သမား။ သူတို့လောကက ကျဉ်းကျဉ်းလေး မဟုတ်လား။ မဟုတ်မဟတ်လုပ်ထားရင်လည်း တစ်နေ့ကျ ဘူးပေါ်သလို ပေါ်တာမျိုး။ တစ်ဦးနဲ့တစ်ဦး သစ္စာမရှိရင် အလုပ်မဖြစ်ဘူး၊ ဒုက္ခရောက်မယ်၊ အရနည်းတတ်တယ်။ ဒီလိုအယူတွေလည်း ရှိကြတယ်။

တစ်ခါမျှား ရန်ကုန်အထူးအမြန်တွဲကြီးပေါ်ကနေ ငရှဉ့်အလုပ်လုပ်တာ။ အိပ်ခန်းထဲကမောင်တွေက စောစောစီးစီး ကျိုး(အိပ်)နေကြပြီ။ အိပ်စင်နှစ်ခုကြား စားပွဲပေါ်တင်ထားတဲ့ ဝီစကီအကောင်းစားကို ငရှဉ့်ယူပြီး တစ်ကျိုက်၊ နှစ်ကျိုက် ကျိုက်လိုက်သေးတယ်။ ပြီးတော့ အမြည်းတစ်ဖတ် ကောက်ဝါးတယ်။ ပုလင်းလက်ကျန်ကို ခေါင်းမိုးပေါ် လက်ဆင့်ကမ်း၊ ပြီးမှ အလုပ်ကြီးလုပ်လိုက်တာ။

လက်ဆွဲအိတ်က အတော်လေးဆိုပဲ။ ဝီစကီတစ်ငုံ၊ နှစ်ငုံလောက်နဲ့ ငရှဉ့်မမူးပါဘူး။ လေထီးခုန်လို့ ကောင်းရုံပဲ။ လက်ဆွဲအိတ် မြဲမြဲဆုပ်ပြီး ခုန်ချနေခဲ့တယ်။ တော်တော်လေးတဲ့အိတ်ကို မဖွင့်သေးဘူး။ သူ့ဘော်ဒါ လာတဲ့အထိ စောင့်တယ်။ နောက်နေ့မှ ခတ်ထားတဲ့သော့ကို စုံညီဖျက်ကြတာ။ ပိုက်ဆံတွေနဲ့ လေးစေချင်တဲ့အိတ်၊ ဖွင့်လည်းဖွင့်လိုက်ရော ငရှဉ့်တို့ နှစ်ယောက်သား ဆံပင်မွေးညင်းတွေ မြောက်တက်သွားတယ်။

လား…လား… မှန်းချက်နဲ့ နှမ်းထွက် မကိုက်ပါလား။ ပိုက်ဆံက သုံးပုလင်းလောက်ပါတာ။ လေးနေတာက ပစ္စတိုသေနတ်နဲ့၊ ကျည်တွေကြောင့် လေးနေတာ။ ဘာလုပ်ရမှာလဲ။ ပစ္စတိုနဲ့ ကျည်ဆန်တွေ ကျွဲကျောင်းချောင်းထဲ သွားပစ်လိုက်ကြရော။ တစ်ခါတလေလည်း ငွေတွေဖွေးနေအောင်

mgyoe.com

mgyoe.com


ရချင်တာ၊ တစ်ခါတစ်ရံကျတော့ ငွေတွေဖွေးမနေဘဲ မြွေတွေ အထွေးလိုက် ဖြစ်ချင်ဖြစ်တတ်တာမျိုး။

ငရှဉ့် သူ့ဆရာတွေကို အတိအလင်းပြောပြီးသား။ "ကျွန်တော် ဘိုင်ပြတ်တဲ့အခါ အလုပ်လုပ်တယ်။ ဒါပေမဲ့ ခြစည်းရိုးကို ဘယ်တော့မှ ထင်းမခွေဘူး ဆရာ"တဲ့။ ငရှဉ့်ပြောတဲ့ "ခြံစည်းရိုး ထင်းမခွေဘူး" ဆိုတဲ့ သူခိုးတစ်ယောက်က ပြောတဲ့စကားကို ဆရာသမားတွေ နားမလည်လို့ ရှင်းပြရသေးတယ်။ ကျွန်တော့်ဇာတိ၊ ဆရာတို့ပိုင်နက် ဟောဒီ ရမည်းသင်း နယ်ထဲမှာ ဘယ်တော့မှ အလုပ်မလုပ်ဘူးဆရာ။ တပ်ကုန်း၊ ပျော်ဘွယ်၊ ပျဉ်းမနားဘက်တော့ တစ်ခါတလေ ရောက်တတ်တယ်ဆရာတဲ့။ တစ်ခါ တလေတော့လည်း ကျောက်ဆည်၊ စဉ့်ကိုင်ဘက်တဲ့။ ဒါလည်း သူ့ရွာနဲ့ ရွာပတ်ဝန်းကျင်မှာ ကြက်ပွဲ၊ ဖဲဝိုင်း၊ ဂျင်ဝိုင်းတို့ မရှိတဲ့အခါပေါ့။

ငရှဉ့်မှာ စည်းရှိတယ်။ သူ့ကတိအတိုင်း လုပ်တယ်။ အလုပ်လုပ် ပြီးလို့ အိတ်တို့၊ သေတ္တာတို့ ဖွင့်တဲ့အခါ ဘောင်းဘီများပါလာရင် ဘယ် တော့မှ သူမယူဘူး။ ဆရာသမားတွေ ဝတ်ကြပါစေ။ တစ်ယောက်မဟုတ် တစ်ယောက် တော်ကြမှာပါ။ ဒီလိုစိတ်ရှိတဲ့လူ။ တကယ်ဆိုရင် လေထီးခုန် တာ ဘောင်းဘီနဲ့ဆို ပိုမကောင်းဘူးလား။ ဒီလိုမေးစရာရှိတယ်။ ဒါပေမဲ့ ငရှဉ့်ကြည့်ရတာ ဘောင်းဘီကို စိတ်နာနေပုံပဲ။ ဘောင်းဘီဝတ်နဲ့ အလုပ် လုပ်ရင်း တစ်ခုခုနဲ့ ငြိခဲ့ဖူးလေသလား။ ဘာဖြစ်ခဲ့ဖူးတယ်တော့ မသိဘူး။ အတွင်းခံဘောင်းဘီနဲ့ အပေါ်က ပုဆိုးပဲ။ တစ်ခါတလေ အတွင်းခံတောင် မပါဘူး။ ပုဆိုးဝတ်နဲ့ ခုန်တာ၊ လေထီးငရှဉ့် အဲဒီလောက် ကျွမ်းတာ။

အသားညိုညို၊ ဂင်တိုတို၊ မျက်နှာပြုံပြုံ၊ ပုဆိုးလည်း တိုတိုဝတ်တတ် လေတော့ ငရှဉ့်ကြည့်ရတာ သစ်သီးမှည့်တစ်လုံးနဲ့ တူတယ်။ ဒါပေမဲ့ ဝတ်တာ စားတာ သပ်သပ်ရပ်ရပ် ဝတ်တတ်စားတတ်တယ်။ စမတ်ကျကျ နေတတ်တယ်။ စီးကရက်ခဲလေ့ရှိပြီး မိုးအုံ့မျက်မှန်က ချွတ်တယ်လို့ မရှိဘူး။

ဒါပေမဲ့ ငရှဉ့်အိတ်ထောင်က ကျွဲကျောင်းချောင်းရေလိုပဲ၊ နည်းတစ်ခါ များတစ်လှည့်လေ။ ရထားသံလမ်းပေါ်မှာ လူစီးရထားတွေ ပြေးနေသရွေ့ လေထီးငရှဉ့် စားဝတ်နေရေး မပူပေါင်။

mgyoe.com

mgyoe.com


ရှေ့ဥတို့ ဥသျှစ်ကုန်းရွာကပဲ ကိုနေမျိုးအေးဆိုတဲ့ လူတစ်ယောက်ရှိတယ်။ ထောင်ထောင်မောင်းမောင်း၊ ဖြူဖြူချောချော။ ကိုနေမျိုးအေးတို့က အစဉ်အဆက်ချမ်းသာခဲ့ကြတာ။ လယ်လည်းရှိ၊ ယာလည်းရှိတယ်။ ကျွဲအုပ်၊ နွားအုပ်အပြင် ဆိတ်အုပ်ပါ ပိုင်လိုက်သေးတယ်။ ဥသျှစ်ကုန်းမှာ ဟာလာနှစ်စက်ရှိတာ။ သူတို့စက်က ပိုအလုပ်ဖြစ်တယ်။ သူ့ဥပမိက ဥသျှစ်ကုန်းမှာ သူ့ငွေးလေးမလုပ်ဘဲ မြို့တက်ပြီး ရုပ်ရှင်မင်းသားလုပ်ဖို့ ကောင်းတဲ့ရုပ်။

အသက် (၃၅) နှစ်ဆိုတော့ လူပျိုသိုး၊ လူပျိုဟိုင်းကြီးပေါ့။ အဲဒီအသိုးအဟိုင်းကြီးကိုပဲ ဥသျှစ်ကုန်းတို့၊ ထန်းကိုးပင်တို့၊ စည်သာအေးတို့၊ ဆပ်ပြာကျင်းတို့က အပျိုကြီးငယ်လတ်တွေက ကိုနေမျိုးအေးကို အချစ်ဦးမို့ စိတ်ကူးနဲ့ သနပ်ခါးလူးကြတယ်။

ကိုနေမျိုးအေးတစ်ယောက် ပျော်ဘွယ်က ဆင်သုံးကောင် ဘီစကွတ်စက်ရုံပိုင်ရှင် မိသားစုဝင် ဖြစ်တော့မှာလိုလို။ ရမည်းသင်း ပေါ်လွင်ရွှေဆိုင်မိသားစုက ကိုနေမျိုးအေးကို သူတို့သမီးအကြီးဆုံးလေးနဲ့ နေရာချထားပေးချင်နေကြတယ်။ ဝေရက်သောက်ရေသန့်မိသားစုရဲ့ သမီးဆရာဝန်မလေးဘက်ကလည်း ကြိုးရင်မှီရတာပေါ့တဲ့။ ကွာလတီစတိုးမိသားစုထဲက သမီးလတ် ကထိကဆရာမလေးနဲ့ဆိုရင် ရှေ့သွားနောက်လိုက်ညီသတဲ့။

အေးအေးနေချင်တဲ့ ကိုနေမျိုးအေးက ဘယ်သူ့ကိုမှ စိတ်ဝင်စားဟန်မတူဘူး။ ရွာမှူလတန်းကျောင်းပြင်တဲ့ ကိစ္စ၊ (၁၈) တောင်ပြည့်ဘုရား ပဌာန်းရွတ်ဖတ်ပွဲ နှစ်စဉ်ဖြစ်မြောက်ရေး၊ ဥသျှစ်ကုန်းတစ်ရွာလုံး လျှပ်စစ်မီး ရရှိရေး၊ သူ့ဟာလာစက် နေ့စဉ်လည်ပတ်ရေး၊ ဥသျှစ်ကုန်းရွာ ရွေးကောက်ပွဲ ကော်မရှင်အလုပ်၊ ရပ်ရွာ ရေရရှိရေး စတဲ့အရေးတွေနဲ့ ကိုနေမျိုးအေး မအေးရှာဘူး။

တစ်နေ့တော့ ကိုနေမျိုးအေး မြို့ကိုတက်ဖို့ ကြုံလာတယ်။ လေးမိုင်လောက် ဝေးတဲ့ခရီး၊ စီးစရာဆိုလို့ မြင်းလှည်းပဲရှိတော့ မြင်းလှည်းပေါ်တက်ခဲ့တယ်။ ရပ်အကျိုးရွာအကျိုး ဆောင်ရွက်သူ၊ ပစ္စည်းဥစ္စာလည်း ပြည့်စုံသူဆိုတော့ တစ်ရွာလုံးရှိတဲ့ မြင်းလှည်းဆယ့်နှစ်စီး၊ ဘယ်အစီးပဲ ကိုနေမျိုးအေး တက်စီးလိုက်၊ မြင်းလှည်းဆရာရဲ့ဘေး ဦးခန်း၊ ခေါင်းခန်း

mgyoe.com

mgyoe.com


က နေရာပေးကြတယ်။ ကိုကျောက်ခဲ၊ ကြွက်နီ၊ ကိုစောဝင်း၊ ကိုမာဂျီ၊ ဇော်သက်ထွေး ဘယ်သူ့မြင်းလှည်းစီးစီး ကိုနေမျိုးအေးဆိုရင် အိုကေ လာထားပဲ။

ကိုနေမျိုးအေးရဲ့ လက်ထဲမှာလည်း ရမည်းသင်းရောက်တဲ့အခါ လုပ်ရမယ့်အလုပ်တွေ တန်းစီပြီးရေးထားတဲ့ စာရွက်လေးဆုပ်လို့။ ပွဲရုံငွေခံရန်၊ သစ်ဈေးစုံစမ်းရန်၊ စက်အပိုပစ္စည်းဆိုင်သွားရန် အဘအတွက် ဆေးဝယ်ရန်၊ တိကုဆရာဝန်ခေါ်ရန် ဆိုတာမျိုးတွေပါပဲ။

သူတို့မြင်းလှည်း ဇရပ်ကတုံးနားရောက်တော့ ခရီးသည်နှစ်ယောက် လက်ပြတားလို့ မြင်းလှည်းရပ်ပြီး တင်ခဲ့တယ်။ ဒီပြင်ရွာက ဧည့်သည် သားအမိ ထင်ပါရဲ့။ ရွာလယ် လက်ဖက်ရည်ဆိုင်နားရောက်တော့ ငရှဉ့်က သူလည်း မြို့လိုက်မယ်ဆိုပြီး လိုက်လာတယ်။

လမ်းမှာ ကိုနေမျိုးအေးနဲ့ မြင်းလှည်းဆရာ ကိုဝတုတ်နဲ့ စကားတွေ တပြောပြောပေါ့။ ငရှဉ့်က နားထောင်သူ၊ ဇရပ်ကတုံးက တက်လာကြတဲ့ သားအမိနှစ်ယောက်လည်း သူတို့ချင်း စကားပြောတဲ့အခါပြောလို့၊ ကုက္ကိုရိပ်ကောင်းတဲ့ မြင်းလှည်းလမ်းလေးအတိုင်း မောင်းလာကြတယ်။ သူတို့ပြောကြတဲ့အထဲမှာ ပဲဈေး၊ နှမ်းဈေးလည်း ပါတယ်။ ခွာနာလျှာနာလည်း ပါတယ်။ ဒီဇယ်ဈေးအကြောင်းလည်း ပါတယ်။ ပရီးမီးယားလိဂ်မှာ ဒီနှစ် မန်ယူ ဖလားလက်မဲ့ဖြစ်သွားတဲ့အကြောင်းလည်း ပါတယ်။

မြို့အဝင်ကျော်လာတော့ ငရှဉ့်ကို မြင်းလှည်းဆရာက မေးတယ်။ "ကိုငရှဉ့် ဘယ်ဆင်းမှာလဲ" တဲ့။ ငရှဉ့်က ရန်ကုန်က စပယ်ယာတွေအော်ကြသလို "ခိုင်ရွှေဝါ၊ ဓမ္မာရုံ၊ ဂိတ်ဆုံး" တဲ့။ သူ မြင်းလှည်းဂိတ်ဆုံးအထိ လိုက်မှာဆိုတဲ့သဘော၊ ဈေးမရောက်ခင် ခါလာကြီးရဲ့ ကုန်မျိုးစုံဆိုင်နား ရောက်တော့ ငရှဉ့်က မြင်းလှည်းဆရာကို ခဏအရပ်ခိုင်းပြီး ခါလာကြီး ဆိုင်ထဲ ခပ်သုတ်သုတ်ဝင်သွားတယ်။

တစ်အောင့်ကြာတော့ လန်ဒန်စီးကရက်တစ်တောင့်ကိုင်ပြီး ပြန်ထွက်လာတယ်။ ကိုနေမျိုးအေးတောင် ခါလာကြီးဆိုင်မှာ အသစ်ရောက်တဲ့ ပစ္စည်းစာရင်း လှမ်းဖတ်ခဲ့သေးတယ်။ သူလိုချင်တာ မပါပါဘူး။ ကိုနေမျိုးအေး

mgyoe.com

mgyoe.com


တိမ္ဗွေးကုဆရာဝန်ဆီမှာ ဆင်းနေရစ်ခဲ့တယ်။

ရက်တွေကြာခဲ့ပြီ။ ကြာဆို နှစ်ပတ်လောက်ရှိရောပေါ့။ ကိုနေမျိုးအေး မြို့ကိုတက်ဖို့ အကြောင်းဖန်လာတယ်။ အဖေတို့ အမေတို့မိတ်ဆွေရဲ့အလှူ မိဘတွေကိုယ်စား သူဝင်ရမယ်။ ဒီတော့ တိုက်ပုံအဝါဖျော့လေးဆင်၊ လည်ကတုံးအဖြူလေးဝတ်၊ ပိုးတွဲလုံချည်နက်ပြာလေးနဲ့ပေါ့။

မြို့အလှူကဖွင့်တဲ့ အသံချဲ့စက်သံတောင် ကြားနေရပြီ၊ အဆိုတော် ရီရီသန့်သီချင်း ဖွင့်နေတာ။ ခါလာကြီးဆိုင်နားရောက်တော့ ခါလာကြီးက သူတို့မြင်းလှည်းကို တားတယ်။ မြင်းလှည်းဦးမှာ ကိုနေမျိုးအေးက တိုက်ပုံနဲ့ဘာနဲ့ အကျအနကိုး။ တိုက်တိုက်ဆိုင်ဆိုင် ပစ္စည်းသစ်တွေ ချနေချိန်လေ။ ထဘီတိုတိုစည်းထားတဲ့ ခါလာကြီးက ပြုံးပြုံးရွှင်ရွှင် မျက်နှာထားနဲ့။

"မောင်နေမျိုး မင်း အရင်တစ်ပတ်က ယူသွားတဲ့ လန်ဒန်ဖိုးလေး အဆင်ပြေရင်…"

ကိုနေမျိုးအေး ပျာခနဲ ဖြစ်သွားတယ်။ သူမှ စီးကရက်မသောက်တတ်တာ၊ ပြီးတော့ မြင်းလှည်းဆရာကို ဘာတွေဖြစ်ကုန်တာလဲဆိုတဲ့ အကြည့်နဲ့ လှမ်းကြည့်လိုက်တယ်။ ဖြစ်ကြောင်းကုန်စင်ကို မြင်းလှည်းဆရာ ကိုဝတုတ်က သဘောပေါက်တယ်။ ပြုံးပြီး…

"ခါလာကြီး လန်ဒန်ဖိုးတော့ ဆုံးပြီ။ အဲဒီလန်ဒန်တွေက ကိုနေမျိုးအေး အဝယ်ခိုင်းတာမဟုတ်ဘူး။ ဟိုသူခိုးငရှဥ့်ယူသွားတာ ခါလာကြီး ပြန်ရဖို့ လမ်းမမြင်ဘူး"တဲ့။

အဲဒီနေ့က ရွှေမန်းမေ အထူးအမြန်ပေါ်မှာ ငရှဥ့်တို့ လေထီးတစ်သိုက် လန်ဒန်ဘူးကိုယ်စီနဲ့။ ။

ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်စတက်တဲ့နေ့က
ဒီဝတ္ထုကို ပြောပြတဲ့ ကိုဘိုလေးသို့။

mgyoe.com

mgyoe.com

## ရွှေဝါရောင် မိတောက်ခရီးသည်

ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် စရိုက်မတူကြသလို အကြိုက်ချင်းလည်း မတူကြဘူး။ ဒါလည်း အမြဲတမ်း နေရာတကာတိုင်းတော့ မဟုတ်ဘူး။ တစ်ခါတစ်ရံမှာ အကြိုက်တွေတူကြတာ ရှိသလို၊ တစ်ခါတလေမှာ တစ်ယောက်နဲ့တစ်ယောက် စရိုက်တူကြတာတွေ ရှိကြတယ်။

တချို့လူတွေက နွေလရာသီရဲ့ ခြောက်သွေ့မှုကို ကြိုက်ကြတယ်။ တချို့မိတ်ဆွေတွေကတော့ ဝသန်ကာလ မိုးတဖွဲဖွဲ လေပြည်တသွေးသွေးကို နှစ်သက်ကြပြန်တယ်။ အချို့သူငယ်ချင်းတွေက ဆောင်းမီးဖိုနံဘေး ထန်းပင်မြစ်ဖုတ်လေးကို ရေနွေးကြမ်းနဲ့ မြည်းကြရတာကို သဘောကျကြပြန်ရော။

(၂ × ၁၀၀) ချည်ချောလုံချည် ရေချပြီးသားကို ဝတ်ချင်တဲ့အခါဝတ်၊ ချည်သားများများ ဂျင်းဘောင်းဘီအပျော့ကလေးကို ဝတ်ချင်တဲ့အခါ ဝတ်မယ်။ တီရှပ်ကို ခေါင်းက အသာလျှိုချင်သူတွေရှိသလို ချည်သား ဘလောက်စ်လေးနဲ့ ပေါ့ပေါ့ပါးပါး အေးအေးလူလူ ဝတ်စားချင်သူလည်း ရှိတယ်။

အဦးအစအသစ်တွေကိုမှ ကြိုက်နှစ်သက်သူတွေရှိတယ်ဆိုရင် အံ့သြကြမှာလား။

mgyoe.com

mgyoe.com


သူတို့က နွေဆိုရင်လည်း နွေဦးကိုမှ ချစ်ကြပြီး မိုးရာသီကျတော့လည်း မိုးဦးမှတဲ့လေ။ ဆောင်းကာလတွေရဲ့ အကြိုကာလဖြစ်တဲ့ ဆောင်းဦးကိုလည်း ကြိုက်ပြန်သတဲ့။ အဲဒီအထဲမှာ အပျိုကြီး မသင်းသင်းဆွေ တစ်ယောက် အပါအဝင်ပေါ့။

"ကိုညီပုလေးရာ ကျွန်မ အိမ်ထောင်များကျလို့ တကယ်လို့များ သားသမီးတွေ ပွားစီးမယ်ဆိုရင် နွေဦး၊ မိုးဦး၊ ဆောင်းဦးတို့မှာပဲ ကလေးတွေမွေးမယ်။ ပြီးတော့ သူတို့နာမည်တွေကိုလည်း နွေဦးတို့ မိုးဦးတို့ ဆောင်းဦးတို့ ပါအောင်မှည့်မယ်"

မျက်မှောင်ကြုတ်ကြည့်ရင်း မသင်းသင်းဆွေနှယ်၊ ဒီအပျိုကြီးနှယ်လို့ တွေးထင်မိကြလိမ့်မယ်။ ဒါပေမဲ့ လောကမှာ မဖြစ်သေးတာဘဲ ရှိတယ်။ မဖြစ်နိုင်ဘူးဆိုတာ မရှိဘူး။ ဘာမဆို ဖြစ်လာနိုင်တယ်ဆိုတဲ့စကား လက်ကိုင်ထားတဲ့ အပျိုကြီး မသင်းသင်းဆွေကို ဘယ်သူတွေဘာပြောပြော အပျိုကြီးပီပီ လွတ်လပ်စွာစိတ်ကူးယဉ်ခွင့် ရှိတယ်လေ။

ကျွန်တော်တို့လည်း အစဉ်အမြဲမဟုတ်တောင် တစ်ခါတလေ မသင်းသင်းဆွေလို အဦးအစတွေကို သဘောကျမိတဲ့ကာလတွေ ရှိခဲ့တယ်။ ဩော်...နွေဦးရောက်တော့မှာပါလား၊ မသင်းသင်းဆွေရေ။

တစ်နေ့ကပဲ ပြည်မြို့က ဒေါက်တာမမမာ (ကလေးကုဆရာဝန်) နဲ့ သား ဘိုဘိုတို့ မန္တလေးကို လာလည်ကြတယ်။ မန္တလေးက ဘုရားတွေဖူးပြီးတော့ မုံရွာက ဘုရားတွေဆီ လိုက်ပို့ရတယ်။ အဲဒီရက်က တပေါင်းဟာ သရုပ်မှန်နေတယ်။ မနက်ခင်းစောစောမှာ ဆောင်းကြွင်း ဆောင်းငွေ့ဆောင်းရနံ့လေး မပြယ်သေးဘူး။ ချမ်းတာ အေးတာ ကြောက်ကြတဲ့ မမမာတို့ သားအမိ မော်တော်ကားမှန်ကို အထက်နားဆီ တင်ထားကြတယ်။

စစ်ကိုင်း ရွာထောင်အရောက်မှာ အမျိုးသမီးတစ်သိုက် ရေအိုးသုံးလုံး ခေါင်းပေါ်ဆင့်ရွက်ကြရင်း ခါးထစ်ခွင် တစ်ဖက်တစ်ချက်မှာလည်း ရေအိုးတွေပိုက်လို့။ ဒီအမျိုးသမီးတစ်သိုက်ကို မြင်မြင်ချင်း သူ့ကိုယ်သူ ကင်းပတ်စ်ရိုက်တာ (တက္ကသိုလ်ပရိဝုဏ်မှာကတည်းက ကဗျာဆရာ ဖြစ်ခဲ့တဲ့သူ) လို့ ဂုဏ်ယူပြီး အမြဲပြောတတ်တဲ့ ကဗျာဆရာကို သွားသတိရမိတယ်။

mgyoe.com

mgyoe.com

သူ့ရဲ့ကဗျာစာအုပ်တစ်အုပ်ဖြစ်တဲ့ မိခင်မာရသွန် ကဗျာစာအုပ်ရဲ့ ပထမ မျက်နှာဖုံးကို ပန်းချီဆရာ ကိုစိန်မြင့်(ရွှေချည်ထိုး)ရဲ့ ရေဆေးပန်းချီကား ကလေးနဲ့ ထုတ်ဝေဖို့ ကြိုးစားခဲ့ဖူးတာကို သွားသတိရမိတယ်။ အဲဒီ ပန်းချီ ကားလေးက ထန်းပင်တွေနောက်ခံနဲ့ ထန်းပင်ခြေရင်းမှာ တဲကုပ်ကုပ်လေးရှိ တယ်။ တဲကုပ်ကုပ်လေးရဲ့ရှေ့မှာ ရွာထောင်က ရေအိုးရွက်ထားတဲ့ အမျိုးသမီး တွေလိုပဲ အမျိုးသမီးတစ်ယောက် ရေအိုးသုံးလုံးဆင့်ရွက်ထားတယ်။

အလို…ထဘီအဝါပွင့်နဲ့ အမျိုးသမီးရဲ့ လက်ထဲမှာတော့ သကြန်အိုး လေးတွေပါလား။

ရွှေကြက်ယက်ကားလမ်းနံဘေးက လက်ပံပင်ကြီးတွေမှာတော့ လက်ပံပွင့် ရဲရဲတွေ ကျန်သေးပေမဲ့ ရာသီဥတုကတော့ တပေါင်းကို နှုတ် ဆက်နေတယ်။ လက်ပံပွင့်တွေနဲ့ ဝန်းကျင်တစ်ခွင်လုံး ရဲရဲနီနေရာက မကြာခင် မှာ ပိတောက်ပွင့်တွေ ဝေစည်လို့ တစ်လောကလုံး ပိတောက်နံ့တွေ လှိုင် ကြိုင်ပြီး ရွှေအဆင်းအတိ ဖြစ်တော့မှာပါလား။

အုန်းတောအလွန် ရွာသစ်ကြီးလမ်းခွဲကျော်တော့ ကတ္တရာလမ်းကို ထနောင်းပင်တွေက ဟိုဘက်သည်ဘက်မှာ အကိုင်းချင်းယှက်ပြီး မိုးလိုက် ကြပြီး လှည်းပေါင်းမိုးရှည်ကြီးအောက်မှာ ခရီးသွားနေရတာနဲ့ တူတယ်။ ထနောင်းပင်တချို့ကတော့ ရွက်သစ်တွေဝေလို့။ တချို့ကတော့ နွေဦးမို့ အခုမှ ရွက်နုကလေးတွေပြူစ၊ လောကသစ်ကို ခေါင်းပြူပြီး မရဲတရဲ စူးစမ်း နေတဲ့ ထနောင်းရွက်ကလေးတွေကိုလည်း သတိထားခဲ့မိတယ်။ ထနောင်းကိုင်း ဝါဝါထိန်ထိန်တွေက နွေဦးမို့ ဝါထိန်လွင်နေကြတယ် ထင်ပါရဲ့။

*သကြန်နှစ်ဦး တူးပို့တူးပို့ တူးသံမြူးသာယာ…*

ဩော်…တူးပို့သံတွေ လှိုင်လှိုင်ကြားရတော့မှာပါလား။

*သကြန်မယ်များ တူးပို့ တူးပို့ တူးမာရဲ့နော်ဗျာ…*

မသင်းသင်းဆွေနဲ့ သူ့သူငယ်ချင်း သကြန်မယ်တွေ ပျော်ပျော်ပါးပါး နော့ကြ ဆော့ကြတော့မယ်လေ။

*ငွေငန်းသံစုံ တူးပို့တူးပို့ အာရုံဖျော်ဖြေတာ…*
*မယ်တို့ကိုလည်း တူးပို့ တူးပို့ မာပါစေနော်ဗျာ…*

mgyoe.com

mgyoe.com


မြို့မမောင်ရေသဘင်အဖွဲ့ကြီး ကျန်းမာပါစေ။ ငွေဝင်းမောင်ရေသဘင်အဖွဲ့ကြီး ချမ်းသာပါစေဆိုတဲ့ မေတ္တာပို့သ နှုတ်ဆက်သံတွေ မြိုင်မြိုင်ကြီး ကြားရတော့မယ်။

တစ်နှစ်တွင်မှ ဒီတစ်လ၊ ဒီတစ်လတွင်မှ ဒီတစ်ကြိမ် အပျော်တွေ ရင်မှာပိုက်လို့ မျှော်သူတွေ မျှော်နေကြပြီ။ ကုသိုလ်တွေ တစ်လုံးတစ်ဝကြီး ရခဲ့ဖူးတဲ့ ဒီအတာကို ဒီနှစ်လည်း အားခဲထားသူတွေ ရှိလိမ့်မယ်။ မနှစ်က ပေးတဲ့ ခင့်လိပ်စာ ရေတွေစိုလို့ ပျက်ကုန်တာမို့ ရှာပုံတော်ဖွင့်ကြဦးမယ့် သူတွေလည်း အများကြီး။

မောင်တို့ချယ်ရီမြေနဲ့ ကိုဝင်းဦးကို လွမ်းသူလည်း ရှိတယ်။

သင်္ကြန်မင်းသား ဇော်ဝမ်းကို သတိရသူလည်း ရှိတယ်။

ရေဖလား၊ ရေပြွတ် ပူဆာသူတွေလည်း ရှိတယ်။

တစ်မြို့လုံးအနှံ့ လှည့်လည်ဖျော်ဖြေတဲ့ ငွေဝင်းမြို့မကို မျှော်သူလည်း ရှိတယ်။

ဘယ်သူ့ကိုမှမဟုတ် ပိတောက်နဲ့ ငုဝါတွေကို တမ်းတသူလည်း ရှိတယ်။

ဘယ်လိုပဲဖြစ်ဖြစ် သင်္ကြန်ကို အကြိမ်ကြိမ်ပွေ့ဖက် ဖြတ်သန်းဖူးသူတွေကတော့ သင်္ကြန်နဲ့ပတ်သက်တဲ့ အမှတ်ရစရာ လွမ်းမောစရာ တမ်းတစရာတွေ ရှိကြလိမ့်မယ်။ မြားနတ်မောင်ဟာ သင်္ကြန်မှာ အလုပ်အလွန်များသတဲ့။ သင်္ကြန်တွင်းရေးတဲ့ ရွှေဖူးစာဟာ အရည်မကျဲပါဘူး။ သင်္ကြန်ဖူးစာ၊ သင်္ကြန်မောင်တွေ ရွှေလက်တွဲ မြဲကြသူတွေ ကျွန်တော်တို့ ဝန်းကျင်မှာ အများကြီး။ (မသင်းသင်းဆွေ အခုထိမပါသေး)

သင်္ကြန်ရဲ့သရုပ်ဟာ တစ်နှစ်နဲ့တစ်နှစ် မတူဘူး။ သင်္ကြန်ရဲ့ သရုပ်သဏ္ဌာန်တွေ တရွေ့ရွေ့ပြောင်းလဲလာတာကိုတော့ ငြင်းဆိုမယ့်သူ ရှိမယ် မထင်ဘူး။

"မန္တလေး လေးပြင်လေးရပ်မှာရှိကြတဲ့ အလှပြကားတွေဟာ သင်္ကြန်အကြိုနေ့ ညနေဆိုရင် မဟာမြတ်မုနိဘုရားကြီးကို လာကန်တော့ကြတာ အစဉ်အလာတစ်ခုပဲ"

mgyoe.com

မသင်းသင်းဆွေ စကားသံထဲမှာ လွမ်းမောရိပ်တွေ ပါဝင်နေပြီး မျက်နှာမှာတော့ ငယ်မူငယ်သွေးတွေ လွှမ်းနေတယ်။

"အလှပြကားတွေမှာ ပါလာကြတဲ့ တူရိယာလုလင်တွေ၊ ရေပက်ခံထွက်ကြမယ့်သူတွေက တူညီဝတ်စုံကိုယ်စီနဲ့ တချို့လည်း မိတ်ကပ်တွေ လိမ်းလို့ ခြယ်လို့"

မသင်းသင်းဆွေရဲ့ အထည်ဖောက်သည် ကျပ်ပြင်မြို့က နွယ်နီရဲ့ အာရုံက အပျိုကြီးရဲ့ မန်းသင်္ကြန်မှာ ငြိနေတယ်။ လက်ဖက်သုပ် ကြိုက်လှပါတယ်ဆိုတဲ့ တက္ကသိုလ်ဆရာမ ဝင့်ဝင့်လည်း ရှေ့မှာချထားတဲ့ လက်ဖက်သုပ်ပန်းကန်ဆီ အာရုံမရောက်ဘဲ မသင်းသင်းဆွေရဲ့ ပိတောက်ရင်ခွင်ထဲ ရောက်နေရှာတယ်။

"တချို့များ လည်ပင်းမှာ သင်္ကြန်ပန်းကုံးတွေ ဆွဲသူကဆွဲကြနဲ့။ အဲဒီပန်းကုံးတွေက ညဥ့်ခံမဏ္ဍပ်တွေ ရောက်ကြတဲ့အခါ ကိုယ်ပိုးပန်းနေတဲ့ မဒီလေးကို ပေးဖို့"

"မမဆွေကော ဘယ်နှကုံးရဖူးသလဲ"ဝင့်ဝင့်ရဲ့ ကြားဖြတ်မေးခွန်းနဲ့ ကပ်လျက် နွယ်နီရဲ့အကြည့်မှာ ရှက်သွေးတွေဖြာသွားတဲ့ မသင်းသင်းဆွေက အပျိုဖြန်းလေးတစ်ယောက်လို ပြန်ဖြစ်သွားပြီး လက်ချောင်းကလေးနှစ်ချောင်း ရှက်စနိုး ထောင်ပြတယ်။ စိတ်ထဲမှာလည်း သူငယ်ငယ်က စင်ပေါ်တက် ကပြခဲ့တဲ့ ပတ္တမြားသူဇာမဏ္ဍပ်ပေါ် ပြန်ရောက်သွားတယ်လေ။

"ဖိုးဂျာရစ်တို့ ဒီအတာမြူးမည်" "တိုင်းချစ်မေ နှစ်စဉ်လို ဆင်နွှဲမည်" "ချစ်ချစ်တို့ရဲ့ အသည်းကလေးများ အနှံ့လည်မယ် ကဲမယ်" "ဗိုလ်သခင် ဆရာသံချပ် လက်သံပြောင်မယ်" "ဒဿဂီရိ ဘယ်သူ့မျက်နှာမှ မလိုက်ဘူး" စတဲ့ သင်္ကြန်ပိုစတာတွေကို မြင်ကြရင် မမဆွေဖြင့် သင်္ကြန်ကို မြန်မြန်ရောက်ချင်လှပြီ"

ကိုရီးယားဇာတ်လမ်းတွဲ လာကြည့်ကြတဲ့ နွယ်နီနဲ့ ဝင့်ဝင့်တို့ခမျာ လျှပ်စစ်မီးမလာလို့ ဇာတ်လမ်းတွဲတွေ မကြည့်ရပေမဲ့ ဇာတ်လမ်းတွဲထက် ရသမလျော့တဲ့ အပျိုကြီးရဲ့ နွေဦးသင်္ကြန်ဇာတ်လမ်းတွဲကို ခံစားလိုက်ရတယ်။ လက်ဖက်သုပ်တစ်ဇွန်း ကောက်စားလိုက်ပြီး ပါးစပ်ထဲမှာ ဝါးနေတဲ့

mgyoe.com

mgyoe.com

လက်ဖက်သုပ် မကုန်ခင် ရွှေမန်းမေ၊ နဂါးမယ်၊ ဟော်နန်းသူဇာ၊ မြဝတ်ရည်၊ မေထားဝယ်၊ တိုင်းချစ်မေ၊ ယမင်းသူဇာ စတဲ့ အလှအက မဏ္ဍာပ်တွေ အကြောင်း မသင်းသင်းဆွေက ဆက်ပြန်တယ်။

"ရိုးရိုးလက်လုပ်လက်စား အရပ်သူ ကျောင်းသူလေးတွေပါပဲ။ ဒါပေမဲ့ သင်္ကြန်အကတော့ မြန်မာပီပီ အချိုးကျကျ ကတတ်ကြတယ်။ ညီလည်းညီတယ်။ လှလည်းလှတယ်။ ပျော်စရာကြီး"

နွယ်နီတို့ ဝင့်ဝင့်တို့ သူတို့မမီလိုက်တဲ့ ရွှေမန်းသင်္ကြန်ကို ငေးမောနားထောင်နေမိတယ်။

"သင်္ကြန်သံချပ်တွေက သိပ်လက်သံပြောင်တယ်။ ကြားရသူတိုင်း ကြက်သီး ဖြန်းဖြန်းထအောင် ကောင်းကြတာ ဘယ်သူ့ကိုမှ ချမ်းသာမပေးဘူး။ လက်ခုပ်သံတဖြောင်းဖြောင်း လက်ခေါက်သံ တရှီးရှီးမြည်အောင် အားပေးကြတာ မမဆွေဖြင့် သင်္ကြန်သံချပ်တွေကို အလွမ်းဆုံးပဲ"

ခုနက သူငယ်ငယ်တုန်းက သင်္ကြန်မှာဝတ်ခဲ့တဲ့ သင်္ကြန်ဝတ်စုံလေးတွေနဲ့ ရွှေခြေချင်းတွေ ထုတ်ပြမယ်ဆိုတဲ့ မသင်းသင်းဆွေတစ်ယောက် သူ့အစ်ကိုတွေဆီက သင်ထားတဲ့ လက်ခေါက်မှုတ်နည်းအတိုင်း လက်ခေါက်မှုတ်ပြနေသေးတယ်။ သူ နှစ်သက်သဘောကျလို့ လက်ခေါက်မှုတ်အားပေးခဲ့တဲ့ သံချပ်အဖွဲ့ဟာ ဘယ်အဖွဲ့များ ဖြစ်မှာပါလိမ့်။ ဒဿဂီရိလား ဗိုလ်သခင်ဆရာလား။

နွယ်နီတို့ ဝင့်ဝင့်တို့က လက်ခေါက်မှုတ်တတ်တဲ့ မမဆွေကို တအံ့တဩ ကြည့်နေကြတယ်။ ဂျစ်ကားတွေနဲ့ လည်ကြသူတွေက အများစုတဲ့။ လင့်ရိုဗာကားနဲ့ သင်္ကြန်လည်တယ်ဆိုတာ တော်ရုံလူ မလည်နိုင်ဘူး။ မသင်းသင်းဆွေ ပြောတဲ့အထဲမှာ ဂျစ်ကားစက်အဖုံးကို အစုတ်အဟောင်းငှားပြီးတော့ လည်ကြတဲ့အကြောင်း၊ မြန်မာရိုးရာဆိုင်းဝိုင်း၊ ခေတ်မီတူရိယာဝိုင်းတွေ စင်ပေါ်တင်ပြီး သင်္ကြန်ယိမ်းကို ဝဲဆိုင်း ယာဆိုင်းနဲ့ ကကြတဲ့အကြောင်းလည်းပါတယ်။

ပိတောက်ချစ်သူတွေအတွက်တော့ ပိတောက်ဟာ မွှေးမြဲ လှမြဲ ကြည်မွေ့စရာကောင်းမြဲ။

mgyoe.com

"မန္တလေးတစ်မြို့လုံး ပွင့်သမျှပိတောက်တွေထဲမှာ စိန်ပန်းရပ်နဲ့ ဂေါဝိန်ဆိပ်က ပိတောက်ပန်းက အရောင်လည်း ရင့်တယ်။ အမွှေးလည်း အမွှေးဆုံး"

တချို့ကတော့ ပိတောက်ကိုမှ မဟုတ်ဘူး။ ပိတောက်ရဲ့အဖော် နွေရဲ့လက္ခဏာ ငုဝါတွေကိုလည်း မြတ်နိုးကြသေးတယ်။

'အဲဒီ ပိတောက်ချစ်သူတွေ၊ ငုချစ်သူတွေထဲမှာ မသင်းသင်းဆွေ တစ်ယောက် ရှေ့နားက ပါတယ်။

"ခင်ဗျားဗျာ…ပိတောက်လည်းကြိုက်၊ ငုဝါလည်းကြိုက်၊ အပျိုကြီး ပိပိ အကုန်လျှောက်ကြိုက်တာပဲ"

"အို…ဘာဆိုင်လို့တုံး"

"ဒါဆိုရင် ပိတောက်ရော ငုရော ဘာလို့ ကြိုက်တာလဲဗျာ"

"အဲဒါတွေအားလုံးက ရွှေဝါရောင်တွေမို့ ကြိုက်တာ"

လေပွေတွေက ရွက်ကြွေတွေကို သယ်ဆောင်လာတယ်။ ရွက်ကြွေတွေက နွေဦးကို သယ်ဆောင်လာတယ်။ နွေဦးက သီချင်းသည် ဥဩကို ခေါ်ယူလာတယ်။ ဥဩက ရွှေပိတောက်နဲ့ ငုဝါတွေကို သယ်ဆောင်လာတယ်။ ရွှေပိတောက်နဲ့ ငုဝါတွေက နှစ်သစ်ကို ဆောင်ယူလာလိမ့်မယ်။

နှစ်သစ်မှာ မြန်မာပြည်သူများ ကိုယ်စိတ်ရွှင်လန်း ချမ်းမြေ့ကြပါစေ။ ။

***

mgyoe.com

mgyoe.com

## ကျွန်တော့်မှာ ပိတောက်ပင်ပျိုလေးတစ်ပင်ရှိတယ်

ကျွန်တော့်မှာ ပိတောက်ပင်ပျိုလေးတစ်ပင်ရှိတယ်။ သူ့ခမျာ သူများ ပိတောက်ပင်တွေလို မြေကြီးကျယ်ကျယ်ပေါ်မှာ ပေါက်ရောက်ရတဲ့ ပိတောက်ပင်ကလေးမဟုတ်ဘဲ ပလက်ဖောင်းပေါ်မှာ ပေါက်ရောက်ရတဲ့ သစ်ပင်လေးဆိုတော့ ကြီးသင့်သလောက် မကြီးရရှာဘူး။

တစ်နေ့ စည်ပင်သာယာက ပလက်ဖောင်းပေါ်မှာ တစ်ထွာတစ်မိုက် ပတ်လည်လောက် ကျင်းလေးတွေ၊ တစ်ကျင်းနဲ့တစ်ကျင်း ပေနှစ်ဆယ် လောက် ဆယ့်ငါးပေလောက်ခြားပြီး လာတူးတယ်။ ကြည့်ရတာ အရိပ်ရ အပင်လေးတွေ စိုက်မလို့ထင်ပါရဲ့။

ဒါပေမဲ့ ရက်ကို လသာစားသွားပါလေရော ဘာပင်မှ လာမစိုက် ဖြစ်ဘူး။ တချို့အိမ်တွေကဆိုရင် လမ်းသွားလမ်းလာတွေ ခြေကျွံကျမှာ စိုးလို့ သူတို့အိမ်ရှေ့က ကျင်းလေးတွေ အသာပြန်ဖို့ထားလိုက်ကြတယ်။

ကျွန်တော်ကတော့ ပျိုးပင်တွေရောင်းတဲ့ မရန်းခြံဆိပ်က မိတ်ဆွေ ကိုစိုးဝင်းရဲ့ နှလုံးသားဥယျာဉ်ဆိုတဲ့ ပျိုးခြံကိုသွားပြီး ပိတောက်ပင်လေး တစ်ပင် ဝယ်ခဲ့တယ်။ ဝယ်ပြီးပြီးချင်း မစိုက်ဖြစ်သေးပါဘူး။ မိုးရွာမယ့် ရက်ကို စောင့်ရတယ်။ ရာသီဥတုကလည်း အတော်ကို ပူပြင်းတယ်လေ။ စာနယ်ဇင်းတွေထဲမှာ သစ်ပင်စိုက်ကြဖို့ နှိုးဆော်တဲ့စာတွေ ခဏခဏ ဖတ်မိ

mgyoe.com

mgyoe.com

တယ်။ ဒါပေမဲ့ မိုးလေးလည်း ရွာထားဦးမှဆိုပြီး မိုးအကျကို စောင့်နေလိုက်တာ၊ သူတို့တူးထားတဲ့ ကျင်းလေးကိုလည်း ပိုပြီးနက်အောင် ထပ်တူးလိုက်တော့မှ သူတို့တစ်တွေ ဘာဖြစ်လို့ တိမ်တိမ်လေး တူးသွားခဲ့ကြတယ်ဆိုတာ သဘောပေါက်မိတယ်။ ပလက်ဖောင်းပေါ်မှာ ကျင်းတစ်ကျင်း တူးရတာ မလွယ်လှပါလား။ အောက်မှာ ကျောက်တုံးကျောက်ခဲတွေက အများသား။ ကျွန်တော်စိုက်ပျိုးချင်တဲ့ ပိတောက်ပင်လေး ကျောက်တုံး ကျောက်ခဲတွေအကြားမှာ ရှင်သန်ဖို့ တော်တော်ခက်ခက်ခဲခဲ ရုန်းကန်ရတော့မှာပဲ။

ကျင်းထဲ ကျောက်တုံးကျောက်ခဲတွေကို ကိုယ့်ရှိတဲ့ သံတူရွင်းနဲ့ ကိုယ်စွမ်းရှိသလောက် တူးဖဲ့ပြီး မြေဆွေးထည့်ထားလိုက်တယ်။ သစ်ပင်စိုက်တဲ့အခါ ဒီလို မြေအရင်နှပ်ရသလား၊ နှပ်ဖို့လိုသလားတော့ ကျွန်တော် မသိ။ ပလက်ဖောင်းပေါ်က ကျင်းထဲမှာ ခြေချော်မကျ၊ ခြေမကျွံအောင် မြေဆွေးတွေဖြည့်ပြီး မိုးအရွာကို စောင့်နေမိတယ်။

မိုးက ကျတော့ကျပါရဲ့၊ တစ်ပေါက်နှစ်ပေါက် ကျဲကျဲပါးပါးပဲ ရွာသွားလေတော့ ပင်ပျိုလေးကို စိုက်ရမှာ မရဲသေးဘူး။ ဩော် မိုးရယ်… သည်းသည်းသာ ရွာလိုက်ပါတော့။

တစ်နေ့တော့ မိုးသည်းသည်းရွာပါလေရော၊ ပူပြင်းအိုက်စပ်နေချိန်မှာ ဝန်းကျင်တစ်ခုလုံး အေးသွားအောင် ခပ်သည်းသည်း ရွာတဲ့မိုးမို့ ဒီမိုးကို လူအများက ကျေးဇူးတင်ကြလိမ့်မယ်။ ကြိုဆိုကြလိမ့်မယ်။ လူတွေ ပျော်ကြ ဝမ်းသာကြတာပေါ့။ အဲဒီအထဲမှာ ကျွန်တော်လည်း ပါတယ်။ ဇွန်လ (၁၉) ရက်နေ့ ညနေစောင်းမှာ ပိတောက်ပင်လေးကို မှတ်မှတ်ရရ စိုက်ခဲ့တယ်။

အစ္စရေးလူမျိုးတွေမှာ အတုယူချင်စရာကောင်းတဲ့ ယဉ်ကျေးမှုဓလေ့ ထုံးစံတစ်ခုရှိတယ်။ သူတို့ခမျာ သဲကန္တာရကြီးထဲမှာ ကြီးပြင်းရှင်သန်ရတာ မဟုတ်လား။ ဒီတော့ ဘိုးကြီးဘွားကြီး မိအိုဖအို ဒါမှမဟုတ် မိဘမောင်ဖွားတစ်ယောက်ယောက် ကွယ်လွန်အနိစ္စရောက်ရင် ကွယ်လွန်သူအတွက် ရည်စူးပြီး သစ်ပင်တစ်ပင် စိုက်ကြတယ်။ လူ့လောကထဲကို လူသားအသစ်ကလေးတစ်ယောက် ရောက်ရှိလာရင်လည်း သူ့ကိုမွေးဖွားတဲ့ အထိမ်း

mgyoe.com

mgyoe.com


အမှတ်အဖြစ် သစ်ပင်စိုက်လေ့ ရှိကြတယ်။ မောင်နဲ့မယ် နှစ်ပါးဂဟေဆက်ရင်လည်း မင်္ဂလာသစ်ပင်စိုက်ကြတယ်။ ကျွန်တော်ကတော့ အစ်မကြီးတစ်ယောက်ရဲ့ မွေးနေ့အထိမ်းအမှတ်အနေနဲ့ စိုက်လိုက်တာလေ။

ပိတောက်ပင်ပျိုလေးခမျာ ပလတ်စတစ်ပျိုးထုပ်ထဲမှာ သူ့အမြစ်တွေဟာ ကျပ်ညပ်လှောင်ပိတ်နေရာကနေ အခုဆိုရင် သူ လွတ်လွတ်လပ်လပ်ကျယ်ကျယ်ပြန့်ပြန့် ခြေဆန့်ခွင့်ရသွားပြီ။ မြေဆွေးထဲမှာပါဝင်တဲ့ ဩဇာဓာတ်တွေ သူစားသောက်ရတော့မယ်။

ပိတောက်ပင်လေးကို ဝယ်လာတုန်းက အလျဉ်းသင့်ရင် လာမယ့်သင်္ကြန်ကာလမှာတောင်မှ အပွင့်လေးတွေ ပွင့်နိုင်တယ်လို့ ပြောလိုက်တယ်။ ရွှေရည်လူးတဲ့ ပန်းပိတောက်ကို ချစ်ကြ၊ မြတ်နိုးကြသူတွေ များပါတယ်။ အဲဒီအထဲမှာ ကျွန်တော်လည်း တစ်ယောက်အပါအဝင်ပေါ့။

အရိပ်အာဝါသကောင်းတဲ့ ပိတောက်ပင်ကြီးတွေ အရွက်တွေ အဆင့်ဆင့်ထပ်လို့ နေပြောက်မထိုးနိုင်တဲ့ ပိတောက်ရိပ်ရဲ့ အေးမြမှုကို ခံစားသဘောကျခဲ့ဖူးတယ်။ ခဲတံလုံးလောက် ပိတောက်ကိုင်းလေးနှစ်ကိုင်းနဲ့ အမြင့်သုံးပေလောက်ပဲ ရှိသေးတဲ့ ကျွန်တော့် ပိတောက်ပင်လေးကိုကြည့်ပြီး အတွေးတွေ ဖြန့်မိတယ်။

တံတားဦးနယ်ကနေ တက်လာကြတဲ့ ထန်းရည်သည်တွေဟာ ထန်းရည်ချိုပုံးကြီးတွေနဲ့ ရောက်လာကြပြီး ကျွန်တော်တို့အိမ်ရှေ့မှာ ကားတစ်ဆင့်ပြောင်းစီးကြရတာ။ စစ်ကိုင်းချောင်က သီလရှင်လေးတွေလည်း အဝေးဖိတ်ဆိုရင် ကားတွေနဲ့ ထိုးဆိုက်လာကြတာလည်း ဟောဒီနေရာပဲပေါ့။ မုန့်ဖက်ထုပ်သည်၊ အကြော်သည်၊ ခိုတောင်မုန့်တီသည်တွေ နေရိပ် ခိုချင်စရာအရိပ်ကောင်း ပေးစွမ်းနိုင်တော့မယ့် ကျွန်တော့်ပိတောက်ရိပ်မှာ ချွေးသိပ်ခိုကြပါစေ။ ဘုရားတင်ဖို့ ပန်းလှူစို့၊ ချစ်သူပန်ဖို့ ရူးချွေစို့။ ကျွန်တော့်ပိတောက်ပင်က လက်တစ်ဆစ်လောက်နဲ့ ကျွန်တော် စာစပ် နေမိတယ်။

*လတန်ခူးပေမို့*
*အလှထူးပါဘိ*
*မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါ*

mgyoe.com

mgyoe.com


"မင်းပိတောက်ပင်က ကြီးမှာ လှမှာ မဟုတ်ပါဘူးကွာ။ မင်းစိုက်ထားတာ တယ်လီဖုန်းကြိုး၊ ဝါယာကြိုးတွေရဲ့အောက်မှာ တည့်တည့်ကြီး။ မိုးဦးလေဦးကျရင် လျှပ်စစ်ဌာန၊ တယ်လီဖုန်းဌာနက မင့်ပိတောက်ကိုင်းတွေ ခုတ်ပစ်လိမ့်မယ်"

ကျွန်တော့်ထက် အသက်လည်းကြီး အတွေ့အကြုံလည်းများတဲ့ ရပ်ကွက်လူကြီးတစ်ယောက်က စေတနာဗရပွနဲ့ နိမိတ်လာဖတ်တာ ခံလိုက်ရတယ်။

ခက်တော့ အခက်သား၊ စည်ပင်သာယာက ခင်းထားတဲ့ ပလက်ဖောင်းပေါ်မှာ စည်ပင်သာယာက တူးထားတဲ့နေရာမှာ သူများတကာတွေ ပြန်ဖို့ ပစ်နေကြလို့ ကိုယ်က စိုက်မိပါတယ်။ ပိတောက်ပင်လေးခမျာ သနားပါတယ်။

မိုးတွေက ရွာထားလို့ မြေတွေက စိုအိနေ၊ မနေ့ညက ပျိုးထုတ်ပြေပြီး လက်ဆေးရေရွှဲရွှဲလောင်းထားတဲ့ ပိတောက်ပင်ပျိုလေးကို မနက်စောစောမှာ ရေလောင်းရင်း ပီတိဖြစ်နေမိတယ်။

မနက်တိုင် ဈေးဝယ်ထွက်လေ့ရှိတဲ့ အိမ်နားနီးချင်း ဒေါ်ဒေါ်သန်းရှိန်က ပိတောက်ပင်လေးရော၊ ရေဖလားကိုင်ထားတဲ့ ကျွန်တော့်ကိုရော ကြည့်ပြီး–

"ဘာလဲ ရပ်ကွက်နဲ့ရန်ဖြစ်ချင်လို့ ပိတောက်ပင် စိုက်တာလား"

မနက်ခင်းစောစောစီးစီး ကိုယ်စိုက်ထားတဲ့ ပိတောက်ပင်လေးကို ကြည့်ပြီး ပီတိဖြစ်နေ၊ ကြည်ကြည်နူးနူးခံစားချိန်မှာ ဒေါ်ဒေါ်သန်းရှိန်ပြောစကားကို ကြားလိုက်ရတာ နားထဲမှာ ကန့်လန့်ဖြတ်ဝင်သွားသလိုပဲ။

ကျွန်တော့်စေတနာကို ဒီအဘွားကြီး နားမလည်ရှာဘဲကိုး။ ဒီပိတောက်ပင်လေးက ကျွန်တော်နဲ့ ကျွန်တော့်မိသားစုအတွက်ပဲ စိုက်ခဲ့တာမှ မဟုတ်ဘဲ။ အများတကာ အရိပ်ခိုဖို့။ ရွှေရည်လူးတဲ့ ရွှေပိတောက်တွေ သူငါ ပန်ဆင်ဖို့၊ ဘုရားတင်လှူဖို့လေ။ အခုလောလောဆယ်တော့ ကျွန်တော်ဟာ ရပ်ကွက်သူ ရပ်ကွက်သား၊ လမ်းသွားလမ်းလာတွေနဲ့ ရန်မဖြစ်ရဘဲ ဒီအဘွားကြီးနဲ့ ရန်ဖြစ်ရတော့မယ် ထင်တယ်။

mgyoe.com

mgyoe.com


အဘွားကြီးသွားလေရာ နောက်က တကောက်ကောက်လိုက်လေ့ရှိတဲ့ မုန်းစရာကောင်းတဲ့ သူ့အမွေးပွခွေးစုတ်လေးက ကျွန်တော့် ပိတောက်ပင်လေးကို နမ်းကြည့်ပြီး သေးနဲ့ ပန်းသွားတယ်။

ဒါပေမဲ့ ခေါ်ခေါ်သန်းရိုန့်တို့နဲ့ ကျွန်တော် ရန်မဖြစ်ပါဘူး။ သူ့စကားကို ဟန်လုပ်ပြုံးပြီး နားထောင်နေလိုက်တယ်။

ပိတောက်ပင်ပျိုလေးကို မနက်တိုင်း ရေလောင်းလေ့ရှိတဲ့ ကျွန်တော့်ကို ဘာလဲကွ ကမ္ဘာကြီးပူနွေးလာမှုကို မင်းက ဒီသစ်ပင်လေးတစ်ပင်ကို ခံတပ်လုပ်ပြီး ခုခံကာကွယ်မယ်လို့ လုပ်နေတာပေါ့လေဆိုတဲ့ အကြည့်နဲ့ ကြည့်သူတွေလည်း ရှိကြလိမ့်မယ်။

ကျွန်တော်ဟာ ပင်လယ်ကမ်းစပ်မှာ တင်ကျန်ရစ်ခဲ့တဲ့ ကြယ်ငါးလေးတွေကို ကောက်ယူပြီး ပင်လယ်ထဲ ပြန်လွှင့်ပစ်နေသူလား။

ကျွန်တော့်ပတ်ဝန်းကျင်မှာ ရှိကြတဲ့သူတွေ ကျွန်တော်နဲ့ ပိတောက်ပင်လေးကို သူတို့ ထင်ချင်သလို ထင်ကြပါစေ။ သူတို့မှာ လွတ်လွတ်လပ်လပ် ထင်မြင်ခွင့်ရှိတယ်လေ။

ကိုယ်ပြုစုစိုက်ပျိုးထားတဲ့ သစ်ပင်လေး တရိပ်ရိပ် ကြီးထွားမြင့်မားလာတာကို စောင့်ကြည့်ရတဲ့ အရသာဟာ သိပ်ကြည်နူးဖို့ကောင်းသလို ပျော်ဖို့လည်းကောင်းတယ်။ ဒီအရသာဟာ စာဖွဲ့ဖို့ခက်လှတယ်။ လူ့စိတ်ဆိုတာ အခက်သားကလား။ ကိုယ့်ပိတောက်ပင်လေး မြေမှာစွဲတာလည်း သေချာရော သူများအိမ်ရှေ့က ပြန်ဖို့ထားတဲ့ ကျင်းကလေးတွေထဲ သစ်ပင်ကလေးတွေ စိုက်ချင်စိတ် ပေါ်ပြန်ရော။ သူတို့ ကြိုက်မှန်းမသိ မကြိုက်မှန်းမသိ။ ဒါပေမဲ့ သူတို့လည်း သစ်ပင်စိုက်ချင်စိတ်ပေါ်လာအောင် ပြောကြည့်ရဦးမှာပဲ။ သူတို့က စိုက်ခွင့်ပြုရင် စိုက်ပေးလိုက်ဦးမယ်။ ရေလည်း ကိုယ့်သစ်ပင်လေးလို့ အောက်မေ့ပြီး ဂရုစိုက်လောင်းပေးလိုက်ဦးမယ်။

ပြောပြီးပါပကော။ ကိုယ်ပြုစုစိုက်ပျိုးထားတဲ့ သစ်ပင်လေး တရိပ်ရိပ်ကြီးထွားမြင့်မားလာတာကို စောင့်ကြည့်ရတဲ့အရသာဟာ သိပ်ကြည်နူးဖို့ကောင်းသလို ပျော်ဖို့လည်း ကောင်းတယ်။ စာဖွဲ့ဖို့ ခက်လှတယ်လို့ . . .။

ကျွန်တော့်မှာ ပိတောက်ပင်ပျိုလေးတစ်ပင်ရှိတယ်။ ။

mgyoe.com

mgyoe.com

## မြစိမ်းရောင်ကမ္ဘာည်း

ကျွန်တော့်မှာ မိတ်ကောင်းဆွေကောင်းတွေ အများကြီးရှိပါတယ်။ အဲဒီအထဲက သူတို့ကိုယ်သူတို့ ဂါးဒင်းနားစ်(ဥယျာဉ်မှူးများ)လို့ အမည်ပေးထားတဲ့ မိတ်ဆွေတစ်စုလည်း ပါဝင်တယ်။

သူတို့အထဲက ကိုသန်းနိုင်ဦးဆိုတဲ့ စာနယ်ဇင်းသမား တွဲဖက်ကျောင်းဆရာလူထွက်နဲ့ စပြီး မိတ်ဆွေဖြစ်ကြတယ်။ ဒီလူငယ်က "ကိုညီပုလေး လမ်းနံဘေးမှာ တောင်းရမ်းနေတဲ့ကလေးတွေ၊ လေလွင့်နေတဲ့ ကလေးတွေ၊ အရွယ်မရောက်သေးဘဲ လုပ်ငန်းခွင်ဝင်နေတဲ့ ကလေးတွေ တွေ့ရင် ဘယ်လိုခံစားရသလဲ"လို့ မေးဖူးတယ်။

သိပ်ပြီး အချိန်ဆွဲ စဉ်းစားမနေပါဘူး။ ချက်ချင်းပဲ

"သားသမီးချင်း စာနာမိတယ်၊ စိတ်မကောင်းဘူး"

"ဒါပဲလား"

"သူတို့ ဒီဘဝက လွတ်မြောက်စေချင်တယ်"

"ကျွန်တော်တို့ကတော့ စာသင်ချင်ပါလျက်နဲ့ လမ်းနံဘေးရောက် လုပ်ငန်းခွင်ထဲရောက်သွားမယ့် ကလေးတွေ အရေးအတွက်နည်းအောင် တတ်နိုင်သမျှ လုပ်နေကြတယ်"

"ကောင်းသားပဲဗျ၊ ကိုသန်းနိုင်ဦး ဘယ်လိုလုပ်နေကြတာလဲ"

mgyoe.com

mgyoe.com


"တစ်မြို့လုံးက ကလေးတွေတော့ မတတ်နိုင်ဘူးဗျာ၊ ကိုယ့်လက်လှမ်းမီသလောက်ပေါ့"

"ဟုတ်လား၊ ခင်ဗျားတို့က ဘယ်လောက်လက်လှမ်းမီသလဲ"

"ကျွန်တော်တို့မှာ ဂါးဒင်းနားစ်ဆိုတဲ့ အဖွဲ့လေးရှိတယ်။ စိတ်တူကိုယ်တူ သူငယ်ချင်းတွေ စုထားကြတာ။ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွေမှာရှိကြတဲ့ နွမ်းပါးတဲ့ကလေးတွေ၊ မိဘမဲ့ကလေးတွေကို ကျွန်တော်တို့က စာသင်ပေးတယ်။ ဗလာစာအုပ်တွေ ခဲတံတွေ ထောက်ပံ့တယ်။ ပြီးတော့ အဲဒီဘာကကျောင်းတွေမှာ စာသင်နေကြတဲ့ ဆရာ၊ ဆရာမတွေကိုလည်း မွမ်းမံသင်တန်းတွေ စီစဉ်ပေးတယ်"

"ဟုတ်လား၊ စိတ်ဝင်စားစရာပဲ"

"ဒီလိုပါ၊ ကျွန်တော်တို့ တစ်ယောက်ကို လစဉ် (၁၅၀၀)ကျပ်ရန်ပုံငွေထည့်ကြတယ်။ အဲဒီငွေနဲ့စုပြီး ကလေးတွေကို ပြုစုပျိုးထောင်တာပါ။ စာသင်ပေးနိုင်တဲ့အဖွဲ့ဝင်က ကိုးယောက်တောင်ရှိတယ်။ ကျန်တဲ့အဖွဲ့ဝင်တွေက ကျွန်တော်တို့လုပ်နေကြတာတွေကို သဘောကျလို့ ပါဝင်ကူညီကြတဲ့လူတွေပါ။ အားလုံး အယောက်ကိုးဆယ်နီးပါးရှိတယ်။ ဈေးသူဈေးသားတွေလည်း ပါတယ်။ စက်မှုလက်မှုလုပ်ငန်းရှင်တွေလည်း ပါတယ်။ ကုမ္ပဏီဝန်ထမ်း၊ စာရေးစာချီတွေလည်း ပါတာပေါ့။ ပြီးတော့ ကုန်သည်ပွဲစားတွေလည်း ပါတယ်လေ"

"ကျွန်တော်လည်း ပါချင်လို့ ရမလား"လို့မေးတော့ ကိုသန်းနိုင်ဦးက

"ဝဲလ်ကမ်းပါပဲ၊ ကိုညီပုလေးကတစ်ဆင့် ဒီပြင်ကလေးသူငယ်ပြုစုပျိုးထောင်တာ စိတ်ဝင်စားမယ့်သူတွေကိုလည်း ဒီအကြောင်း ပြောပြပါဦး"

ဒီလိုနဲ့ ကျွန်တော်ဟာ ဥယျာဉ်မှူးဆိုတဲ့ လူငယ်တွေနဲ့ ဆက်သွယ်မိပြီး လစဉ် (၁၅၀၀) ကျပ်လောက်ကို မပင်မပန်း ထည့်ဝင်နိုင်မယ့် မိသားစုငါးစုကို ဆွေးနွေးကြည့်တယ်။ သူတို့လည်း စိတ်ဝင်စားကြတယ်။ ဥယျာဉ်မှူးအသစ်တွေ တိုးလာတာပေါ့။

ဥယျာဉ်မှူးတွေနဲ့ ခင်မင်ရင်းနှီးရာက သူတို့အဖွဲ့ဝင်ထဲက ဆရာမ

mgyoe.com

mgyoe.com


ငြိမ်းအိစံနဲ့ ထပ်ပြီးသိကျွမ်းရတယ်။ ဒီဆရာမလေးက ကလေးတွေကို အင်္ဂလိပ်စာသင်ပေးတယ်။ တစ်ပတ်ကို တစ်ချိန်သင်ပေးတယ်။ ကလေးကို စာသင်ပေးနေတဲ့ ဘကကျောင်းက ဆရာ ဆရာမတွေကိုလည်း သင်ကြားနည်းအသစ်တွေ မွမ်းမံသင်ပေးသေးတယ်။ ကလေးတွေအတွက် ခဲတံတွေလည်း အိမ်ကနေပြီး ချွန်ယူလာသေးတယ်။ ကလေးတွေ ခဲတံမပါလို့ စာမရေးရဘူး မရှိစေရဘူး။ ခွက်ကြီးတစ်ခွက်ထဲ ချွန်ပြီးသားခဲတံတွေ ယူလာပြီး စာသင်တော့တာပဲ။

ဥယျာဉ်မှူးတွေရဲ့ နောက်ထပ်ပြုစုပုံတစ်မျိုးက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းက ကျောင်းသူကျောင်းသားတစ်ယောက်ကို စာသင်နှစ်တစ်နှစ်တာ တာဝန်ယူမယ်ဆိုရင် တစ်နှစ်အတွက် ပညာသင်စရိတ် (၅၀၀၀) ကျပ် ထည့်ဝင်ရမယ်တဲ့။ သူတို့ရဲ့ရည်ရွယ်ချက်က နှစ်တန်းနဲ့ ကျောင်းထွက်ရမယ့်ကလေးကို သုံးတန်းအထိ ဆက်ပညာသင်ရအောင်လို့။ ငါးတန်းနဲ့ ထွက်ရမယ့်ကျောင်းသား ခြောက်တန်းပညာလေး ရသွားစေချင်လို့တဲ့။

ကျွန်တော်လည်း ကျောင်းသူကျောင်းသားသုံးယောက် တာဝန်ယူပါရစေဆိုတော့ ဆရာမက ဝမ်းပန်းတသာပါပဲ။ နောက်နှစ်မှာ ကျွန်တော်လှူမယ်ဆိုတော့လည်း ဒီကလေးတွေ ရချင်မှရမှာပါတဲ့။ ကလေးတွေထဲမှာ မောင်နှမလည်း ပါတယ်။ ညီအစ်ကိုလည်း ပါတယ်။ မြန်မာပြည်အစွန်အဖျား ကျိုင်းတုံတို့ ပူတာအိုတို့ကလည်း ပါတယ်လေ။ နာဂစ်မုန်တိုင်းခံဒေသက ကလေးတွေတောင် ပါသတဲ့။ ကျွန်တော်နဲ့ ရေစက်ရှိလို့ဆုံရတဲ့ သံသရာခရီးသည်တွေလို့ ထင်ချင်စရာပဲ။ အဲဒီနည်းနဲ့ စုစည်းတဲ့အခါ တချို့က ကျောင်းသူကျောင်းသားနှစ်ယောက် တာဝန်ယူသူနဲ့၊ တချို့က ငါးယောက်၊ တချို့က ဆယ်ယောက် တာဝန်ယူကြသတဲ့။ သာဓုခေါ်စရာကောင်းတဲ့ အလုပ်ပါပဲ။ ကလေးတွေ ပျော်ရွှင်စေဖို့၊ အသိဉာဏ်ရစေဖို့၊ ကျန်းမာရေးဆိုင်ရာအသိပညာ ဟောပြောတာတွေ လုပ်တာတို့၊ မျက်လှည့်ပညာရှင်တွေ ခေါ်ပြတာတို့၊ မန္တလေးမြို့ဝန်းကျင် လေ့လာရေးခရီးတို့ကိုလည်း စီစဉ်ကြသတဲ့လေ။

ဆရာမငြိမ်းအိစံကနေတစ်ဆင့် ထပ်သိရတဲ့ မိတ်ဆွေကောင်းလေးက

mgyoe.com

mgyoe.com


တော့ ကျွန်တော့်မြေးအရွယ် ကျောင်းသူလေးတစ်ယောက်ပဲ။ သူ့နာမည်က မနွယ်နီလှိုင်တဲ့။ ဒီကျောင်းသူလေး ဒီနှစ် ခြောက်တန်းတက်ရတော့မယ်။ ဒီကလေးမှာ ချစ်စရာကောင်း၊ အတုယူစရာကောင်း၊ အကျင့်ကောင်းလေး တစ်ခုရှိတယ်။

မနွယ်နီလှိုင်ခမျာမှာ ပြည့်ပြည့်စုံစုံ အသိုင်းအဝိုင်းက ကျောင်းသူလေးတစ်ယောက်တော့ မဟုတ်ရှာဘူး။ ဥယျာဉ်မှူးများက ပြုစုယုယလို့ ခြောက်တန်းအထိ ပညာသင်နိုင်တဲ့ ကျောင်းသူမလေးတစ်ယောက် ဖြစ်တယ်။ သူကျောင်းစတက်တုန်းက သူ့ခမျာ သူငယ်တန်းဖတ်စာအုပ် မဝယ်နိုင်ရှာဘူး။ ဆရာက သူနဲ့ကပ်လျက်ထိုင်တဲ့ ကျောင်းသူတစ်ယောက်နဲ့ သူငယ်ချင်းနှစ်ယောက်မျှပြီး ဖတ်စာအဖတ်ခိုင်းခဲ့ရတယ်တဲ့။

ကျွန်တော် စဉ်းစားကြည့်မိတယ်။ သူ့ခမျာ ဒီ့ပြင်ကျောင်းသူ ကျောင်းသားတွေလို ကိုယ်ပိုင်ဖတ်စာအုပ်လေး ပိုင်ချင်ရှာမှာပါပဲ။ ဥယျာဉ် မှူးများနဲ့ တွေ့ရဆုံရတော့မှ ဖတ်စာအုပ်အသစ်လေး ကိုင်ခွင့်ရရှိတော့တယ်တဲ့။ ဒါလည်း စာသင်နှစ်တစ်ဝက် ရောက်ခါနီးမှလေ။

ကျောင်းဖွင့်တဲ့အခါ နွယ်နီလှိုင် ခြောက်တန်းတက်ရတော့မယ်။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ စတဲ့ ဘာသာရပ်ဆိုင်ရာ ဖတ်စာအုပ်အသစ်တွေ ဥယျာဉ်မှူးတွေကတစ်ဆင့် သူရတယ်။ ဆရာမငြိမ်းအိစံက ဒီကျောင်းသူလေး ဖတ်စာအုပ်တွေကို ရှိရှိသေသေ ကိုင်လေ့ရှိတယ်လို့ပြောပြီး ကျွန်တော့်ကို မိတ်ဆက်ပေးတယ်။ ခြောက်တန်းကျောင်းသူလေးဆိုပေမဲ့ သူ့ခန္ဓာကိုယ်ဖွံ့စည်းပုံက လေးတန်းကျောင်းသူ သာသာလောက်ပဲ ရှိသေးတယ်။ ပခုံးမှာ လွယ်ထားတဲ့ လွယ်အိတ်ထဲကို လှမ်းကြည့်လိုက်တော့ ဂျာနယ်အဟောင်းတွေနဲ့ သပ်သပ်ရပ်ရပ်ဖုံးအုပ်ထားတဲ့ သူ့စာအုပ်တွေကို လှမ်းမြင်ရတယ်။ လွယ်အိတ်ထဲက ဖတ်စာအုပ်တစ်အုပ်ကို ထုတ်ကြည့်လိုက်တယ်။ ဖတ်စာအုပ်ရဲ့ ပထမစာမျက်နှာ အပေါ်ပိုင်း ညာဘက်ထောင့်မှာ သူ့နာမည်လေးကို သူ့ မပိုင်းစက်တဲ့လက်ရေးလေးနဲ့ ရေးထားတယ်။ ခဲတံနဲ့ ခပ်ဖွဖွလေး မထင်မရှား ရေးထားတာလေ။

''သမီးလေး စာကြိုးစားနော်''လို့ပြောပြီး အတန်းထဲကို ပြန်လွှတ်

mgyoe.com

mgyoe.com


လိုက်တယ်။

"နာမည်ကို ခဲတံနဲ့ ဘာလို့ ဖွဖွရေးထားတာလဲသိလား ကိုညီပုလေး"

"ကျွန်တော်ဖြင့် မတွေးတတ်အောင်ပဲ ဆရာမ"

"ဒီကလေးက စာကြိုးစားတယ်။ စာမေးပွဲလည်း နှစ်စဉ် ထူးထူးချွန်ချွန်အောင်တဲ့ကလေး။ အောင်စာရင်းထွက်တဲ့အခါ သူ့ဖတ်စာအုပ်တွေကို အတန်းပိုင်ဆရာမလက်ထဲ သွားအပ်တယ်။ နွယ်နီလှိုင့်စာအုပ်တွေက အသစ်နီးနီး လတ်သေးတာ။ သူ့လိုပဲ ဖတ်စာအုပ်အသစ်မဝယ်နိုင်တဲ့ ကျောင်းသူကျောင်းသားတွေ ကိုင်ရအောင်လို့၊ အဲဒီအခါ သူ့စာအုပ်ရတဲ့ ကလေးက နာမည်ကို ဖျက်မယ်ဆိုရင် ခဲဖျက်နဲ့ အလွယ်တကူ ဖျက်နိုင်အောင်လို့ ခဲတံနဲ့ ခပ်ဖွဖွရေးထားတာ"

ဆရာမစကားလည်း ဆုံးသွားရော ကျွန်တော့်ခန္ဓာကိုယ်မှာ ကြက်သီးမွေးညင်း ထသွားတယ်။ ဒီလိုကလေးမျိုး လောကမှာ အများကြီးရှိရင် ကောင်းမှာပဲ။

တချို့ပုဂ္ဂိုလ်တွေက ကမ္ဘည်းကျောက်စာတွေထိုးပြီး အလှူကြီး အတန်းကြီးတွေ ပေးကြတယ်။

တချို့လူတွေကတော့ ရောမအလှူအတန်းကြီးတွေ မပေးနိုင်ခင်မှာ ကိုယ်တတ်စွမ်းသမျှ ကုသိုလ်ပြုကြတယ်။ ကျွန်တော်လည်း ကိုယ်စွမ်းနိုင်သမျှ ကုသိုလ်ပြုမိတယ်။

မရှိဆင်းရဲတဲ့ ကလေးသူငယ်များလည်း ပညာရည်နို့ စို့နိုင်ကြပါစေ။ ။

***

mgyoe.com

mgyoe.com

## ကြမ်းခင်းဈေး

၁၉၉၀ ခု၊ ဧပြီလထဲမှာ ရန်ကုန်တိုင်း စစ်ခုံရုံး အမှတ် (၄) က ငြိမ်းချမ်းပါ (၉) ဦး (?) ကို အလုပ်ကြမ်းနဲ့ ထောင်ဒဏ် (၁၀) နှစ်ချခဲ့ပါတယ်။ ထောင်ဒဏ် (၁၀) နှစ်ဆိုတာ အဲဒီအချိန်က ကြမ်းခင်းဈေး (၇) နှစ် ရှိတာကြောင့် ကြမ်းခင်းဈေးထက်တော့ ပိုမြင့်တယ်။ ဒါကြောင့် ထောင်ထဲမှာ နှစ်အတော်ကြာ နေခဲ့ဖူးတယ်။ နှစ်အတော်ကြာဆိုတာကိုတော့ လိပ်ပြာမလုံမလဲ ဖြစ်မိပါရဲ့။

နိုင်ငံရေးပြစ်မှုနဲ့ ကျခံရတဲ့ အကျဉ်းသားတွေကို ထောင်အာဏာပိုင်တွေက အလွန်ဆိုးဝါးတဲ့ ကန့်သတ်ချက်တစ်ခု ချမှတ်ထားတာရှိတယ်။ အဲဒါကတော့ ထောင်ဝင်စာလာတွေ့ရင် မိတ်ဆွေသူငယ်ချင်း ရဲဘော်တွေ တွေ့ခွင့်မရှိဘူး။ အိမ်ထောင်စုဇယား ပုံစံ (၁၀) ထဲမှာပါတဲ့ မိသားစုဝင်မှသာ တွေ့ခွင့်ရမတဲ့။ နိုင်ငံရေးပြစ်ဒဏ်ခံရသူတွေကို နိုင်ငံရေးသတင်း မကြားရအောင် စားရေးသောက်ရေး ခက်ခဲပြီး စိတ်ဓာတ်ကျဆင်းအောင် နိုင်ငံရေးအကြောဖြတ်၊ နိုင်ငံရေးသင်းသတ်တဲ့နည်းတွေထဲက တစ်ခုပါပဲ။

မန္တလေးကနေ အင်းစိန်ထောင်ကို ကျွန်တော့်မိသားစုက ဘယ်လိုလုပ် ခဏခဏ လာတွေ့နိုင်ပါ့မလဲ။ ဒါပေမဲ့ အဆိုးထဲက အကောင်းတစ်ခု ကြုံရတယ်။ ကျွန်တော်ရဲ့ အိမ်ထောင်စုစာရင်းထဲမှာ ဆရာမောင်စွမ်းရည်

mgyoe.com

mgyoe.com


ရဲ့သား မောင်ဇေယျာက စာရင်းပေါက် အင်းပေါက် ဖြစ်နေတယ်။ သူ မန္တလေးဆေးရုံကြီးမှာ ခတ်ခွဲခန်းမှူးအဖြစ် လာပြီးအမှုထမ်းတော့ ညှိ စာရင်း ခဏခဏမတိုင်ရအောင် သူ့နာမည်ကို ကျွန်တော်တို့ အိမ်ထောင်စု ဇယားထဲကို ထည့်ခဲ့မိကြလို့လေ။

အင်းစိန်ထောင် ထောင်ဝင်စာကို မောင်ဇေယျာ အခါအားလျော်စွာ လာပြီးတွေ့တယ်။ သူ့ကျေးဇူး ကျွန်တော့်အပေါ် ရှိတယ်။ ကျွန်တော့်အပေါ် တင်မကပါဘူး။ ကျွန်တော်တို့အပေါ်မှာ ရှိတယ်။ ထောင်ထဲမှာ ကျွန်တော် တို့ ရဲဘော်တွေ ထောင်ဝင်စာလာနိုင်သူက မလာနိုင်သူကို ဝေမျှကျွေးကြ စားကြတာလေ။

တစ်နေ့တော့ မောင်ဇေယျာ ထောင်ဝင်စာလာတွေ့တာ မျက်စိ မျက်နှာ သိပ်မကောင်းလှပါ။ အင်းစိန်မှာ ထောင်ဝင်စာတွေ့ရတာ အချိန်တွေ အများ ကြီး ပေးဆပ်ရလေ့ရှိတယ်။ မနက်စောစောကတည်းက လျှောက်လွှာတင် ပြီး စောင့်ပေတော့။ သူတို့မခေါ်မချင်း စောင့်ပေတော့။ ကံမကောင်း အကြောင်း မသင့်ရင် တစ်ခါတလေ ညနေစောင်းမှ တွေ့ကြရတယ်။

အဲဒီနေ့က နေ့လယ် (၂) ချက်လောက် တွေ့ရတာတောင်မှ မောင် ဇေယျာ မျက်နှာမသာမယာဖြစ်နေလို့ ကျေးဇူးရှင်ကို အကျိုးအကြောင်း မေးရတယ်။ အဲဒီတုန်းက မောင်ဇေယျာက လူပျိုဘဝ၊ အသက် (၂၀) ကျော်ကျော်လောက်ပဲ ရှိလိမ့်ဦးမယ်။ ဖြူဖြူဖောင်းဖောင်းလေး၊ ကြွပ်ကြွပ် အိတ်လေးတစ်ထုပ်နဲ့ အကြာကြီးစောင့်နေရှာတဲ့ မောင်ဇေယျာကို ထောင် ဝင်စာတွေ့ကြသူတွေ အိမ်ထောင်ရှင်အမျိုးသမီးကြီးတွေ စာနာစိတ်နဲ့ မေးကြ မြန်းကြ စူးစမ်းကြရင်း ဘဝတူချင်း ဝံသာနုကြတယ်။ တူအရွယ် သားအရွယ် မောင်အရွယ်ဖြစ်တဲ့ မောင်ဇေယျာကို နေ့လယ်စာ ကျွေးလိုက်သတဲ့။

"လူလေး၊ မင်းက ဘယ်သူ့လာတွေ့တာလဲ"

"ကိုငြိမ်းချမ်းကို လာတွေ့တာ"

"ရန်ကုန်ကလား"

"မဟုတ်ဘူး၊ မန္တလေးက"

"ဟုတ်လား၊ ဘာမှုနဲ့လဲ"

mgyoe.com

mgyoe.com


"နိုင်ငံရေးမှုနဲ့၊ ၁၇ (၁) ဆိုလား"

"ဘယ်နှနှစ်ချထားသလဲ"

"(၁၀) နှစ်"

စကားဝိုင်းက ဒီတင်ရပ်နေရင် ဘာမှမဖြစ်ဘူး။ ဒါပေမဲ့ မောင်ဇေယျာက သူစားထားတဲ့ ထမင်းနဲ့ဟင်းတွေရဲ့ မျက်နှာရော၊ မိသားစုဝင်လို နွေးထွေးတဲ့ အဒေါ်တွေ၊ အမေကြီးတွေကို စာနာထောက်ထားတယ် ထင်ပါရဲ့…

"ဒေါ်ဒေါ်တို့ကရော ဘယ်သူ့လာတွေ့တာလဲ"

"ဦး … လေ၊ … မြို့က အမတ်လောင်း"

"ဦး … အင်အယ်လ်ဒီက"

"ကို … ပြည်သူ့တိုးတက်ရေးပါတီက"

ဒီမှာ မောင်ဇေယျာ သူ့စကားကို ဒီမှာတင်ရပ်ပြီး ဒို့ပြင်အကြောင်းအရာတွေ ဥပမာ ရာသီဥတုပူပြင်းတဲ့အကြောင်း ဒါမှမဟုတ် ဘတ်စ်ကားကျပ်တဲ့အကြောင်း ဒါမှမဟုတ်ရင်လည်း ဆရာမောင်ညိုပြာလို ဓာတ်ခွဲခန်းအတွေ့အကြုံတစ်ခုခုပြောရင် ရလျက်သားနဲ့ သူ့စကားက ဒီတင်မရပ်ဘူး။

"ဦးတို့က ထောင်ဘယ်နှနှစ် ချခံရသလဲ"

အဲဒီမှာ မောင်ဇေယျာ ကျွန်တော်နဲ့တွေ့တော့ မျက်စိပျက် မျက်နှာပျက် ဖြစ်တဲ့အကြောင်း ပေါ်တော့တာပဲ။

"အစ်ကို့ထောင်ဝင်စာလာတွေ့ရတာ ကျွန်တော် မျက်နှာငယ်တယ်ဗျာ"

"ဟာ ဘာဖြစ်လို့လဲကွ၊ ငါ ကြမ်းပိုးသူခိုးမှုနဲ့ ကျတာမဟုတ်ဘူး"

"အစ်ကိုက ထောင် (၁၀) နှစ်ပဲ ကျတာ။ ကျွန်တော့်ကို နေ့လယ်စာကျွေးလိုက်တဲ့ မိသားစုတွေရဲ့ ခင်ပွန်းတွေ အစ်ကိုတွေဆိုရင် နှစ်အစိတ်၊ သုံးဆယ်၊ လေးဆယ် ကျထားကြတာ"

သြော်… မောင်ဇေယျာ မျက်နှာမငယ်အောင် ကျွန်တော် ကိုင်းကြီးကြီး မနားခဲ့မိပါလား။

မပြောကောင်း မဆိုကောင်း ဖွဟဲ့ လွဲပါစေ….ဖယ်ပါစေ…

mgyoe.com

mgyoe.com


တကယ်လို့...

ကျွန်တော်က ထောင်ထဲကို နောက်တစ်ကြိမ် ထပ်ဝင်ရတယ်ဆိုပါစို့။ ကျတဲ့နှစ်ကလည်း နှစ်အစိတ် ဒါမှမဟုတ် သုံးဆယ်ဆိုပါစို့။

ဒီတစ်ကြိမ်လည်း မောင်ဇေယျာသာ ထောင်ဝင်စာလာတွေ့ရင် သူ့ခမျာ မျက်နှာငယ်ရှာဦးတော့မယ်။ ။

***

mgyoe.com

mgyoe.com

# တိမ်မျှော်ခင်း

စက်ဘီးလက်ကိုင်မှာ တပ်ဆင်ထားတဲ့ မိုင်နှုန်းပြကိရိယာကို လှမ်းကြည့်လိုက်တော့ တစ်နာရီကို ဆယ့်နှစ်မိုင်နှုန်း နင်းနေတယ်တဲ့။ ကျွန်တော့်စိတ်ထဲမှာ ဆယ့်ခုနစ်မိုင်၊ နှစ်ဆယ့်ရှစ်မိုင်နှုန်းကို မြှင့်လိုက်ချင်တယ်။ ဒါပေမဲ့ ကျွန်တော့်အသက်အရွယ်နဲ့ ဒီမိုင်နှုန်းကို ရေရှည်မနင်းနိုင်ဘူး။ နင်းနိုင်ရင်လည်း ခဏပဲ။ ပြီးတော့ ဆယ်မိုင် ဆယ့်တစ်မိုင် ပြန်ကျသွားမှာပဲ။ ပြီးတော့ ဆင်းလာခဲ့တာလည်း ရေတံခွန်တောင်ပေါ်က ဆင်းလာတာလေ။

ရေတံခွန်တောင်ဆိုတာ မန္တလေးမြို့ရဲ့ အရှေ့ဘက်မှာရှိတယ်။ မိုးရာသီမှာ ရေတံခွန်တွေ စီးဆင်းတဲ့တောင်ပေါ့။ ရသေ့ရဟန်းတွေ တရားအားထုတ်ကြတဲ့ ကျောင်းတွေ ဇရပ်တွေ ရှိတယ်။ စေတီပုထိုးတွေရှိလို့ ဘုရားဖူးသူတွေလည်း လာကြပါရဲ့။ အလွန်လှပတဲ့ တောင်စခန်းလေးပေါ့။ ရေတံခွန်တောင်ပေါ်ကနေကြည့်ရင် မန္တလေးမြို့ရဲ့ အလှအပကို မြင်ကွင်းကျယ်ကြီးထဲမှာ မြင်နေရတယ်။

စက်ဘီးတွေ၊ ဆိုက်ကားတွေ၊ နှစ်ဘီးသုံးဘီး မော်တော်ဆိုင်ကယ်တွေ၊ မောင်တော်ကားတွေ၊ လူတွေနဲ့ သက်ဝင်လှုပ်ရှား ရှုပ်ထွေးဆူညံပူလောင်နေတဲ့ တတိယမြို့တော်ဟာ ရေတံခွန်တောင်ပေါ်ကနေ လှမ်းကြည့်ရင် သူ့မဟုတ်သလိုပဲ။ သမာဓိအားကောင်းကောင်းနဲ့ တရားအားထုတ်နေတဲ့

mgyoe.com

mgyoe.com



တိဝိင—

mgyoe.com

mgyoe.com

mgyboe.com

ရသေ့ရဟန်းလိုပဲ။

ကျွန်တော်ဟာ မာယာများနေတဲ့ မန္တလေးကို ခေတ္တခဏပဲ ကြည့်မိတယ်။ ကျွန်တော်စိတ်ဝင်စားနေမိတာ မန္တလေးရဲ့အလှ မဟုတ်ဘူး။ မန္တလေးမြို့ပေါ်မှာ ဖြတ်သန်းနေတဲ့၊ လွတ်လွတ်လပ်လပ် ကခုန်နေတဲ့၊ သံကုန်ဟစ်ကြွေး တေးဆိုနေတဲ့၊ ကြွက်သားတွေညှစ်ပြနေတဲ့၊ ထင်ရာစိုင်းနေတဲ့၊ တိမ်စိုင် တိမ်လိပ် တိမ်အုပ်စုတွေပဲ။

လာပြီ၊ လာကြပြီ။ ကျွန်တော့်ဘော်ဒါတွေလာပြီ။ အနောက်တောင်မုတ်သုံရာသီက ဘော်ဒါဘော်ဂျတ်တွေကို ကျွန်တော့်ဆီ လက်ဆောင်ပို့လိုက်ပြီ။ ကျေးဇူးတင်ပါတယ် မုတ်သုံရေ။

မိတ်ဆွေတို့ရေ ဒီတိမ်လှလှတွေ ဟန်ရေးပြနေကြတာကို ဓာတ်ပုံရိုက်ချင်လို့ အိမ်ကို အမြန်ရောက်ချင်နေတာပေါ့။ အိမ်ရောက်ရင် ကင်မရာလွယ်ပြီး ဟောဒီတိမ်မော်ဒယ်တွေကို ဓာတ်ပုံရိုက်မယ်။ ကတ်ဝေါ်ခ် စိတ်တိုင်းကျ လျှောက်ကြစမ်း၊ တိမ်အမိတို့၊ နင်တို့တစ်တွေပဲ လျှောက်နိုင်မလား၊ ငါကပဲ ကင်မရာခလုတ် နှိပ်နိုင်မလား။

တိမ်တွေဟာ ဓာတ်ပုံသမားတွေအတွက်တော့ မိတ်ကောင်း ဆွေကောင်းတွေပဲ။ သူတို့ဟာ တစ်ခါတလေ သရုပ်ဆောင်ကောင်းတဲ့ ဇာတ်ဆောင်တွေ၊ တစ်ခါတစ်ရံ အလွန်ချစ်စရာကောင်းတဲ့ ဇာတ်ပို့တွေပေါ့။ တိမ်တွေလှလို့၊ သရုပ်ဆောင်ကောင်းလို့ ရွှေတွဲလွဲ ငွေတွဲလွဲ ဆုတံဆိပ်ချိတ်သွားတဲ့ ဓာတ်ပုံသမားကြီးငယ်တွေ အများကြီး။ ကျေးဇူးတင်ပါတယ် မိတ်ဆွေတိမ်တိုက်တို့ရေ။

ငှက်ချစ်သူများ အသင်းရှိသလို တိမ်ချစ်သူများအသင်းရှိရင် သိပ်ကောင်းမှာပဲ။ အဲဒီအသင်း တည်ထောင်ရရင် ကောင်းမလား။ ကျွန်တော်ဟာ တိမ်ချစ်သူများအသင်းရှိခဲ့ရင် အဖွဲ့ဝင်တစ်ယောက်ဖြစ်မှာ ဧကန်ပဲ။ ရေတံခွန်တောင်ပေါ်က ကျွန်တော်လှမ်းမြင်ခဲ့တဲ့ တိမ်စိုင်တွေဟာ မြို့ရဲ့တောင်ဖျားဆီမှာ ရှိတယ်။ တံတားဦး၊ အင်းဝ၊ စစ်ကိုင်းဘက်ဆီက တိမ်ဖြူဖြူ အဆုပ်အဆုပ်တွေဟာ အခုဆိုရင် မဟာမြတ်မုနိဘုရားဘက်ဆီ၊ ဂေါဝိန်ဘက်ဆီ ဈေးချိုတော်ဘက်ဆီ ရောက်ကြပြီး လှချင်တိုင်း လှနေကြရော့မယ်။

mgyboe.com

mgyoe.com


သူတို့ကို ကျွန်တော်မမီနိုင်မှန်းသိတယ်။ မမီနိုင်တဲ့တိမ်ကို တုံးခုလို့ မလှမ်းချင်ပါဘူး။ နောက်ကလိုက်လာမယ့် တိမ်တွေကို ခတ်ပုံရိုက်ရအောင် ကျွန်တော် တောင်တက်စက်ဘီးလေးကို အရှိန်မြှင့်မိတယ်။

ခတ်ပုံသမားကောင်းတို့မည်သည် ကိုယ်နဲ့ကင်မရာနဲ့ မကင်းကွာရဘူးတဲ့။ ကင်းကွာခဲ့ရင် ခတ်ပုံရိုက်ဖို့ကောင်းတဲ့ မြင်ကွင်းတွေကို လက်လွတ်လိုက်ရတတ်တယ်တဲ့။ ဒီစကား အခုတော့ ချွေးထွက်အောင်မှန်နေပြီ။ ကျွန်တော် အသက်ရှူ နှုန်းတွေမြန် ဟောဟဲသံထွက်အောင် နင်းနေမိတယ်။ ဩော်...တိမ်တွေချစ်ရတာ မသက်သာလှပါလား။

ကြည့်ကြပါဦး မိတ်ဆွေတို့ရေ။ အပြာနုရောင်နောက်ခံနောက်မှ တိမ်စိုင်ဖြူ တိမ်စိုင်လွလွ၊ တိမ်စိုင်ညို့ညို့၊ တချို့က တစ်သီးတခြား တချို့က ရောလို့ ယှက်လို့ ကျွန်တော့်စိတ်ကို ဆွနေကြသလိုပဲ။ လေကလေးက ခပ်ဖြူးဖြူးဆိုတော့ သူတို့လည်း ရွက်လွှင့်ကြပေါ့။ ရွက်လွှင့်သွားကြတဲ့ တိမ်တွေရဲ့အရိပ်တွေက ကျွန်တော့်ခေါင်းပေါ်က ဖြတ်ကျော်သွားတယ်။ စက်ဘီးနင်းရင်း ကောင်းကင်မော့်မော့်ကြည့်ရင် တိမ်တွေဟာ လူတွေနဲ့ ခပ်ဆင်ဆင်တူတာကို သတိထားမိတယ်။ လူတွေ အထူးသဖြင့် အပျိုလူပျိုတွေ မာယာများသလို တိမ်တွေလည်း မာယာများတယ်။ ခဲသားရောင် တိမ်လိပ်တွေ သွန်ချမလို ရွာလိမ့်မယ်ထင်ရဲ့ ဆိုပေမဲ့ ''ထင်သာထင် မဝင်ဘူး ကျောင်းအမ''ဖြစ်ချင်ဖြစ်တာမျိုး''မိုးဖြူမစဲ မိုးမည်းမရွာ''ဆိုတဲ့ စကားကို သတိရမိသေးတယ်။

တိမ်တွေဟာ လူတွေလိုပဲ။ လူတွေခမျာ ကံစီမံရာခံရသတဲ့။ တိမ်တွေဟာလည်း လေမင်းစီမံရာ ခံကြရတာပဲ။ မြောက်ဘက် ဦးတည်နေပေမဲ့ အရှေ့မြောက်ဘက် ရောက်ချင်ရောက်တတ်တာမျိုး။

ကျွန်တော်တို့ ပုဆိုးဝတ်လိုက်၊ ဘောင်းဘီရှည်ဝတ်လိုက်၊ သရီးကွာတား ဝတ်ချင်ဝတ်ကြသလိုမျိုး။ တိမ်တွေလည်း ဒီဇိုင်းအမျိုးစုံ ဆင်ကြတယ်။ ငွေနားကွပ်တဲ့ ခဲသားတိမ်၊ အဖြူဆုပ်ဆုပ်မှာ ပန်းရောင်တိမ်စုက ကြက်မတစ်ဝပ်စာလောက် ပါချင်ပါနေတတ်တယ်။ ဂဠုန်၊ နဂါး၊ ကျား၊ ဆင်စုံလို့။ ဘီလူး၊ နတ်သမီး၊ နှင်းဆီပန်း တိမ်တွေ သရုပ်ဆောင်ကောင်းကြ

mgyoe.com

တယ်။ မြင်းခေါင်းတံဆိပ်ကပ်ထားတဲ့မြို့မှာ ဧကစာရီကျင့်နေတုန်း မိခင်ကို သတိရတဲ့အခါ မိခင်ရဲ့မျက်နှာနဲ့တူတဲ့ တိမ်တွေ မြင်ခဲ့ဖူးတယ်။ ချစ်သူကို လွမ်းတဲ့စိတ်နဲ့ ငေးတဲ့အခါ ချစ်သူ့မျက်နှာနဲ့တူတဲ့ တိမ်တွေလည်း ငေးခဲ့ မောခဲ့ဖူးတယ်။

တိမ်တွေကို ချစ်ခဲ့တယ်။ ချစ်နေတုန်းပဲ။ နောင်လည်းပဲ ချစ်သွားမှာ သူတို့နဲ့ ကျွန်တော့်ကြားမှာ ဘယ်သူမှ မသိမမြင်နိုင်တဲ့ သံယောဇဉ်ကြိုးတွေ ရှိတယ်။ ဘာလို့လဲဆိုတော့ သူတို့ဟာ ကျွန်တော့်ပရိသတ်တွေလေ။

ကျွန်တော် စိတ်ကူးနဲ့ ပြောဆိုခဲ့သမျှ၊ ရင်ထဲက ခံစားချက်တွေကို အသံတိတ်ဟစ်အော်ခဲ့သမျှ၊ အသံတိတ် ခပ်ကျယ်ကျယ် တက်ခေါက်ခဲ့သမျှ ကျွန်တော် မုန်းသူတွေကို ဗလာချီ ထိုးကြိတ်၊ ကန်ကျောက်ခဲ့သမျှ နားထောင်ခဲ့တဲ့ ပရိသတ်၊ မျက်တောင်မခတ်ဘဲ ငေးကြည့်ကြတဲ့ ပရိသတ်၊ ထပ်တူခံစား ခွင့်လွှတ်နားလည်ပေးကြတဲ့ ပရိသတ်တွေဟာ အဲဒီ တိမ်စိုင်တိမ်လိပ်တွေပဲပေါ့။

ကျွန်တော့်အတိတ်ကို တိမ်တွေသိတယ်။ ကျွန်တော့်ခံစားချက်တွေကို သူတို့နားလည်တယ်။ ကျွန်တော့်စိတ်ကူးတွေ၊ အိပ်မက်တွေကို သူတို့မျှဝေခံစားနိုင်ကြတယ်။ ကျွန်တော့် လက်ချောင်းတွေအကြား ဝဲနာတွေပေါက်တာလည်း သူတို့သိတယ်။ ကပ်ပယ်အိတ်မှာ ဂျွတ်စွဲတာလည်း သိတာပဲ။ ပေါင်ခြံမှာ သန်းဂျီးမ အကိုက်ခံရတာလည်း အဲဒီ တိမ်ဂျစ်ပစီတွေသိတာပဲ။ ဒါကြောင့် ကျွန်တော့်ရဲ့ ရဲဘော်တွေလည်း ဟုတ်၊ ဘော်ဒါတွေလည်း ဟုတ်၊ ဘော်ဂျွတ်တွေလည်း ဖြစ်ကုန်ကြတာပေါ့။ ပြောကြပါစို့ဗျာ၊ ကျွန်တော့်အကြောင်း ဟိုတောင်ပေါ်မြို့လေးက ကျွန်တော့်ချစ်သူထက်မိုးတိမ်တွေက ပိုသိတယ်။

တကယ်လို့ မပြောကောင်း မဆိုကောင်း အခုချိန်မှာ ကျွန်တော်သာ ရုတ်တရက် တစ်ခုခုဖြစ်သွားခဲ့ရင် ဘာဖြစ်တာလဲဆိုတာ အဲဒီဂျစ်ပစီ တိမ်ပင်လယ်၊ တိမ်တောင်၊ တိမ်စိုင်၊ တိမ်လိပ်၊ တိမ်မီးခိုး၊ တိမ်ပြာ၊ တိမ်ဖြူတွေကိုသာ မေးကြပါတော့။ မိတ်ဆွေတို့ရေ…အပြစ်မဲ့တဲ့ နှစ်သက်စရာ

mgyoe.com

mgyoe.com


ကောင်းတဲ့၊ လွမ်းမောဖွယ်တို့ကိုလည်း သယ်ဆောင်တတ်တဲ့ ကဗျာကောင်း တစ်ပုဒ်နဲ့လည်း တစ်ခါတလေတူတဲ့၊ သပ်ရပ်ပိရိပြီး ပဋ္ဌလက်ဆန်တဲ့၊ သရီးဒီ ပန်းချီကားတွေ လက်ဆောင်ပေးတဲ့ တိမ်တွေကို ချစ်ကြည့်ပါလား။ လောကကြီးဟာ နေပျော်စရာကောင်းလာလိမ့်မယ်နော်။ တိမ်တွေကို ချစ်ခင် စုံမက်တဲ့ ....။ ။

ငြိမ်းချမ်းစိမ်းလန်း

mgyoe.com

mgyoe.com

## ခေတ်သစ်နံ့ရှိ

ဆရာ နေမကောင်းဘူးဆိုတာ မန္တလေးမှာကတည်းက သိတယ်။ လူမှုကွန်ရက် ဖဘ စာမျက်နှာမှာ တက်လာတယ်။ သေချာအောင်လို့ မိတ်ဆွေတွေဆီ ဖုန်းဆက်လိုက်တော့ အမှန်ပါပဲတဲ့။ ရန်ကုန်ကိုလာဖို့ အကြောင်းက ဖန်လာတယ်။ ညီငယ်လိုနေတဲ့ ဧည့်လမ်းညွှန် မင်းမင်းကျော်က (၂၂) ရက်နေ့က ကမ္ဘာအေးမှာ မင်္ဂလာဆွမ်းကျွေးမှာ၊ လာဖြစ်အောင် လာပါအစ်ကိုဆိုလို့ ရောက်လာခဲ့တယ်။

မင်္ဂလာဆွမ်းကျွေးကအပြန် ကဗျာဆရာစောဝေဆီ တန်းလာခဲ့တယ်။ ဖြစ်ချင်တော့ အဓိပတိထမင်းဆိုင်မှာ သင်္ကြန်ကတည်းက ရွာပြန်သွားကြတဲ့ စားပွဲထိုးကလေးသုံးယောက်က ပြန်မလာကြသေးဘူး။ ဒီတော့ ကဗျာဆရာလည်း သူ့ထမင်းဆိုင်မှာ စားပွဲထိုးဆရာ ဖြစ်နေတယ်။ ကျန်ကောင်းကျန်ရာ စားပွဲထိုးကလေးတွေကို ဗိုလ်လုပ်နေရသတဲ့။ ကဗျာဆရာလည်း ဆရာ့ကို ကျွန်တော့်နည်းတူ ချစ်တာ လေးစားတာပဲ။ ဒါကြောင့် သူ မနက်ဖြန်ကျတော့ လိုက်ပို့ပေးမယ်။ ဒီနေ့တော့ သည်းခံပါတဲ့။

စောဝေ သူချိန်းထားတဲ့အတိုင်း ရောက်ချလာတယ်။ သူ့လက်ကိုင်ဖုန်းကိုနှိပ်ပြီး ပန်းချီနေမျိုးဆေးဆီ ဆက်လိုက်တယ်။ ဆရာက ပင်လုံဆေးရုံ အခန်းနံပါတ် ဘယ်လောက်မှာလဲ၊ ကားမောင်းရင်းဆက်နေတာဆိုတော့

mgyoe.com

mgyoe.com


နေမျိုးဆေးပြန့်ဖြေတဲ့ (၁၁၀၉) ဆိုတာကို အတူပါတဲ့ ကျွန်တော်ရော မန္တလေး ဧည့်လမ်းညွှန်သစ်လေး သန်းထိုက်ဆွေရော စိတ်ထဲမှာ လိုက်မှတ်ကြတယ်။

မြန်မြန်ရောက်ချင်ပါတယ်ဆိုမှ လမ်းက ကျပ်နေသေးတယ်။ ၈၀န ကွေ့နဲ့ စံပြဈေးကြားမှာ ကားက တစ်ဘီးချင်းလှိမ့်လိုက်၊ အိပ်မောကျလိုက်။ သြော်…ဒါဟာ ရန်ကုန်အစစ်ပဲဟုတ်လား။

ယာဉ်ကြောနှေးကွေး ပိတ်ဆို့နေတဲ့လမ်းမှာ ဆရာ မြန်မြန်ကျန်းမာပြီး အသက်ရှည်ဖို့ ဆုတောင်းရတာလည်း အမော။

ငမိုးရိပ်ချောင်းထဲမှာ တစ်နေ့ ငွေနှစ်ထောင်ရဖို့ လှုပ်ရှားရုန်းကန်နေကြသူတွေ လှမ်းမြင်နေရတယ်။ စောဝေ ပင်လုံဆေးရုံကို မရောက်ဖူးဘူး။ လမ်းမှားသေးတယ်။ ဂငယ်ကွေ့ ပြန်ကွေ့ရသေးတယ်။ ဒါလည်း တစ်ဖက်က လာတဲ့ကားတွေ ယာဉ်ကြောပြတ်အောင် စောင့်ရသေးတယ်။ နောက်မှ ပင်လုံဆေးရုံကို ရောက်တော့တာ။

ဧည့်ကြိုဌာနမှာ ဆရာမလေးတစ်ယောက်ကို အခန်း (၁၁၀၉) ဘယ်လိုသွားရသလဲမေးတော့ လူနာရဲ့နာမည်မေးကြတယ်။ ''ပန်းချီဆရာကြီး ဦးခင်မောင်ရင်''လို့ပြောတော့ သူတို့မှာ အံ့သြဟန်လည်း မပြဘူး။ ဆရာ့ဆီ တပည့်တွေလာကြလွန်းလို့ ဒီနာမည်ဟာ ရိုးနေတာလား။ ဒါမှ မဟုတ် ကြားကို မကြားဖူးတာလား။

တကယ်ဖြစ်သင့်တာတော့ ပန်းချီဆရာကြီး ဦးခင်မောင်ရင်လို့ ပြောလိုက်တာနဲ့ စာရင်းစာရွက်ရှည်ထဲမှာ ပြန်မရှာဘဲ အခန်းနံပါတ်ကို ဒက်ခနဲ ပြောနိုင်ဖို့ကောင်းတယ်။ ဒါမှမဟုတ်ရင်လည်း သြော်…ဆရာကြီး ဦးခင်မောင်ရင်ကို လာတွေ့ကြတဲ့ ဧည့်သည်တွေပါလား၊ အခုလာကြတာ ဘယ်သူတွေပါလိမ့်၊ ပန်းချီဆရာတွေလား၊ ကဗျာဆရာတွေလား၊ စာရေးဆရာတွေလား၊ သတင်းစာဆရာတွေလား။ ဒီလိုတွေးပြီး ကျွန်တော်တို့ကို မျက်လုံးတစ်ချက် လှန်ကြည့်ဖို့ ကောင်းတယ်။

အခုတော့ ဆရာမလေးက ဦးခင်မောင်ရင်ဆိုတဲ့ နာမည်ပဲ သဲသဲမဲမဲ ရှာနေတော့တယ်။

''ဒီကနေ တည့်တည့်သွားပြီး ညာဘက်ကွေ့လိုက်''

mgyoe.com

mgyoe.com


ဆေးရုံက ကျယ်ဝန်းသန့်ရှင်းတယ်။ အခန်းနံပါတ်တွေ ကပ်ထားတာ ဟိုတယ်တစ်ခုနဲ့တောင်တူတယ်။ ဆရာ့အခန်းက တံခါးကို သော့ချမထား ဘူး။ စေ့ရုံလေး စေ့ထားတယ်။ တံခါးကို တွန်းဖွင့်လိုက်တော့ အနောက် တိုင်း ဂန္တဝင်တေးသွားတစ်ပုဒ်ရဲ့ တေးသွားက ဆီးကြိုနေတယ်။ သိပ် သေချာတာပေါ့။ ဒါဟာ ဆရာ့အခန်းပဲ၊ မမှားဘူး။

ဆရာ့အနားမှာ လူငယ်သုံးယောက် ရှိနေတယ်။ အိပ်ရာထက်မှာ သက္ကလတ်အင်္ကျီ ဖြူနက်ကျားဝတ်လျက် နောက်ကျောကနေ လူငယ် တစ်ယောက်က ခေါင်းအုံးတစ်လုံးကို ပခုံးနဲ့ ခုထားတဲ့အပေါ် မှီပြီး ခပ်လှဲလှဲ ထိုင်နေတယ်။ ဖဘာမှာ တွေ့ရတဲ့ပုံထက် ပိုပြီး ပိန်နေသလိုပဲ။ သက္ကလတ် အင်္ကျီကလည်း ပွယောင်းယောင်းနိုင်လို့လား။ တရုတ် အမွေးပွစောင်အပြာ နဲ့ မီးခိုးကြီးကလည်း ပေါင်ပေါ်မှာ ဖရိုဖရဲ။

ကဗျာဆရာစောဝေကို တွေ့တော့ မအေနဲ့ ကိုင်တုပ်တယ်။ စောဝေ က ပြုံးသွားတယ်။

"ဒါမှ ဆရာအစစ်၊ အဲဒီလို အဆဲခံချင်နေတာ၊ ကျန်းမာရေး ကောင်း တယ်ဆိုတဲ့ သင်္ကေတပဲ"

"ဒါ မန္တလေးက လာတာလေ။ ဆရာ သူ့ကို သိတယ်မဟုတ်လား"

ဆရာ လည်ချောင်းသံသဲ့သဲ့နဲ့ သိတယ်လို့ပြောပြီး ကျွန်တော့်လက် ကို ဒရစ်ပိုက်တန်းလန်း ဘယ်လက်နဲ့ ဖမ်းဆုပ်တယ်။ ဒါပေမဲ့ ဆရာ့လက် က အားမရှိလှဘူး။ အနားမှာရှိတဲ့ တူလေးတွေက တစ်ရှူးစက္ကူတွေနဲ့ ဆရာ့ပါးစပ်ကို သန့်ရှင်းသုတ်သင်ပေးနေတယ်။ ပန်းချီဆရာ ဒေါက်တာ နေမျိုးဆေးကတော့ လည်ချောင်းကင်ဆာထင်တယ်လို့ ပြောလိုက်တာကို ပြန်ကြားယောင်မိတယ်။

"ဆရာဇော်ဇော်အောင်လည်း နေမကောင်းလို့ ဆေးရုံတက်နေရ တယ်။ မြောက်ဥက္ကလာ ရွှေလမင်းဆေးရုံမှာ"စောဝေက ဆရာ့ကို ပြော တော့

လက်သုံးချောင်းထောင်ပြီး လေသံသဲ့သဲ့နဲ့ စကားတွေပြောပြန်ရော။ ကျွန်တော်တို့ မနည်းဂရုစိုက်ပြီး နားထောင်ရတယ်။ (၃) ယောက်ပဲ ကျွန်

mgyoe.com

mgyoe.com


တော့တယ်။ ဖော်ဖော်အောင်ရယ်လို့ပြောပြီး မောနေလိုက်သေးတယ်။ ပြီး တော့မှ ခင်မောင်ရင်ရယ် မောင်မိုးသူရယ်လို့ ပြောနေတာ။ ဆရာပြောဆို တဲ့လေသံကို တော်ရုံလူ နားလည်မယ် မထင်ဘူး။

ဗိသုကာ၊ ပန်းချီဆရာ၊ ကျောင်းဆရာ၊ ဒါရိုက်တာ၊ စာရေးဆရာ ခင်မောင်ရင်။ ဆရာ့ ဂုဏ်ဒြပ်ကြီးမားခန့်ထည်မှုတွေနဲ့ ဆရာ့ရဲ့ လက်ရှိ မြင်နေရတဲ့ ကြုံလှီသဲ့သဲ့ အသံထွက်နေရမှုကို မခံစားရက်ဘဲ ကျွန်တော် တို့ ခံစားနေရတယ်။

ဆရာနေမကောင်းရှာဘူး။ ဒီဆေးရုံမှာ (၃) ရက်ရှိပြီ။ အဖော် အပေါင်းကို သူ့ပန်းချီကားတွေလို ခင်တဲ့မင်တဲ့ တွယ်တာသံယောဇဉ်ရှိတဲ့ ဆရာ။ စောဝေနဲ့ ကျွန်တော် ရောက်ခိုက်၊ ဆရာ့ခမျာ စကားတွေအများကြီး ပြောချင်နေရှာတယ်။

"ပန်းချီဆွဲသူသည် သူဆွဲနေစဉ် အလွန်ပဲ လွတ်လပ်မည်မှာ အမှန် ပင်။ လွတ်လွတ်လပ်လပ်ဆွဲမှသာလျှင် အနုပညာမြောက်မည်ဟု ကျွန်ုပ် ထင်သည်"တဲ့။

"ဘာစိတ်ဝင်စားသလဲလို့မေးရင် ကျွန်တော်စိတ်ဝင်စားတာတွေက အများကြီးပေါ့။ စာရင်းလေးတော့ လုပ်ထားချင်တယ်။ မေတ္တာ၊ ယုတ္တိနှင့် စိတ်အင်အားပေါ့"

ကျွန်တော်က ရောက်တုန်းရောက်ခိုက် ဆရာ့ကို ပြုစုချင်တယ်။ ဘာမှလည်း မလုပ်တတ်။ ဒါနဲ့ ဆရာ့ရဲ့ပုဆိုးပေါ်ကနေ ပလွေရိုးလို ပိန် သွယ်နေတဲ့ ခြေသလုံးလေးတွေ လက်နဲ့နှိပ်နယ်ရင်း ဖြေလျှော့ပေးနေမိ တယ်။ အထူးသဖြင့် ဒူလာကြောတွေပေါ့။ ထောင်ထဲမှာ အနေကြာခဲ့တော့ ကျွန်တော် အကြောတချို့ကို အလွယ်ရှာတတ်တယ်။

ကြည်ညိုလေးစားရတဲ့ သက်ကြီးဝါကြီး ထေရ်ကြီးတွေကို ဝတ်ဖြည့် ခဲ့ဖူးတာကို ပြန်မြင်ယောင်ရင်း ...

"ဘဝနဲ့ပန်းချီ တစ်သားတည်း ပေါင်းစပ်တော့ One - Ness သဘောကို နားလည်ဖို့ အတော်ခက်ပါလိမ့်မည်။ ခင်မောင်ရင်သည် ထို One-Ness အဆင့်သို့ အစောကြီးကတည်းက ရောက်ခဲ့သည်ဟု ကျွန်တော်

mgyoe.com

mgyoe.com


အသေအချာ အလေးအနက် ပြောခဲ့ပါသည်။

ဘဝနှင့်အနုပညာ တစ်သားတည်း ဖြစ်သည်ဆိုသော စကား။ ကျွန်တော့်ဘဝကတော့ ကဗျာပဲ။ ကျွန်တော့်ဘဝကတော့ ဂီတပဲ စသည် ဖြင့် ပြောကြဆိုကြသည်ကို ကြားဖူးပါသည်။ ခင်မောင်ရင်သည် ဘယ်တုန်း ကမှ သူ့ဘဝသည် ပန်းချီပါပဲဟု မပြောဖူးပါ။ ပြောသံမကြားဖူးပါ။ သူသည် မပြောဘဲနှင့် ဘဝကို နေပြသည်ဟု ဆိုချင်ပါသည်။

ပထမဆုံး သတိပြုမိသောအချက်အား အလေးထားပြောရမည့် အချက်မှာ ခင်မောင်ရင်သည် ဘာမှ လုပ်ချင်သူမဟုတ်။ ဘာမှ ဖြစ်ချင်သူ မဟုတ်။ သူသည် ပန်းချီအလုပ်သာ လုပ်ချင်သည်။ လုပ်သည်။ ပန်းချီ ဆရာသာ ဖြစ်ချင်သည်။ ဖြစ်သည်။ သူလုပ်ချင်တာတစ်ခုပဲ ရှိသည်။ ဖြစ်အောင်နေသည်''လို့ ဆရာဇော်ဇော်အောင် ရေးဖူးတယ်။

ဆရာ့ရဲ့ တူတော်စပ်သူ လူငယ်လေးတစ်ယောက်က ဆရာသောက်ဖို့ နို့တစ်ခွက်ဖျော်နေတယ်။ ဆရာဦးခင်မောင်ရင်က လည်ပင်းမှာ ဝေဒနာ ခံစားနေရတာမို့ အင်ရှူးဝါးလို နို့ဖျော်ရည်တောင်မှ ကော်ဖီခွက်နဲ့ တစ်ခွက် ဝင်အောင် မနည်းတိုက်နေရတယ်။

ဆရာကတော့ စောဝေကို ကြိုးစားပြီး စကားပြောနေတယ်။ အသံ က မပီသတော့ အားမလိုအားမရဖြစ်ပြီး လက်တွေပါပါလာတယ်။ ဆရာ ဦးခင်မောင်ရင် ပန်းချီကားတွေ အများကြီးရေးခဲ့တယ်။ သူ့ပန်းချီကားတွေ ကို ပန်းချီကားစုသူတွေက အမြတ်တနိုး သိမ်းကြတယ်။ အလုအယက်ပဲ။ စာဖတ်ပရိသတ်တွေကို မြန်မာပန်းချီကျော် ဦးနန်းဝေအကြောင်း၊ ဗဂျီ အောင်စိုးအကြောင်း မိတ်ဆက်ပေးခဲ့တယ်။ ကမ္ဘာကျော် ပန်းချီဆရာ ဖြစ် ကြတဲ့ မိုဒီလီယာနီ၊ ဗန်ဂိုး၊ ဂေါဂင်၊ ပီကာဆို၊ ဆီဇန်းတို့အကြောင်း သူ့ စကားပြေရေးဟန်နဲ့ တင်ဆက်ခဲ့တယ်။

ဆရာဦးခင်မောင်ရင်အကြောင်း တွေးရင်းတွေးရင်း ဆေးရုံအခန်းထဲ ကို ဝင်လာခါစ ကိုယ်လုံးကိုယ်ထည် ပိန်လှီသေးကွေးနေတဲ့ ဆရာဟာ တဖြည်းဖြည်း ပြန်ဖွံ့ဖြိုးလာပြီး ကြီးထွားလာတယ်။ ဆရာဂုဏ်ဒြပ်နဲ့အညီ မောင်ဗမာတစ်ယောက်လို ကြွက်သားတွေနဲ့ တုတ်တုတ်ခိုင်ခိုင်ကြီး စိတ်ထဲ

mgyoe.com

mgyoe.com


မှာ ခံစားနေရတယ်။

ဆရာက အသံမပီမသနဲ့ စကားတွေပြောရင်း သူ့ခုတင်ခြေရင်းက အစိမ်းရောင်နုနုသုတ်ထားတဲ့ (၁၁) ပေလောက်ကျယ်ပြီး (၁၅) ပေလောက် မြင့်တဲ့ နံရံကြီးကို လက်ညှိုးထိုးပြီး ပြပြနေတာ သုံးလေးကြိမ် ရှိနေပြီ။

အစက စောဝေရော ကျွန်တော်ပါ ဆရာ ဘာပြောနေမှန်း သဘော မပေါက်ကြဘူး။ ဆရာကတော့ မျက်မှောင်ကြုတ်ပြီး ဒီလိုပြော ဒီလက်ဟန် တွေနဲ့ချည်း သူ့ဆန္ဒကို ထုတ်ဖော်နေတယ်။ အနားမှာ အတူနေတာ ကြာလှ ပြီဖြစ်တဲ့ တူတစ်ယောက်က ဘာသာပြန်မှ ရှင်းတော့တယ်။

"ဦးလေးက ပန်းချီရေးချင်တယ်လို့ ပြောနေတာ"

ဟာ ဟုတ်ပေသားပဲ။ ကျွန်တော်တို့က သဘောမပေါက်ကြဘူး။ ပန်းချီဆရာတစ်ယောက် ပန်းချီမရေးရတာ ကြာတော့ ရေးချင်ရှာမှာပေါ့။ အထူးသဖြင့် ဆရာဦးခင်မောင်ရင်လို ပုဂ္ဂိုလ်မျိုး။

"ရေးချင်တာက အဲဒီနံရံကြီးပေါ် ရေးချင်တာ၊ ဒါကြောင့် နံရံကို လက်ညှိုးထိုးပြနေတာ"

ကျွန်တော် စိတ်ကူးတစ်ခု ရုတ်တရက်ပေါ်လာတာနဲ့ ကဗျာဆရာဆီ က ကားသော့ တောင်းလိုက်တယ်။

လမ်းတစ်နေရာမှာ ကုန်မာဆိုင်တစ်ဆိုင် တွေ့ခဲ့တယ်။ အဲဒီမှာ ဆေးဘူးတွေ သွားဝယ်မယ်လို့။

ကျွန်တော့်စိတ်တွေ သိပ်စောနေတော့ ကားကို မနည်းထိန်းပြီး မောင်း ခဲ့ရတယ်။ ဆိုင်မှာရှိတဲ့ စပရေးဆေးဘူး ရောင်စုံဝယ်လိုက်တယ်။ ဆိုင်ရှင် အမျိုးသမီးကတောင် ဈေးဦးပေါက် စပရေးဘူးတွေ အများကြီးဝယ်လို့ အံ့သြတဲ့မျက်နှာမှာ ဝမ်းသာတဲ့ အပြုံးစွက်လို့ ကျန်ခဲ့တယ်။

ကြွပ်ကြွပ်အိတ်နှစ်လုံးမှာ ဆေးဘူးတွေထည့် ဆွဲဝင်လာတဲ့အခါ ကျွန်တော် ဘာလုပ်လာတယ်ဆိုတာ စောဝေသဘောပေါက်တယ်။ ဆရာ ဦးခင်မောင်ရင်ရဲ့ မျက်နှာက ရုတ်ခြည်း ဝင်းလက်သွားတယ်။ ဆရာ့ဆီက ဒီလိုအပြုံးမျိုး တွေ့ရတဲ့အခါ ကျွန်တော် ဝမ်းသာလို့မဆုံးဘူး။

စောဝေရယ်၊ ကျွန်တော်ရယ်၊ ဆရာ့တူလေးနှစ်ယောက်ရယ် ဆရာ့

mgyoe.com

mgyoe.com


ထိုင်နေတဲ့ ခုတင်ကို နံရံဘက်ကို တဖြည်းဖြည်းချင်း ရွှေ့လိုက်ကြတယ်။

ရက်ပေါင်းများစွာ အောင့်အည်းထားရလေတော့ ဆရာ့စိတ်တိုင်းကျ ရေးတော့တာပါပဲ။ စိတ်ကူးနဲ့ အောက်လိုင်းကောက်ပြီးသား ထင်ပါရဲ့။ တစ်ခဏအတွင်းမှာပဲ ဆရာ့အခန်းဟာ စပရေးရနံ့တွေ ကြိုင်သင်းသွားတော့တယ်။ နံရံပေါ်မှာလည်း အရောင်တွေစုံလို့ ပြီးတော့ ဧရာမကြီး။

စေ့ထားတဲ့ အခန်းတံခါးကို ခေါက်သံနဲ့အတူ ထဘီအနီဝတ် ဆရာမ တစ်ယောက် ဆေးဗန်းတစ်ချပ်နဲ့ ဝင်လာတာ၊ ဆရာ့ကိုလည်း မြင်ရော ဆေးဗန်းလွတ်ကျပြီး အမြန်လှည့်ပြေးပါလေရော။ ဆရာ့တူတစ်ယောက်က

"ပြဿနာတော့ စပြီလို့ ထင်တယ်"

ကျွန်တော်က "ပြဿနာ မဟုတ်ပါဘူး၊ ဖြစ်လာတဲ့ ကိစ္စ ကျွန်တော် ရှင်းမယ်"။ စောဝေက ဆရာ ဘာတွေပုံဖော်နေပါလိမ့် အကဲခတ်ရင်း ဆရာလိုချင်တဲ့ ဆေးဘူးအရောင်တွေ ရွေးပြီး လှမ်းလှမ်းပေးနေတယ်။

ထဘီအနီလေး အပြာဝတ်ဆီပြေး၊ အပြာဝတ်က အစိမ်းဝတ်ဆီ ပြေးကြ၊ အစိမ်းက ဆရာဝန်လေး၊ ဆရာဝန်လေးက ဆေးရုံအုပ်၊ ဆေးရုံအုပ် က ပိုင်ရှင်နဲ့ ဒါရိုက်တာလူကြီးများ အဆင့်ဆင့်ပဲ သွားလေသလား၊ လက်ကိုင် ဖုန်းတွေ ဆေးရုံတွင်းသုံး တယ်လီဖုန်းတွေ အလုပ်များနေမှာ ဗေဒင်တွက်စရာ မလိုဘူး။

"တကယ်လို့များ ဆေးရုံက ဒီပုံကြီး ဖျက်ပေးပါဆိုရင်"

ခပ်ငယ်ငယ် တူတစ်ယောက်က မတွေးကောင်းတာ တွေးရင်း ပြောတော့…

"အေး…ဖျက်ဆိုရင်လည်း သူတို့စိတ်တိုင်းကျတဲ့အထိ ဆေးပြန် သုတ်ပေးရုံပေါ့၊ ကျွန်တော့်တာဝန်ထားလိုက်ပါ"

"ကိုညီပုလေး နည်းနည်းနောနော ကုန်မှာ မဟုတ်ဘူးနော်"

စောဝေက စိတ်ကူးနဲ့ တွက်ချက်ဟန်ရှိတယ်။

ဆရာကတော့ ပြုံးပျော်ပြီး ဆေးဘူးအမျိုးမျိုး ပြောင်းကိုင်ရင်း တရှူး ရှူးနဲ့ စိတ်တိုင်းကျ ရေးခြယ်နေရဲ့။

"ဆရာ့ စိတ်အာသာပြေရင် ကျေနပ်ပါပြီ၊ လျော်ရတာတော့ ဘယ်

mgyoe.com

mgyoe.com


လောက် လျော့ရလျော့ရ ကျွန်တော်လျော့မယ်”

ဘယ်ပန်းချီဆရာမှ တုပမရေးနိုင်တဲ့ ဂရဖစ်တီ အနုပညာဟန် ပန်းချီကားကြီး တစ်ချပ်ကတော့ စက္ကန့်နဲ့အမျှ ရုပ်လုံးကြွလာနေပြီ။

ကျွန်တော်အမှတ်မမှားရင် ဒီပန်းချီကားကြီးဟာ ဆရာဦးခင်မောင်ရင်ရဲ့ ပထမဆုံး ဂရဖစ်တီပန်းချီကားတစ်ချပ် ဖြစ်လိမ့်မယ်။ ဆရာ့ပန်းချီကားက လာမယ့်ရွေးကောက်ပွဲလွန်ကာလတွေကိုများ ရည်ညွှန်းနေရော့သလား။

ခုနက ခုတင်ပေါ်ကနေ ရေးနေရာက ရေးရင်းရေးရင်း ဆရာက ခုတင်ပေါ်က ဆင်းပြီး မတ်တတ်ရပ်လျက် ရေးနေတယ်။

အခန်းတံခါးခေါက်သံ မကြားရဘဲ ရုတ်တရက် ပွင့်သွားတယ်။ မျှော်လင့်ထားတဲ့အတိုင်း လူတစ်အုပ်ရောက်လာတယ်။ တချို့က ဂျူတီကုတ်တွေဝတ်လို့။ ဆရာရဲ့ကျန်းမာရေး တိုးတက်သလား၊ ဆုတ်ယုတ်သလား လာမေးကြတဲ့ လူအုပ်တော့ မဟုတ်ဘူး။

ဝင်လာတဲ့ ဆေးရုံအုပ်အပါအဝင် ဒါရိုက်တာလူကြီးတွေ မျက်လုံးအပြူးသားနဲ့ မှင်တက်မိသွားကြတယ်။ မှင်တက်မမိခံနိုင်ရိုးလား။ ဆရာဦးခင်မောင်ရင်ရဲ့လက်ရာဟာ ဘယ်လူမျိုးမှ မကြိုက်ဘဲ မနေနိုင်တဲ့ လက်ရာ။ မအံ့သြဘဲ မနေနိုင်တဲ့ ပန်းချီကားကြီး။

ဝတ္ထုအဆုံးမှာ ဒီပန်းချီကားကြီးကို ဆေးတွေ အသစ်ထပ်သုတ်ပြီး ဖုံး အုပ်ပစ်လိုက်ရလို့ ညီပုလေး ဆေးဖိုးပိုက်ဆံတွေ အောတိုက်ကုန်သွားသတဲ့။

ဝတ္ထုအဆုံးမှာ ဒါရိုက်တာအဖွဲ့က ဒီပန်းချီကားကြီးကို ကြိုက်လွန်းလို့ မဖျက်မဆီးဘဲ သူတို့ပင်လုံဆေးရုံရဲ့ ဂုဏ်ထူးဆောင်ပန်းချီကားအဖြစ် ထိန်းသိမ်းထားလိုက်တယ်။ လက်ရာရှင် ဆရာဦးခင်မောင်ရင်ရဲ့ ဆေးရုံခတွေ ပိုက်ဆံမယူလိုက်ဘူး။

နောင်မှာ ဆရာဦးခင်မောင်ရင်ရဲ့ ပန်းချီကားကြီးရှိတဲ့ ဒီအခန်း အမှတ် (၁၁၀၉) ကို တက်ရောက်ကုသခံချင်ရင် ဒီ့ပြင်အခန်းထက် ငွေကြေး နည်းနည်း ပိုပေးရတဲ့အခန်း ဖြစ်သွားသတဲ့။

mgyoe.com

mgyoe.com


ဝတ္ထုအဆုံးမှာ စာဖတ်ပရိသတ်ဂါ အဆုံးသတ်ရမှာ ဒီထက်ကောင်းတဲ့ အဆုံးသတ်တွေလည်း ရှိလိမ့်ဦးမယ်။

ချစ်ခင်လေးစားရတဲ့ ပန်းချီဆရာ၊ ဗိသုကာ၊ ဒါရိုက်တာ၊ စာရေးဆရာ၊ ကျောင်းဆရာ ဦးခင်မောင်ရင် သက်ရှည်ကျန်းမာပါစေကြောင်း....။ ။

* * *

mgyoe.com

mgyoe.com

## တောင်လား

"အသက်ရယ်ရှည်စေလို၊ မန်းတောင်ရိပ်ခို"ဆိုတဲ့စကားရဲ့ လှပတဲ့ အဓိပ္ပာယ်ကို မန္တလေးသားစစ်စစ်ဖြစ်တဲ့ ကိုညီမြင့် ခံစားနားလည်တတ်တာ သိပ်မကြာသေးဘူး။ ဒီစကားလုံးပေါ်နေတာ နှစ်ပေါင်းအတော်ကြာနေပေမဲ့ ကိုညီမြင့်ရင်ဘတ်ထဲ ဒီစကားလုံး ရောက်ရှိခံစား နှစ်ခြိုက်မိတာ တစ်နှစ် လောက်ပဲ ရှိဦးမယ်။

ဈေးချိုထဲက ကျောင်းနေဖက်တွေ၊ နန်းတော်ရှေ့က မိတ်ဆွေတွေ၊ ဘုရားကြီးသူ၊ ရုံတော်ကြီးသား သူငယ်ချင်းတွေက သူ့ကို ကျန်းမာရေး လိုက်စားဖို့ စည်းရုံးနေကြတာ ကြာလှပြီ။ ဂီရိမုန်တိုင်းအလွန် တုပ်ကွေး ရောဂါ ခံစားလိုက်ရမှ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဆိုတာ အလိုလေး သိပ်မှန်တာပါလား။ ကိုယ်တိုင်မကျန်းမာမှ ကျန်းမာခြင်းရဲ့ တန်ဖိုးကို သူ ခံစားနားလည်တော့တယ်။ ဆေးဖိုးရော ဝါးခရော တော်တော်ထိသွားသလို လူလည်း တော်တော်ချိသွားတယ်လေ။

ကျန်းမာဖို့ စရိတ်ကျဉ်းကျဉ်းနဲ့ ဘာအားကစားလိုက်စားရမလဲ။ တောင်တက်စက်ဘီးစီးမလား။ တောင်တက်စက်ဘီးက တစ်စီးကို လေးငါး ခြောက်သိန်းနဲ့ အထက်တဲ့။ ဂေါက်ရိုက်ဖို့ဆိုရင် ပိုဝေးသေးတယ်။ ကိုညီမြင့် သိပ်ပြီး အပင်ပန်းခံ စဉ်းစားနေစရာမလိုဘူး။ သူငယ်ချင်းတွေထဲက အနှမြော

mgyoe.com

mgyoe.com

တတ်ဆုံးသူငယ်ချင်း မောင်မောင် ဘာလုပ်သတုံး။ ကျုံးနံဘေးမှာ မနက်တိုင်း လမ်းလျှောက်တယ်။ ဟုတ်ပြီ ဒါဆိုရင် လမ်းလျှောက်တဲ့လေ့ကျင့်ခန်းဟာ ကျန်းမာရေးအတွက် စရိတ်အကျဉ်းဆုံး ဖြစ်ရမယ်လို့ တွေးပြီး ကိုညိုမင်းလည်း လမ်းလျှောက်ဖို့ စိတ်ကူးတယ်။

လမ်းလျှောက်နေကြတဲ့သူတွေကို သူ တစ်မနက် ထပြီးကြည့်တယ်။ စွပ်ကျယ်အင်္ကျီနဲ့ ပုဆိုးနဲ့ လျှောက်တဲ့သူလည်း ရှိ၊ ဘောင်းဘီနဲ့ ဝေါကင်းရှူးနဲ့ လျှောက်တဲ့သူလည်း ရှိ။ အံမာ တချို့များ သိန်းပေါင်းများစွာတန် အိမ်မွေးခွေးကြီးတွေကို သားရေကြိုးနဲ့ဆွဲပြီး ခွေးကျောင်းထွက်ရင်း၊ ကြွားလည်း ကြွားရင်း၊ လမ်းလျှောက်သူလည်းရှိ။ ခွေးတွေကိုနောက်ဖေး အတည်ထွက်ကြသူတွေလေ။ ဘုရားဖူးသက်သက်လည်း ရှိ၊ လိပ်ဥတူးသူ လည်း ပါတာပေါ့။ အမျိုးသမီး လမ်းလျှောက်သူတွေကလည်း ဒီဇိုင်းက အမျိုးမျိုး ဟုတ်လား။ အပြန်ဈေးသွား ငါးဝယ်ဖို့ ခြင်းတောင်း ဆွဲသူဆွဲ၊ ပလတ်စတစ်အိတ် ချိုင်းကြားညှပ်သူညှပ်၊ အိပ်ချင်မူးတူးနဲ့ အိပ်ရာထဝတ်စုံ ဝတ်သူလည်း ပါသလို မြင်သူတကာငေးအောင် ရွှိုင်းလာသူလည်းပါ၊ စုံလို့။

မိတ်ဆွေအပေါင်းအသင်းတချို့လည်း ကိုညိုမင်း တွေ့တာပေါ့။ အံမယ် တချို့များ သူ လုံးဝမျှော်လင့်မထားသူတွေတောင် မနက်ထပြီး လမ်းလျှောက်နေကြပါလား။ မနက်ခင်း လေညင်းက သန့်သန့်၊ မြင်ကွင်းက ဆေးရောင်စုံ၊ ခင်မင်သူတွေပါ လျှောက်နေကြလေတော့ ကိုညိုမင်းလည်း ကျုံးနံဘေးကို ရောက်လာတော့တာပါပဲ။

သူ့မှာ အရင်ကတည်းက ရှိနှင့်တဲ့ ဂီတစာဆို ကိုမောင်မောင်အဋ္ဌလီ မွေးနေ့အထိမ်းအမှတ် တီရှပ်ဝတ်တဲ့အခါဝတ်၊ စိမ်းရောင်စိုအဖွဲ့က "နေ့ရောညပါ အခါခပ်သိမ်း ကောင်းကျိုးခံစားလိုပါက သစ်ပင်စိုက်ပါ"ဆိုတဲ့ စာတန်းပါတဲ့ တီရှပ်စိမ်းလေးဝတ်တဲ့အခါဝတ်နဲ့ လမ်းလျှောက်ထွက်ခဲ့တယ်။ ပထမ လေးငါးခြောက်ရက်တော့ ပုဆိုးဝတ်နဲ့ လျှောက်တာပါပဲ။

နောက်တော့ ဘောင်းဘီနဲ့လျှောက်ရရင် ပုဆိုးပြင်ပြင်ဝတ်ရတဲ့ ဒုက္ခ ငြိမ်းမယ်၊ ခြေလှမ်းလည်း လွတ်လွတ်လပ်လပ် လှမ်းရတာပေါ့ဆိုတဲ့ စိတ်ကူးနဲ့ ဆောင်းအခါ ညဝတ်အိပ်တဲ့ ဘောင်းဘီဝတ်ပြီး ထွက်လျှောက်တယ်လေ။

mgyoe.com

mgyoe.com


ပထမရက်တစ်ပတ်လောက်တော့ နာရီနှိုးစက်အကူအညီနဲ့ အိပ်ရာက ထရတယ်။ မထချင်ထချင်နဲ့ ထရတာမို့ နှိုးစက်နဲ့ သူ့စိတ်နဲ့ စိတ်ဆိုးရ၊ ရန်ဖြစ်ရသေးတယ်။ ပျင်းတဲ့စိတ်နဲ့ ကျန်းမာရေးလိုက်စားစိတ် လွန်ဆွဲကြတဲ့ အချိန်လေ။

လမ်းလျှောက်ရတဲ့ ကောင်းခြင်းအရသာတွေကို တစ်နေ့ပြီးတစ်နေ့ ခံစားလာရတော့ နှိုးစက်မပြည်ခင် သူ နိုးနှင့်ပြီ။ မိုးဖျက်လေဖျက် မနက်ခင်း လမ်းလျှောက်ပျက်မှာတောင် စိုးမိတယ်။

မိုးလေဝသသတင်း စောင့်နားထောင်ရတာနဲ့၊ အိပ်ခါနီး အိမ်ပြင်ထွက်ပြီး ကောင်းကင်မှာ တိမ်ညိုတိမ်တိုက်တွေ ရှိသလား ထွက်ကြည့်ရတာနဲ့။ ကိုညီမင်း လမ်းလျှောက်ရတဲ့ သိမ်မွေ့မှုအရသာကို သဘောကျစပြုလာပြီ။

"ဥတ်မောနင်း"၊ "မောနင်း"၊ "မင်္ဂလာပါ"၊ "အောင်ဇေယျတုပါ"။ လူအမျိုးမျိုး နှုတ်ဆက်ပုံအမျိုးမျိုး၊ တချို့လည်း အရင်ကတည်းက သိကျွမ်းသူတွေ၊ တချို့က လမ်းလျှောက်တော့မှ မျက်မှန်းတန်းမိသူတွေ။

ရက်တွေကြာလာတော့ သြော် ဒီနေ့ ဘောက်ဆတ် ဘောက်ဆတ်နဲ့ လမ်းလျှောက်တတ်တဲ့ နဖူးပြောင်ပြောင်နဲ့သူ မတွေ့ပါလား။ ရေဒီယို ခပ်ကျယ်ကျယ်ဖွင့် လမ်းမြန်မြန်လျှောက်တတ်တဲ့ ကိုအောင်မင်း သူ့ရွာ ဆီမီးခုံကို ပြန်တယ်ထင်ပါရဲ့။ ဆုတောင်းပြည့်ဘုရားဘက်ကို လက်အုပ်ချီပြီး နေ့စဉ်ရှိခိုးတတ်သူတော့ ရှိခိုးပြီးသွားပြီ ထင်ပါရဲ့။

သစ်သားတုတ်ကောက်၊ ဖိုင်ဘာတုတ်ကောက်၊ သတ္တုတုတ်ကောက်၊ ချယ်ရီသားတုတ်ကောက်ကို အဖော်ပြုကြသူတွေနဲ့လည်း သူ မိတ်ဆွေဖြစ်စပြုနေပြီ။ တချို့လူတွေက တုတ်ကောက် ဒီဇိုင်းအမျိုးမျိုး အပြောင်းအလဲလုပ်ကိုင်ကြတယ်။

ကျုံးရေပြင်ကို ဖြတ်တိုက်တဲ့လေဟာ ရှူရှိုက်လို့ ကောင်းတယ်လို့ ထင်နေရာကနေ ကိုညီမင်း စိတ်ကူးတစ်မျိုး ပြောင်းလာတယ်။ နေ့စဉ်နေ့တိုင်း ကျုံနံဘေးချည်းလမ်းလျှောက်တာ အညောင်းတော့ ပြေပါရဲ့။ တုပ်ကွေးကြောင့် နည်းနည်းပိန်သွားတဲ့ သူ့ခန္ဓာကိုယ်က နဂိုကထက် ပိုပြီး ဝလာသလိုပဲ။ လမ်းလျှောက်တော့ ၊ စားလို့သောက်လို့ကောင်း၊ အိပ်လို့

mgyoe.com

mgyoe.com

ကလည်း ပျော်ဆိုတော့ နည်းနည်းတော့ ဆူဖြိုးလာတော့တာပေါ့။

ဟုတ်သေးပါဘူး။ ဒီထက်တော့ နည်းနည်းပိန်ရလိမ့်မယ်။ တုပ်ကွေး နာလန်ထပြီးစလောက်လည်း မဟုတ်သေးဘူး။ ဘာများလုပ်ရရင် ကောင်း မလဲ။ ဒီထက်ပိုပြီး ထိရောက်တဲ့ လေ့ကျင့်ခန်းအနေနဲ့ မန္တလေးတောင်ကို တက်ရတဲ့အခြေအနေ ရောက်လာတယ်။

တောင်ပေါ်တက်တာဟာ သူ့အတွက် ဒေသစိမ်းဆိုပေမဲ့ နှစ်ရက် သုံးရက်အတွင်းမှာ ကိုညိုမင်း တောင်တက်ရခြင်း အရသာကို နှစ်သက်သွား တယ်။ ပြီးတော့ သူ့လိုပဲ အရင်က ကျုံးနံဘေး လမ်းလျှောက်နေရာကနေ တောင်ပေါ်ကို ရောင်နှင့်ကြသူတွေ၊ နောက်မှ ရောက်လာသူတွေလည်း ရှိကြသကိုး။

ကား၊ ဆိုင်ကယ်၊ အသွားအလာမရှိသလောက် နည်းလေတော့ ရှူ ရှိုက်ရတဲ့လေက ကျုံးနံဘေးထက် ပိုပြီးသန့်ရှင်းသလိုပဲ။ ပြီးတော့ တောင် ပေါ်မှာ ပေါက်ရောက်နေတဲ့ သစ်ပင်တွေက ကျုံးနံဘေးကလို သစ်ပင် ကြီးကြီးမားမားတွေ မများလှပေမဲ့ အမျိုးစုံတယ်လေ။

ကိုညိုမင်း သဘောအကျဆုံးကတော့ ကျေးငှက်သာရကာလေးတွေ သီကျူးကြတဲ့ နံနက်ချိန်ခါ တေးသံသာတွေပဲ။ ချိုးငှက်ကလေးတွေရဲ့ ချွဲချွဲ နွဲ့နွဲ့ကူသံ၊ ဆက်ရက်ကလေးတွေရဲ့ အသံစာစာ၊ စွေ့လေးတွေရဲ့ တီတာ တာအသံတွေ၊ သူ အမျိုးအမည်လည်း မသိ၊ မြင်လည်းမမြင်ရတဲ့ ငှက် ကလေးတွေရဲ့ အော်သံ၊ တွန်သံ၊ ဟစ်သံ၊ ကြွေးသံတွေဟာ မန္တလေးတောင် တက်ကြသူတွေကို အမောပြေစေတယ် ထင်ပါရဲ့။ တောင်ပေါ်တက်တဲ့ သူတွေ တဖြည်းဖြည်းများလာတယ်။ တောင်ပေါ်တက်ရင်း ပြောကြတဲ့ ဘာသာစကားတွေလည်း အမျိုးစုံလာတယ်။ တစ်ခါတလေလည်း သူ နားမလည်တဲ့ ဘာသာစကားတွေ ကြားမိပြီး ကိုညိုမင်း သိမ်ငယ်စိတ် ဝင်မိတယ်လေ။

ကိုယ့်ဘာသာ ဂုဏ်တော်တွေ စိတ်ထဲကရွတ်ဆိုရင်း၊ သဘာဝအလှ ကို ခံစားရင်း ကြည်ကြည်နူးနူး တက်လာချိန်မှာ သူနားမလည်တဲ့ ဘာသာ စကားတွေကို ဟောင်ဖွာဟောင်ဖွာပြောရင်း တက်လာကြပါရောလား။

mgyoe.com

mgyoe.com

တမာပွင့်ချိန်မှာ တမာရနံ့တွေ ဟောဒီမန္တလေးတစ်တောင်လုံး သင်းထုံနေသလို၊ စိန်ပန်းနီနီပွင့်ချိန်မှာလည်း တစ်တောင်လုံး နီတော့မလို လှပတဲ့ မန္တလေးတောင်တော်ဟာ ကိုညီမြင်းတို့လို မန်းတောင်ရိပ်ခိုသူတွေကို ညှို့ဓာတ်အပြည့်နဲ့ ဆွဲဆောင်နေပါပေါ့လား။

ကိုညီမြင်း တောင်တက်ဖော် မိတ်အသစ်တွေ တိုးလာပြီ။ သူ့ခန္ဓာကိုယ်ဝတာ မလျော့ပေမဲ့ တိုးမလာတော့သလိုပဲ။ အစတော့ ဓာတ်လှေကားနားအထိ လျှောက်တယ်။ အခုတော့ ဓာတ်လှေကားကိုကျော် ဂျပန်ဘုရားကိုကွေ့ပြီး သံသရာအေးစေတီအထိ သူလျှောက်တယ်။ သံသရာအေးစေတီ ပရိဝုဏ်ကို တံမြက်လှည်းပြီး သန့်ရှင်းရေးကုသိုလ်ယူတယ်။

သံသရာအေးဘုရားဘက်အထိ လမ်းလျှောက်တဲ့သူကနည်းတော့ ချိုးကလေးတွေ၊ ဆက်ရက်လေးတွေ၊ ဇွေ့ကလေးတွေရဲ့ ချစ်စဖွယ်ဓလေ့စရိုက်ကို သူသိလာပြီ။ သူတို့ကို ရန်မမူမှန်းသိတော့ တော်တော် နီးနီးကပ်ကပ် တွေ့နေ မြင်နေရတယ်။ အတော်ကို ချစ်စရာကောင်းတဲ့ ငှက်လေးတွေပါလား။

မှတ်မှတ်ရရ ကဆုန်လပြည့်နေ့မနက်၊ အဲဒီနေ့က တောင်ခြေကဦးခန္တီကျောင်းမှာ မန္တလေးတောင်တက် စက်ဘီးစီးအဖွဲ့က ခြေလျင်တောင်တက်ကြသူတွေရော၊ စက်ဘီးစီးကြသူတွေအားလုံးကို အာလူးပူရီနဲ့ ကော်ဖီနဲ့ ဧည့်ခံပြီး ကုသိုလ်ယူကြတဲ့နေ့။

လပြည့်နေ့မနက်မို့ ခါတိုင်းရက်တွေထက် ပိုပြီး ကိုညီမြင်း ဘုရားတရား သံဃာကို အာရုံပြုပြီး တောင်ပေါ်တက်လာခဲ့တယ်။ အဲဒီအချိန်မှာ ဝမ်းခေါင်သံကျယ်ကြီးတစ်သံ အာခေါင်ခြစ်ပြီး အော်လိုက်သံ ရုတ်တရက်ကြားလိုက်ရတယ်။

ကိုညီမြင်းမှမဟုတ်ဘူး။ ကြားရသူအပေါင်း နှလုံးမချမ်းမြေ့စရာကောင်းတဲ့အသံကြီး။ ချိုးကလေးတွေ၊ ဇွေ့ကလေးတွေတောင် လန့်ပျံပြေးကြတယ်။ အော်တဲ့သူက တစ်ကြိမ်တည်းလည်း မဟုတ်ဘူး။ နှစ်ကြိမ်၊ သုံးကြိမ် အော်တာ၊ ဘာလုပ်တာလဲ၊ ဖားအောက်ရိပ်သာနဲ့လည်း မလှမ်းမကမ်းဆိုတော့ တရားနဲ့ပျော်မွေ့နေကြတဲ့ သူတော်ကောင်းတွေအတွက်

mgyoe.com

mgyoe.com


ဘယ်လောက်အနှောင့်အယှက် ဖြစ်လိုက်ရမလဲ။

နောက်မနက်တွေလည်း သူ ကြုံရ ကြားရတယ်။ ကြားရတိုင်းလည်း စိတ်မသက်မသာ ဖြစ်မိတယ်။ အများပြည်သူကို အနှောင့်အယှက် ဖြစ်စေတာမျိုး သူဝါသနာမပါဘူး။

တောစိတ်ဝင်တယ် ပြောရအောင်လည်း တောနက်နက်မှ မဟုတ်ဘဲ။ သံကုန်အော်တဲ့သူက အရင်ဘဝက တိရစ္ဆာန်တစ်ကောင်များ ဖြစ်ခဲ့လေသလား။ ဒီလူ ဘာလို့ ဒီလိုအော်တာပါလိမ့်။ ဘာရည်ရွယ်ချက်နဲ့ အော်တာလဲ။ ဝဋ်နာ ကံနာ တစ်မျိုးလား၊ ဝဋ်နာ ကံနာကြောင့် အော်နေတာမျိုးတော့ မဖြစ်ပါစေနဲ့။

× × ×

တောင်အောက်က လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြတဲ့အခါ ရက်တော်တော်များများမှာ ဒီအော်သံအကြောင်း ဟိုဘက်ဝိုင်းကပြော၊ ဒီဘက်ဝိုင်းကပြောနဲ့ လူပြောများတဲ့ အကြောင်းအရာတစ်ခု ဖြစ်နေတယ်။ သေချာတာတစ်ခုကတော့ ကြားရသူတိုင်းက ဒီအော်သံကျယ်ကြီးကို မနှစ်မြို့ကြဘူး။

အော်တဲ့သူတွေ့ရင်တော့ မအော်ဖို့ပြောမယ့်သူနဲ့၊ ပြောလို့မရရင် ခေါင်းကို ရိုက်ခွဲပစ်မယ်ဆိုတဲ့သူလည်း ပါတယ်။

သြော် ... အော်သံကျယ်ကြီးဟာ လူအများစုကြီးက မကြိုက်ကြ၊ လက်မခံကြ၊ မနှစ်မြို့ကြတဲ့ ကိစ္စတစ်ရပ်ပဲ။ ကိုညိုမင်း မနက် တောင်တက်တိုင်း ဒီအသံဆိုးကြီးကို မကြားရပါစေနဲ့၊ မကြုံရပါစေနဲ့လို့ ဆုတောင်းရတာ အမော။

ဒီလိုသာဆုတောင်းတာ အဲဒီလိုအော်နေတဲ့ပုဂ္ဂိုလ်ဟာ ဘယ်လိုလူလဲ။ အသက်ကြီးကြီးလား၊ ရွယ်ရွယ်လား၊ ငယ်ငယ်လား၊ ဘာအလုပ်လုပ်သလဲ၊ အလုပ်အကိုင်ကော ရှိရဲ့လား။ အသားဖြူဖြူလား၊ ညိုညိုလား၊ အရုပ်အမောင်းကရော၊ ပြီးတော့ ရုပ်ရည်ကရော၊ ဘယ်လိုရုပ်ရည်လဲ။ ကိုညိုမင်း စိတ်ဝင်စားနေမိတယ်။ ဘုရားဖူးတောင်တက်လာကြသူတွေ စွန့်ပစ်ခဲ့တဲ့

mgyoe.com

mgyoe.com


ရေသန့်ဘူးခွံတွေ လိုက်ကောက်နေတဲ့သူတွေထဲက အော်နေတာတော့ ဟုတ်မယ်မထင်ဘူး။

မနက် နှစ်ချက်သုံးနာရီလောက်က မိုးကလေးတစ်ပြိုက် ကျလိုက်တယ်။ နာရီဝက်လောက်ရွာတယ် ထင်ပါရဲ့၊ အစိုးမရတဲ့မိုးက ဘုရားကြီးဘက်၊ တရုတ်တန်းဘက်၊ ဆိုင်းတန်းဘက်သည်း ထင်ပါရဲ့။ မနက်လမ်းလျှောက်ချိန်ရောက်တော့ မိုးကတိတ်နေပါပြီ။ မိုးကြောက်ကြတဲ့ မန္တလေးသူ မန္တလေးသားတွေ မိုးကလေးတစ်ပြိုက်ကျတာ အကြောင်းပြပြီး မိုးအေးအေးနဲ့ အိပ်ရာထဲမှာ ချိုးကွေးကွေးနေကြတယ် ထင်ပါရဲ့။

အသက်တော့ ရှည်ချင်ပါရဲ့။ ဒါပေမဲ့ ဒီလိုမိုးအေးအေးမှာ မန်းတောင်ရိပ်ခိုဖို့ အပျင်းဖက်နေကြတယ်လေ။ ကိုညိုမြင်းတောင်မှ သူ့အပျင်းတွေမနည်းခွာချ၊ အိပ်ရာထဲက ရုန်းထခဲ့ရတယ်။ အိပ်ရာကမထခင် ဆက်အိပ်ရမလား၊ ထပဲထရမလား ဒွိစိတ်လွန်ပွဲကြီး ကျင်းပလိုက်ရသေးတယ်။

မိုးဓာတ်၊ ရေဓာတ်၊ အအေးဓာတ်နဲ့ ပြည့်စုံလှပနေတဲ့ မန္တလေးတောင်တော်ဟာ မင်းပွဲစိုးပွဲတက်မယ့် မြို့မျက်နှာဖုံးတစ်ယောက် ဝတ်စားဆင်ယင်ထားသလို ခံ့ညားသပ်ရပ် လှပနေတယ်။

သြော်…ဒီလို မင်္ဂလာကျက်သရေအပေါင်းနဲ့ ပြည့်စုံတဲ့ မနက်ခင်းကို တောင်ပေါ်ကို မလာမိကြတဲ့သူတွေအတွက် ကိုညိုမြင်း စိတ်မကောင်းဖြစ်မိတယ်။ ဘယ်ဆီက ပွင့်နေမှန်းမသိတဲ့ ပုန်းညက်ပန်းရနံ့လေးက လေထဲမှာ ကြိုင်လှိုင်နေတယ်။ ရဲပတောင်းခတ်နေတဲ့ စိန်ပန်းပွင့်တွေက အပင်ပေါ်မှာတစ်ဝက် လမ်းပေါ်မှာတစ်ဝက်။ ပတ်ဝန်းကျင်က လှချင်တိုင်း လှနေပါပေါ့။

ကိုညိုမြင်း ဘုရားရှိခိုး မေတ္တာပို့၊ နေ့စဉ်ရွတ်ဆိုနေကျ မေတ္တသုတ်၊ မင်္ဂလသုတ်တွေ ရွတ်ဆိုရင်း တောင်ပေါ်ကို ပီတိအပြည့်၊ စိတ်ချမ်းသာမှုအတိနဲ့ တက်လာခဲ့တယ်။ ပတ်ဝန်းကျင်အလှကို ခံစားရင်း သူ့ကိုယ်သူလည်း နုပျိုလာသလိုပဲ။

ဈေ့ငှက်ကလေးတွေ သူ့ရှေ့မှာတင် သာသာယာယာ သီကျူးလို့ ခပ်ဝေးဝေးက ဥဩသံကလေးလည်း နွဲ့နွဲ့လေးကြားနေရတယ်။ တောင်

mgyoe.com

mgyoe.com


တက်ဖော်တွေက ရေဒီယိုဖွင့်၊ ဖွင့်ပြီး ကမ္ဘာကြီးနဲ့ မျက်ခြည်မပြတ်ဖို့ နားစိုက်သူလည်း ရှိ၊ အမ်ပီဖိုး နားကြပ်နဲ့ တရားနာသူနာ၊ လက်နှိပ်တာလီနဲ့ အမှတ်မှတ်သူမှတ်နဲ့၊ ခပ်ကျဲကျဲပါးပါး ဆုံကြ ဖြတ်သန်းကြပေါ့။

မြောက်ဘက် ရွှေကျင်အဆင်းစောင်းတန်းကွေ့ အရောက်မှာ အာခေါင်ခြစ်အော်သံကြီး သူကြားလိုက်ရတယ်။ ရုတ်တရက်မို့ ကိုညိုမြင်း လန့်တောင်သွားတယ်။ နေဦး ကြုံတုန်းမြင်ဖူးအောင် အပြေးလေး လိုက်ကြည့်မိတယ်။ ဟိုလူကလည်း အဆင်းမို့ ခြေလှမ်းကသွက်သွက်၊ ဝါးတစ်ရိုက်လောက်အလိုမှာ ဒီလူ့မျက်နှာ လှစ်ခနဲ မြင်လိုက်ရတယ်။

ပါးစပ်ကယောင်ပြီး အမယ်လေး တမိတော့မလို့။ ဆိုးလိုက်တဲ့ မျက်နှာပေါက်၊ ခိုင်းနှိုင်းစရာ စကားလုံးတောင် မရှိဘူး။ ။

***

mgyoe.com

mgyoe.com

## စာခြောက်ရုပ်မလေး

အိမ်ကထွက်လာကြတာတော့ ဓာတ်ပုံတွေ လည်ရိုက်ကြဖို့မှ မဟုတ်ဘဲ။ အထက်ပိုင်းက မြို့သစ်လေးတစ်မြို့ကို စာအကြောင်း၊ ကဗျာအကြောင်း၊ အနုပညာအကြောင်းတွေ မျှဝေကြဖို့ ထွက်လာကြတာ။ အတူပါလာသူကလည်း နာမည်ကြီးဂျာနယ်တစ်စောင်ရဲ့ အထက်ပိုင်း ဗျူရို တာဝန်ခံ၊ သတင်းသမားတစ်ဦး။ သူ့မှာလည်း ကင်မရာပါတယ်။

ကိုညီပုကလည်း ဆောင်းပါးလေးရေးလိုက်၊ ကဗျာလေးကလည်း ခပ်ကျဲကျဲပါ။ ဓာတ်ပုံကလည်း ရိုက်လိုက်သေး။ အခု ကျောင်းနေဖက်သူငယ်ချင်းတွေ ဦးစီးကြတဲ့ မြို့သစ်လေးတစ်မြို့၊ သူတို့မြို့မှာရှိတဲ့ အခမဲ့သင်ပေးနေတဲ့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း တည်ထောင်တာ ငါးနှစ်ပြည့်တဲ့ အထိမ်းအမှတ် စာပေဟောပြောပွဲတဲ့။

ဒါနဲ့ ကိုညီပုနဲ့ ဆရာကျော်တို့ နာမည်ကျော် မန္တလေး မြစ်ကြီးနား ရထားဆီ ထွက်ခဲ့ကြတယ်။ ဘူတာရုံရောက်တော့ ဒုရုံပိုင်ချုပ်က စာရေးဆရာလည်း ဟုတ်၊ ခင်မင်ရင်းစွဲလည်း ရှိကြတာကြောင့် ဝင်ပြီး နှုတ်ဆက်ကြတယ်။ ရထားထွက်ဖို့ နည်းနည်းစောနေတာကြောင့် ဒုရုံပိုင်ချုပ် ရုံးခန်းမှာ ထိုင်နားကြရင်း စကားတွေ ပြောကြတယ်။

ရထားအကြောင်း၊ မဂ္ဂဇင်းနဲ့ ဂျာနယ်တွေအကြောင်း၊ အမျိုးသား

mgyoe.com

mgyoe.com

စာပေဆု ပူပူနွေးနွေးရကြတဲ့ မန္တလေးက စာရေးဆရာတွေအကြောင်း စုံလို့။ စကားကောင်းနေတုန်းမှာ လူတစ်ယောက်က နဘားလော်ကယ်ဆိုလား နဘားရထားဆိုလား ဘယ်အချိန်ဆိုက်မှာလဲလို့ ဝင်ပြီး စုံစမ်းတော့ ဒုရဲပိုင်ချုပ်က ခပ်သောသောလေး အဖြေပေးလိုက်တယ်။

"ရုပ်မြင်သံကြား"တဲ့။

ရထားဆိုက်ချိန် လာမေးသူလည်း ကြောင်သွားတယ်။

ဂျာနယ်ဆရာရော၊ ကိုညီပုရော ဒုရဲပိုင်ချုပ်ပြောတာကို နားမလည်ကြဘူး။ မျက်နှာခံကြည့်ပြီးတော့သာ ခပ်သောသောလို့ပြောရတာ၊ ဘာအဓိပ္ပာယ်ပါလိမ့်။ ဟိုပုဂ္ဂိုလ်က နားမရှင်းလို့ "ဗျာ"လို့ တစ်ခွန်းထပ်မေးတယ်။

"သြော် အရုပ်မြင်ပြီး အသံကြားရတဲ့အချိန် ဆိုက်မှာပဲလို့ ပြောတာပါ ဟား...ဟား...ဟား.."ဆိုပြီးရယ်တော့ ကိုညီပုတို့လည်း ဝိုင်းရယ်ကြတယ်။

ပြီးမှ သူ့လက်ဝဲဘက်မှာရှိတဲ့ သင်ပုန်းအဖြူကြီးကို ကြည့်ပြီး ရထားဆိုက်ချိန်ကို ဖြေလိုက်တယ်။

ကိုညီပုတို့ သွားကြမယ့် မြို့သစ်လေးဆီ ဦးတည်ထားတဲ့ ရထားကရော အချိန်မှန် ထွက်ပါ့မလား။ မြို့သစ်ကလေးကို ရထားဆိုက်ချိန်ကရော ဘယ်လိုလဲ။ တွေးစရာတွေ တန်းစီဝင်လာတယ်။

သြော်...ရုပ်မြင်သံကြားတဲ့လား။

ကုသိုလ်ကံက ကိုညီပုတို့ဘက်မှာရှိတယ်။ ရထားက သူထွက်ရမယ့် အချိန် ပုံမှန်ထွက်တယ်။ မြို့သစ်လေးက လာကြိုတဲ့ ကိုအေးချမ်းဆိုတဲ့ ပုဂ္ဂိုလ်က စာရေးသူနှစ်ဦးရဲ့ လက်ဆွဲအိတ်တွေကို ဗွတ်ကူသယ်လို့ မနည်းပြန်လုကြရတယ်။ နှုတ်ဆက်ခဲ့တယ် ရုပ်မြင်သံကြားဆိုတဲ့ ဒုရဲပိုင်ချုပ်ရေ။ နေရစ်တော့ ရွှေမန္တလေး။

ရထားထွက်ကတည်းက မြို့သစ်လေးအကြောင်း တွေးလာတယ်။ ရထားက ဘေးဝဲယာယိမ်းပြီး ပုံမှန်အရှိန်နဲ့ ခုတ်မောင်းလာတယ်။ နဂိုကရှိပြီးသားမြို့၊ သစ်ဆိမ့်ဆည်ကြီးတည်တော့ အဲဒီမြို့အပါအဝင် ကျေးရွာ

mgyoe.com

mgyoe.com

အုပ်စု (၆၀) ကျော် ရွှေ့ပြောင်းပေးခဲ့ရတယ်။ ကိုညီပု သူ့ကိုယ်သူ မြို့သစ်လေးမှာ နေထိုင်သူတစ်ဦးအဖြစ် ခံစားပြီး သူ့အိမ်တိုင်တွေကို မချွတ်ချင်ဘဲ စိတ်မပါလက်မပါ ချွတ်ကြည့်မိတယ်။ ပစ္စည်းတွေ အထုပ်အပိုးတွေကို ကားကြီးတစ်စီးပေါ်ကို တင်ကြည့်နေတာ အကြာကြီး၊ အတွေးထဲမှာ စိတ်မောနေတာလေ။

ရထားကတော့ မြို့ဟောင်းကျော်လို့ အမရပူရကိုတောင် ချဉ်းကပ်နေပြီ။ ဆရာကျော်က ဘာတွေတွေးနေတယ်မသိ၊ အဝေးကိုငေးနေတာလား။ ဂျာနယ်ခေါင်းကြီးပိုင်းတစ်ပုဒ် အကြံထုတ်နေသလား။

နေပူပူ၊ ပုဆိုးဟောင်းတစ်ထည်ကို ခေါင်းပေါင်းပြီး တစ်ယောက်တည်းနိုင်တာ တစ်ယောက်တည်း မ,နေ ရွှေ့နေတဲ့ ဇနီး မဝင်းကို မြင်ယောင်တယ်။ တစ်ယောက်တည်းမနိုင်တဲ့ ပစ္စည်းတချို့တော့ ကိုညီပုပါနှစ်ယောက် ရွှေ့ကြ သယ်ကြ လင်မယားနှစ်ယောက် မမနိုင်တဲ့ ပစ္စည်းကျသမီး မလင်းနဲ့ မောင်ဖိုးအောင်တို့ပါ ကူမကြပေါ့။ သားအမိသားအဖ တစ်တွေနေပူကျဲကျဲမှာ ချွေးစီးကြောင်းကိုယ်စီနဲ့ လက်ဖဝါးတွေကျိန်း၊ လက်မောင်းတွေ အောင့်လို့။

ဩော်…ဧရာဝတီတံတား (ရတနာပုံ)ကိုတောင် လှမ်းမြင်နေရပြီ။ တံတားကုန်းကြီး သုံးကုန်းက နေစာလှုံနေတယ်။ ဆရာကျော်က သူ့ကင်မရာထုတ်လိုက်တော့မှ စိတ်ကူးနဲ့ အိမ်ရွှေ့နေတဲ့ ကိုညီပုလည်း သတိရပြီးကင်မရာကို ကမန်းကတန်း ထုတ်လိုက်မိတယ်။ ရထားပြတင်းက လှမ်းမြင်ရတဲ့ စစ်ကိုင်းတောင်ရိုး၊ စေတီဖွေးဖွေး၊ ရွှေရေးရေးနဲ့ ဧရာဝတီတံတားဟာ ဓာတ်ပုံရိုက်ထားဖို့ကောင်းတဲ့ မြင်ကွင်းပဲပေါ့။ စီးလာတဲ့ရထားကသိပ်မမြန်ပေမဲ့ ပုံကောင်းရဖို့ အချိန်သိပ်ဆွဲလို့ မဖြစ်ဘူး။ ခပ်မြန်မြန် ဆုံးဖြတ်၊ ခလုတ် ခပ်မြန်မြန်နှိပ်ပစ်လိုက်တယ်။ မဆိုးပါဘူး။ သင့်တင့်တဲ့ဓာတ်ပုံ တချို့ ရလိုက်သလားလို့၊ နည်းနည်းတော့ စိတ်ထဲ ပေါ့သွား သလားလို့။

ရထားကတော့ စစ်ကိုင်းတံတားအဝင်မှာ အရှိန်နည်းနည်း လျှော့သွားတယ်။ စိတ်ကူးထဲမှာပဲ သစ်ဆိမ့်ဆည်ကြီးကို ပုံဖော်ကြည့်နေမိတယ်။

mgyoe.com

mgyee.com


ကုန်းတွင်းပင်လယ်တစ်ခု ဖြစ်မှာပါပဲ။ ရေပြင်ကျယ်ကြီးက မျက်စိတစ်ဆုံးပဲ။ ဆည်ရေပြင်ကို ဖြတ်တိုက်တဲ့လေတွေက တဟူးဟူးနဲ့နေမှာ။ ကျေးရွာပေါင်းများစွာက လူတွေရဲ့လုပ်အားတွေ ဒီဆည်ကြီးမှာပါတယ်လို့ သူ ကြားဖူးတယ်။ ဒီဆည်ရေထဲမှာ တောင်သူတွေ၊ လက်လုပ်လက်စားတွေရဲ့ ချွေးစတွေ ရောနေမှာပဲ။ အင်းတိုင်ရွာမှာ အခုတည်ထားတဲ့ဘုရားက အရင်ရွာဟောင်းက ဝန်ချီစက်တွေနဲ့ မပြီး ရွှေ့ထားကြတာဆိုပဲ။ သူတို့ကို လာကြိုတဲ့ ကိုအေးချမ်းက ကွမ်းတွေဝါးရင်း သူတို့အရပ်အကြောင်း မိတ်ဆက်စကားတွေ ဆိုနေတယ်။ ကိုညီပုက သူခံစားနိုင်စွမ်းသလောက် လိုက်ပြီး ပုံဖော်ကြည့်နေမိတယ်။

တချို့နေရာမှာ ကိုအေးချမ်းမပြောပေမယ့် သူ့စိတ်ကူးနဲ့ စွက်တဲ့ ပေါက်ပြားပေါက်သံ၊ တူရွင်းသံ၊ တက်ခေါက်သံ၊ အံကြိတ်သံတွေလည်း ကြားယောင်ရင်းပေါ့။

စစ်ကိုင်းအဝင်မှာ ထုတ်ထားတဲ့ ကင်မရာလေးခမျာ မှိုင်တွေချပြီး လိုက်လာရင်း ကိုအေးချမ်းရဲ့ သစ်ဆိမ့်ဆည်ဖွဲ့ကို နားစွင့်နေရှာတယ်။ ရွာထောင်ဘူတာကျော်တော့ မင်းဝံတောင်ရိုးက ရထားနဲ့ယှဉ်ပြီး လိုက်လာနေတယ်။ ကိုညီပု ကျောင်းသားဘဝက ကျင်လည်ဖူးတဲ့ မင်းဝံတောင်ရိုးကို ခဏတော့ ငေးမိသား။ မင်းဝံတောင်ရိုးနဲ့ ရထားလမ်းကြားမှာ ပဲခင်းတွေ၊ နှမ်းခင်းတွေ၊ နေကြာခင်းတွေ ရှိတယ်။ တမာပင်စုစု၊ ထန်းပင်စုစုလည်း တွေ့နေရတယ်။ မိုးနှံ့ချုံ၊ ကိုင်းပင်တွေအပေါ် ရထားအရိပ်က ရိပ်ခနဲ ရိပ်ခနဲ ဖြတ်သွားတယ်။ ပဲစင်းငုံပင်တွေ မအောင်ကြတာများတယ်။ မြေပဲခင်းထဲ နေကြာကြဲထားတယ်။ နေကြာပွင့်တွေက ရွေ့နေတဲ့ ရထားတွဲကြီးကို လိုက်ငေးနေသလိုပဲ။ ဩော် ဒီနှစ် မိုးခေါင်တယ်လေ။ နေကြာတွေ သိပ်မကြီးသလို ပဲစင်းငုံတွေလည်း သိပ်မအောင်ကြဘူး။ ခြောက်သယောင်း ညှိုတိုတို ဖြစ်နေတဲ့ ပဲစင်းငုံတွေကြည့်ပြီး ကိုညီပု မြို့သစ်လေးမှာ ဘာတွေပြောရဟောရရင် ကောင်းမလဲ စဉ်းစားနေတယ်။

ပရိသတ်က ဘယ်လိုပရိသတ်လဲ။ ကျောင်းသူနဲ့ စာသင်သားတွေ တက်ကြမှာတော့ သေချာတယ်။ မြို့လူထုအပြင် နယ်ပရိသတ်ပါ လာချင်

mgyee.com

 mgyoe.com 

ရင် လာလိမ့်ဦးမယ်။ ဇာတိမြို့၊ ဇာတိရပ်ကနေ မြို့သစ်လေးဆီ အခြေကျ အောင်ကြိုးစားကြတဲ့ သူ့ပရိသတ်ကို ဘာတွေများ ကိုညိုပု ပြောရပ်။ ဗုဒ္ဓဘာသာဝင်အများစုနေကြတဲ့ မြို့သစ်လေး၊ သာသနာထွန်းကားတဲ့ အရပ်မို့ ဆရာတော် သံဃာတော်နဲ့ သိက္ခာရှင်တွေလည်း ကြွလာနိုင်သေး။

အတွေးမဆုံးခင်မှာ သူ့မြင်ကွင်းထဲ စာခြောက်တဲ့ ဝါးတံလေးတွေမှာ ကြွပ်ကြွပ်အိတ် ပလတ်စတစ်စချည်ပြီး စာခြောက်ထားတာ တွေ့ခဲ့ရတယ်။ ဩော် ကြွပ်ကြွပ်အိတ်တွေ ပလတ်စတစ်စတွေလည်း ဝါးတံမှာချည်ပြီး စာခြောက်နေရှာပါပကော။

ဆရာကျော်က သူ့ကင်မရာနဲ့ ရထားအပြင်ကို ချိန်လိုက်တယ်။ ရှုခင်းက ဓာတ်ပုံဆရာအကြိုက် ရှုခင်းမဟုတ်ပါဘူး။ ဒီမောင် ဘာတွေ ချိန်ပြီး ဘာကိုရိုက်မလို့ပါလိမ့်။ ဩော် စစ်ကိုင်းနယ်မှာ သီးနှံမအောင်တာ လည်း ဂျာနယ်သမားအတွက် သတင်းပဲပေါ့။ ဒီဓာတ်ပုံတွေဟာ သူဦးစီးတဲ့ ဂျာနယ်မှာ သင့်တင့်တဲ့အချိန်မှာ ဘွားခနဲပေါ်ရင် ပေါ်လာလိမ့်မယ်။

ကိုညိုပုက ကဗျာအကြောင်းနည်းနည်း၊ ဝတ္ထုအကြောင်းနည်းနည်း၊ လေးစားအားကျတဲ့ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ဆရာမင်းသုဝဏ်၊ ဆရာဇော်ဂျီ၊ ဆရာဗန်းမော်တင်အောင်၊ ဆရာမြသန်းတင့်တို့ ဘဝနဲ့စာပေ နည်းနည်းစီ၊ ကိုညိုပု နှစ်သက်စွဲလမ်းတဲ့ အက်ဆေးတွေ၊ ဆောင်းပါးတွေ အကြောင်း စီကာပတ်ကုံးပြောနိုင်ဖို့ ပြင်ဆင်နေမိတယ်။ ပြီးတော့ သဘာဝ ပတ်ဝန်းကျင်အကြောင်းလည်း နည်းနည်းတော့ ပြောချင်သေးတယ်။

စာရေး၊ ပဒူ၊ ခက်ခ ကျော်တဲ့အခါ ရေမြက်ကြီးအင်းကို တွေ့တော့ ဆောင်းခိုငှက်တွေ တွေ့ရမလားလို့ ကင်မရာကိုကိုင်ပြီး ပြတင်းကနေ လှမ်း ကြည့်မိတယ်။ ဩော် သစ်ဆိမ့်ဆည်ရေပြင်ဟာ ရေမြက်ကြီးအင်းပြင်ထက် ဘယ်နှဆ ကျယ်ပြောပါလိမ့်နော်။ သစ်ဆိမ့်ဆည်ဘက်ရော ဆောင်းခိုငှက် တွေ ဆင်းကြလေသလား။ ဒီအရပ်ဟာ ကိုညိုပုရဲ့ဆရာ၊ ဆရာဦးဇေမောင် သိန်း၊ သူ့ချစ်သူ ငှက်တွေကို ဓာတ်ပုံလာရိုက်တဲ့နေရာလေ၊ ဒီနှစ် ဆောင်းခို ငှက်တွေ အလာနည်း ထင်ပါရဲ့။ ဌာနေ တင်ကျီးလေးငါးကောင်ပဲ တွေ့ခဲ့ ရဲ့။ ဒါလည်း ဟိုးအဝေးကြီးမှာ။ ကိုညိုပုကင်မရာ မမီဘူး။ ရေမြက်ကြီးအင်း

mgyoe.com

mgyoe.com

ကိုကျော်တော့ ယာခင်းတချို့က နည်းနည်းစိမ်းစိုစိုရှိတယ်။ ဒီဘက်ကတော့ သီးနှံအတွက် မဆိုးလောက်ဘူးလို့ တွေးရင်း ကိုအေးချမ်း ပြောတဲ့ စကားတွေဆီ အာရုံပြန်ရောက်သွားတယ်။

ကိုအေးချမ်းက ဒီတစ်ခါတော့ ရေနံမှော်အကြောင်း ပြောပါလေရော။ အကြောင်းအရာတစ်ခုကို နားထောင်သူရဲ့ အာရုံထဲမှာ ထင်မြင်လာ အောင် ပြောနိုင်စွမ်း ရှိသူပါလား။ ကိုအေးချမ်းရေနံမတူးဘဲ စာရေးဆရာလုပ်ရင် စာပေဆုတွေ ဘာတွေတောင် ရနိုင်လိမ့်ထင်ရတယ်။ သူပြောတဲ့ စကား တစ်လုံး ကိုညီပုမှတ်ဉာဏ်မှာ စွဲကျန်ရစ်တယ်။ ''ကျွန်တော်တို့ရဲ့ အခြေအနေကတော့ မုဆိုးမရဲ့ လက်နှီးစုတ်ကို စနိုးတာဝါဖြစ်အောင် ဖွပ်ရမယ့် အခြေအနေဗျ''တဲ့။

''မနက်ဖြန်ကျင်းပမယ့် ဟောပြောပွဲကို ကိုအေးချမ်းပဲ တက်ပြောပါတော့ဗျာ''လို့ ကိုညီပုကပြောတော့ ပျာပျာသလဲ ငြင်းတယ်။ ''ခွေးဖြူတောမတိုးဘူးဆိုတဲ့စကား အရှိသားနဲ့ ဆရာရယ်''တဲ့။ ပြောလို့သာ ပြောရတာ ကိုအေးချမ်းအသားက မဖြူတဲ့အပြင် ညိုတဲ့ဘက်တောင် ကဲသေးတယ်။

စကားကောင်းနေတုန်း ရထားပြတင်းကနေ မြင်ကွင်းတစ်ကွက် လှမ်းမြင်လိုက်ရတယ်။ မြေပဲခင်းထဲမှာ နေကြာ ကျဲကျဲ ပက်ထားတယ်။ အဲဒီယာခင်းထဲမှာရှိတဲ့ စာခြောက်ရုပ်တစ်ရုပ်က ကိုညီပုကို ပါးစပ်အဟောင်းသား ဖြစ်သွားစေတယ်။ အရင်တွေ့ခဲ့တဲ့ ဝါးကိုင်းမှာ ပလတ်စတစ်ချည်ထားတဲ့ စာခြောက်ရုပ် မဟုတ်ဘူး။ တကယ့် စာခြောက်ရုပ်။ ဟိုတုန်းက တွေ့ဖူးတဲ့ ရေအိုးပေါ်မှာ ထုံးဖြူဖြူနဲ့ သွားဖြဲရုပ် ရေးထားတာမျိုးလည်း မဟုတ်ဘူး။ ကောက်ရိုးတွေနဲ့ ပတ်ထားပြီး ဂျူရိုးဦးထုပ်စုတ်ဆောင်းထားတဲ့ စာခြောက်ရုပ်မျိုးလည်း မဟုတ်ဘူး။

ကင်မရာထုတ်ချိန်လိုက်ပေမဲ့ ကိုညီပု တွေဝေနေတာနဲ့ နောက်ကျသွားပြီး ခလုတ်နှိပ်ချိန် မရလိုက်ဘူး။ မချိတင်ကဲ စိတ်အပြည့်နဲ့ ခေါက်လိုက်တဲ့ သူ့တက်ခေါက်သံက ဆရာကျော်ရော ကိုအေးချမ်းပါ ဘာပါလိမ့်လို့ အံ့သြသွားစေတယ်။

''ဟိုမှာ စာခြောက်ရုပ်ကွ''သူတို့လည်း လက်ညှိုးထိုးရာ လိုက်

mgyoe.com

mgyoe.com


ကြည့်ကြတာပဲ။ ကိုညီပုကလွဲလို့ ဟိုလူနှစ်ယောက် လှမ်းကြည့်ပေမဲ့ မြင်လိုက်ရဟန် မတူဘူး။

"ဝါးလုံးကို ကြက်ခြေခတ်ပြီး အင်္ကျီဝတ်ပေးထားတာဗျ"

ကိုညီပုစကားက ဆရာကျော်နဲ့ ကိုအေးချမ်းအတွက် ဘာမှမဖြစ်လောက်ဘူးဆိုတာ သိတယ်။ နောက်တစ်ခွန်းက သူတို့ရင်ဘတ်တွေကို တည့်တည့်မှန်တယ်။

"အောက်ပိုင်းမှာ ဝတ်ပေးထားတာ ကျောင်းစိမ်းစကတ်လေးဗျ"

ကိုညီပု စကားမဆက်နိုင်သလို ဆရာကျော်နဲ့ ကိုအေးချမ်း ငိုင်သွားကြတယ်။ ကိုအေးချမ်းရဲ့ အနွေးထည်ပေါ်မှာ မိဘဆရာပူးပေါင်း ကလေးပညာကောင်းဆိုတဲ့ စာလုံးတွေရိုက်ထားတဲ့ တြိဂံပုံထဲမှာ ပညာဆီမီးတံဆိပ်လေးက ဆရာကျော်နဲ့ ကိုညီပုတို့ရင်ဘတ်ပေါ် ခုန်ကူးလာသလိုပဲ။

"စာခြောက်ရုပ်ကို ကျောင်းစိမ်းဝတ်စုံ ဘာလို့ ဝတ်ပေးထားရသလဲဗျ"

ကိုညီပုအသံက မဆိုစလောက် ခက်ထန်သွားတယ်။ ဘယ်သူမှ မဖြေကြဘူး။

"ဒီပြင်ဝတ်စုံ ဝတ်ပေးစရာ မရှိကြဘူးလားဗျ"

ဆရာကျော်က သူ့ကိုတစ်လှည့် ကိုအေးချမ်းကိုတစ်လှည့် ကြည့်နေတယ်။

"အနီးအနားမှာ ဒီကျောင်းဝတ်စုံဝတ်မယ့် ကျောင်းသူ မရှိရော့သလားဗျာ"

ကိုညီပုအသံက နည်းနည်းတိမ်ဝင်သွားတယ်။

"သူ့ခမျာ နာမည်ကသာ စာခြောက်ရုပ်၊ ကျီးတွေရော၊ ဆက်ရက်တွေရော၊ စာတွေရော ခြောက်ရတာဗျ"

ကိုအေးချမ်း အသက်အောင့်ထား ထင်ပါရဲ့။ ကိုညီပုကို တစ္ဆေတစ်ကောင်ကြည့်သလို စိုက်ကြည့်နေတယ်။

"ကျွန်တော် ဓာတ်ပုံရိုက်လိုက်ချင်တာ မရလိုက်ဘူး၊ နောက်ကျသွားတယ်။ ဒါပေမဲ့ ကျွန်တော် အဲဒီစာခြောက်ရုပ်မလေးပုံကို ဟောဒီ

mgyoe.com

mgyoe.com


ရင်ဘတ်နဲ့ ရိုက်ထားလိုက်တယ်။ သိပ်လက်ရာမြောက်တဲ့ ပုံရိပ်။ ကမ္ဘာပေါ်မှာ ဘယ်ဓာတ်ပုံဆရာဆီမှာမှ မရှိတဲ့ အတုမရှိ၊ အတူမရှိတဲ့ ဓာတ်ပုံ၊ ဟောဒီ ရင်ဘတ်ကြီးထဲမှာ ရှိတယ်။ ကျွန်တော်မသေသရွေ့ ကျွန်တော့်နှလုံး ခုန်နေသရွေ့ ....”

*ကျွန်းလှအသွား ရထားလမ်းရဲ့ အရှေ့ဘက်ရှိ*
*စာခြောက်ရုပ်မလေးသို့ စာနာကြင်နာစိတ်ဖြင့်...*

mgyoe.com

mgyoe.com

## မီးပူကျ အရိပ်အာဝါသ

နာမည်ရင်းက ''ဦးမောင်ကို''ပါ။ ဒါပေမဲ့ လေးစားကြတာကြောင့်ရော၊ အသက်အရွယ်ကြောင့်ရော လူအများစုက ''ဘကြီးကို''လို့ ခေါ်ကြတယ်။ သြဇာလေးလည်း ရွာနဲ့ ရွာဝန်းကျင်မှာ အတော်ရှိတယ်လေ။ ပိုက်ဆံနဲ့ သြဇာ တွဲလျက်ရှိနေတဲ့ ဘကြီးကိုပေါ့။ အရင်ကတော့ ပိန္နဲကုန်းမှာ ဘကြီးကိုကို ဟော့ကောင်မောင်ကို၊ ဟော့… ဖိုးကိုလို့ ခေါ်တဲ့သူတွေရှိတယ်။ သက်တူရွယ်တူ မတိမ်းမယိမ်း သူငယ်ချင်းတွေပေါ့။

တချို့ အသက် ဉာဏ်မစောင့်တာပဲ ထင်ပါရဲ့။ ဘကြီးကိုရဲ့ ခေတ်ပြိုင်တွေ တစ်နှစ်တစ်ယောက်နှစ်ယောက် ပြုတ်ပြုတ်ကုန်ကြတယ်လေ။

အများစုက ဘကြီးကိုနဲ့ သောက်ဖော်စားဖက်တွေ။ တချို့လည်း ပုလင်းမဖက်၊ တရားဖက်ကြတာပဲ။ ဒါပေမဲ့ သူ့ကံနဲ့သူ လာကြတယ် ထင်ပါရဲ့။ ဘုန်းကြီးပြီး သက်မရှည်ကြဘူး။ ဦးထွန်းပေါ်တို့ ဦးဘခွေးတို့ဆိုရင် ဘုန်းလည်းမကြီးဘူး။ အသက်လည်း မရှည်ကြဘူး။

ဘကြီးကိုက အသက်ဉာဏ်စောင့်တဲ့အထဲမှာ ပါတယ်။ အသက်ခြောက်ဆယ်သာ ကျော်လာရော။ ခပ်ပျော်ပျော်ပဲ နေတယ်။ သူ့မှာ နာမည်ကျော် ကဗျာဆရာကြီးလို ရန်သူမရှိ၊ မိတ်ဆွေသာရှိ ဆိုတဲ့လူမျိုး။ အသက်ဘယ်လို ဉာဏ်စောင့်သလဲဆိုတော့ သူဖတ်ဖူးတဲ့အထဲမှာ ပါတယ်။ ဆရာကြီး

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com


ရွှေဥဒေါင်းစာထင်ပါရဲ့။ အရက်ကို လူကြီးလူကောင်းသောက်သလို သောက်တယ်။ သူ့မှာ လစ်မစ်ရှိတယ်။ နေ့တိုင်းသောက်တယ်။ ဒါပေမဲ့ သူ့လစ်မစ် သုံးပက်ထက် မကျော်ဘူး။ ညနေတိုင်း သုံးပက်ပဲ။ ဘယ်သူနဲ့ တွဲသောက်လို့မှ သုံးပက်ထက်မပိုဘူး။ ချော့တိုက်လည်း မသောက်၊ မြှောက်ပင့်ပြောလည်း မသောက်ရေးချ မသောက်ပဲ။

ဘကြီးကိုက မုဆိုးဖို၊ ဇနီးသည်ဒေါ်ပျော့ ဆုံးသွားတော့ ဒေါ်ပျော့ဘက်ကပါတဲ့ လယ်လေးယာလေး သူရလိုက်တယ်။ သူ့မှာလည်း ယာလေးလယ်လေးက ရှိပြီးသား။ ဒေါ်ပျော့ဆုံးတော့ ဒေါ်ပျော့လည်း အရွယ်ကောင်း ဘကြီးကိုလည်း အရွယ်ကောင်း၊ လေးဆယ်သာသာတွေ။ နွားတွေ ကျွဲတွေ ဆိတ်အုပ်တွေနဲ့။ ပိန္နဲကုန်းသာမက ရောက်တောတို့ ပိတောက်စုတို့ ရွာနီးချုပ်စပ်က အပျိုကြီးတွေ တစ်လင်ကွာတွေ မုဆိုးမတွေ ဘကြီးကိုကို ပြစ်မှားမယ်ဆို ပြစ်မှားစရာပေါ့။ ပြီးတော့ ဘကြီးကိုတို့မှာ သားထောက်သမီးခံမှ မရှိဘဲ။ တချို့က သူပိုင်ဆိုင်တာတွေ တိမ်သလ္လာခံပြီး မုဆိုးဖိုလို့တောင် တချို့သမီးရှင်တွေက မအောက်မေ့ကြဘူး။

ဒေါ်ပျော့ဆုံးလို့ အရက်တွေ နေ့တိုင်းသောက်နေတာ မဟုတ်ပါဘူး။ မဆုံးခင်ကတည်းက သောက်ခဲ့တဲ့သူလေ။

နိုင်ငံခြားအရက် ကောင်းပေ့ဆိုတဲ့ ဝီစကီဝယ်ပြီး အိမ်မှာသောက်နိုင်တယ်။ သောက်နိုင်တဲ့ အခြေအနေရှိတယ်။ တားမယ့်သူ၊ ကြောက်ရမယ့်သူမှ မရှိတာ။ ဒါပေမဲ့ မသောက်ဘူး။ ဆိုင်မှာသောက်တယ်။ ပြီးတော့ ကိုယ်တိုင် ချက်သောက်မယ်ဆိုရင်လည်း သူ ကောင်းကောင်းချက်တတ်တယ်။ ထန်းလျက်တွေ၊ ထနောင်းခေါက်တွေ၊ ကောက်ညှင်းတွေ သူ့အလှမ်းမီတယ်။ ကူညီချက်ပေးကြမယ့် တပည့်လက်သားတွေလည်း ရှိတယ်။ အရက်ကို လက်ညှိုးနဲ့တို့၊ စားပွဲပေါ်မှာ ကကြီးအက္ခရာရေး၊ ပြီးရင် မီးခြစ်နဲ့ ခြစ်လိုက်။ ကကြီးမီးတောက်လေးရရော။ ဒါမျိုး ချက်သောက်ချင် သလား။ ဖြစ်တယ်။

အရင်ကတော့ ရွာထဲကဆိုင်တွေလှည့်ပြီး ကြုံရင်ကြုံသလို သောက်တာပါပဲ။ နောက်တော့ ဘကြီးကို မူပြင်လိုက်တယ်။ လူခင်လို့ မူပြင်

mgyoe.com

mgyoe.com

လိုက်တာ။

အိမ်မှာဝယ်သောက်လည်း ရတယ်။ ဘယ်သူ့မှလည်း ဂရုစိုက်စရာ မလိုတဲ့ ဘကြီးကို နှစ်နှစ်ကျော်ကျော်လောက်ရှိပြီ။ တစ်ဆိုင်တည်းပဲ သတ်သတ်မှတ်မှတ် သောက်တော့တယ်။ ရွာအရှေ့ပိုင်း ကျော့ကျော့ခင်ရဲ့ ဆိုင်ပေါ့။ နေပူပူ မိုးရွာရွာ ကျော့ကျော့ခင်ဆိုင်မှာ သွားထိုင်မယ်။

"ငါ့ အတွက်ပေးစမ်းဟေ့ ကောင်မလေး အမြည်းဘာရှိသတုံး" ဒါဘကြီးကို နေ့စဉ်ပြောနေကျစကား။

ကျော့ကျော့ခင်ကလည်း ဘကြီးကို မခိုင်းပေမဲ့ ဘကြီးကို သောက်နေကျ သီးသန့်ခွက်ထဲ သုံးပက်ထည့်ပေးမယ်။

ရွာက ကာလသားတွေကရော ဘကြီးကိုထက် နည်းနည်းငယ်ကြတဲ့ ငါးဆယ်ကျော် ခြောက်ဆယ်တွင်းတွေကရော မြွေမြွေချင်း ခြေမြင်ကြတယ်။ ဘကြီးကို ကျော့ကျော့ခင်ကို သမာဓိပိုး ပိုးနေတယ်ဆိုတာ ရိပ်မိကြတယ်။ တချို့က ဗေဒင်မေး ဆန်ကုန်သတဲ့။ အတပ်သိတာပေါ့တဲ့။

တချို့ မိတ်ဆွေအပေါင်းအသင်းတွေကလည်း ဘာရယ်မဟုတ်ပါဘူး။ စကားအဖြစ် ပြောတတ်ကြတယ်။ ရာသီဥတုကလည်း ပူပါဘိနဲ့။ ကျွန်တော်သာ ဘကြီးကိုနေရာမှာဆို အိမ်မှာတင် ဝီစကီ နေ့တိုင်းသောက်နေမှာ။ ဘရန်ဒီတွေ နေ့တိုင်းသောက်မှာ။ ဘကြီးကိုမို့ ခြေအညောင်းခံလို့။ ဟိုနှယ် ဒီနှယ် ပြောကြတယ်။

ပြောကြတဲ့လူတွေ ငေါ့ကြတဲ့လူတွေ ဘယ်လိုပြောကြ ငေါ့ကြပစေ။ မမှုဘူး။ ဂရုမစိုက်ဘူး။ ဘကြီးကိုရဲ့မှုကို ပြင်လောက်အောင်လည်း လူက ခင်စရာကောင်းနေတယ် ဟုတ်လား။

ကျော့ကျော့ခင်ဟာ ရှိရင် သူ့သမီး အငယ်ဆုံးလောက်ရှိမှာ။ နှစ်ဆယ် ကျော်ကျော် အစိတ်တောင် မပြည့်တတ်သေးဘူး။ ဆံပင်အုံကောင်းကောင်း၊ မျက်တောင်ကော့ကော့နဲ့ အလုံးအဖန်ဖွံ့ဖွံ့၊ အရပ်ငါးပေငါးလက်မဆိုတာ မြန်မာမထဲမှာ မြင့်တဲ့အထဲ ပါတယ်။ ရွှေဘိုသူ ဝင်စားသလား၊ မွန်အမျိုးသမီးတစ်ယောက် ဝင်စားသလား တစ်ခုခုပဲ။

အဖေရော အမေရော မရှိကြတော့။ ဦးလေးနဲ့အဒေါ်ဆိုင်မှာ ကူညီ

mgyee.com


လုပ်ကိုင်ပေးနေတာ။ ကျော့ကျော့ခင်ကြောင့် သူတို့စားသောက်ဆိုင်လေး ရောင်းရပါရဲ့။ ဒါပေမဲ့ ဘကြီးကိုကြောင့် သိပ်မရောင်းရတာ။ နို့မို့ရင် ဒီထက် ရောင်းရမှာလို့ အပြစ်တင်ကြသူတွေလည်း ရှိရဲ့။ မနာလိုလို့ ပြော ကြတာတွေပေါ့။

ဘကြီးကို ဒီဆိုင်ကိုလာရင် သူထိုင်နေကျ နေရာမှာပဲ ထိုင်တယ်။ ဆိုင်ရှင်တွေကလည်း အချိန်တန်ရင် ဘကြီးကိုနေရာမှာ ဘယ်သူမှ မထိုင်ရ အောင် ရှင်းပေးထားကြတယ်။ နေ့စဉ် ပုံမှန်လာသောက်တဲ့ ဖောက်သည် လေ။ ပြီးတော့ ဒီဖောက်သည်က နှစ်ချီပြီးသောက်တဲ့ ဖောက်သည်။ ကျော့ကျော့ခင်ဦးလေးနဲ့ အဒေါ်တို့ကလည်း ဘကြီးကို ဘာလို့ လာသောက် နေတယ်ဆိုတာ ရိပ်မိကြတယ်။ ပြောကြစို့။ လာမသောက်မှာကို စိုးနေတာ။ ပြောပြီကော ပိန္နဲကုန်းက တချို့အပျိုကြီးတွေ ဘကြီးကိုကို စိတ်ကူးနဲ့ မူကြီး ရိုက်နေကြတာ။ လက်တွေ့ရိုက်ကြည့်ရင် သူတို့ ဘူကျကုန်မှာ။

ပိန္နဲကုန်းကတင် မကပါဘူး။ ရှောက်တောရော ပိတောက်စုက အပျို တွေလည်းပါ၊ မုဆိုးမ တစ်လင်ကွာတွေလည်း ပါတယ်။ ဒေါ်ပျော့ ထားခဲ့ တဲ့ စတီလက်ကောက်တွေ ပြစ်မှားကြ၊ ဘကြီးကိုနဲ့ ဒေါ်ပျော့တို့ အိပ်ခဲ့ကြတဲ့ ကနုတ်တွေနဲ့ ထွင်းထားတဲ့ ကျွန်းသားခုတင်ကြီးပေါ် စိတ်ကူးနဲ့ အိပ်ကြည့် ကြ။ စိတ်အားရှိတိုင်း ဘကြီးကိုနဲ့ သုံးချပ်တစ်ထွေ လေးချပ်တစ်ထွေ ခင်း နေကြတာ။ သူတို့ခမျာ သနားပါတယ်။ စိတ်ကူးနဲ့ ဘေးစိပ်ပြီး ရင်ခုန်နေ ကြတာ။

နေစောင်းရင် ရေမိုးချိုးကြမယ်။ တပည့်ကျော်သာအောင် ပြန့်နေ အောင်တိုက်ပေးထားတဲ့ ရှပ်အင်္ကျီနဲ့ ပုဆိုးမီးပူကျ ဝတ်မယ်။ ချွေးနံ့ပျောက် ဆေး နှစ်ချက်သုံးချက်စီ ချိုင်းကြားပွတ်မယ်။ ပြီးရင် ဆံပင်ကို ကျကျနန ဖြီးမယ်။ တပည့်ကျော်က ကတ္တီပါသဲကြိုးတွေကို ဘရပ်နဲ့ ကျကျနန တိုက် ထားတဲ့ ဖိနပ်ကို ကောက်စွပ်မယ်။ ပြီးရင် ရွာရှေ့ပိုင်းကို ချီတက်ပြီ။

သူထိုင်နေကျနေရာမှာ ထိုင်တယ်။ ဆိုင်ထဲမှာ ဘယ်သူတွေရှိသလဲ မသိမသာ အကဲခတ်မယ်။ လူစိမ်းရှိခဲပါတယ်။ စပါးပွဲစား၊ ပဲပွဲစားတချို့ စပါးဝယ်၊ ပဲဝယ်လာရင်း ဝင်သောက်သူရှိမယ်။ ဆိုင်နားမှာ ရပ်ထားတဲ့

mgyee.com

mgyoe.com


လှည်းနဲ့ နွား မြင်ကတည်းက၊ မော်တော်ဆိုင်ကယ် မြင်ကတည်းက ဧည့်သည် အစိမ်းအကျက် ဘကြီးကို သိတယ်။ ချိုးသိန်းငှက်များလိုပဲ ကိုယ့်ပိုင်နက်ထဲ ဒီပြင်ချိုးသိန်းဝင်လာရင် သိတယ်ဆိုတာမျိုး။

သူထိုင်နေကျနေရာက လက်ဖက်သုပ်တို့ ဟင်းပွဲတို့ ပြင်တဲ့ ကျော့ကျော့ခင်လေးရဲ ကိုယ်လုံးကို ခြေဆုံးခေါင်းဆုံး မြင်ရတဲ့နေရာ။ ပြီးရင် "ငါ့အတွက် ပေးစမ်းဟေ့ … ကောင်မလေး အမြည်းဘာရှိတုံး"ဒါဆိုရင် ဘကြီးကို မလာခင် နာရီဝက်လောက်ကမှ ရေမိုးချိုး ဖြီးလိမ်းပြင်ဆင်ထားသူလေးက ဘိလပ်ရည်ပုလင်းထဲမှာ အရက်သုံးပက်ထည့်ယူလာမယ်။ ပြီးရင် ကောင်မလေးက ဒီနေ့ရနိုင်တဲ့ အမြည်းတွေပြောမယ်။ ဘကြီးကို ခေါ်တော ကျကျ မကြည့်ပါဘူး။ တစ်ချက်လှမ်းကြည့်ပြီး စိတ်မဝင်စားသလို နေလိုက်တာပါပဲ။ ပြီးမှ ပဲလှော်ကြော်တစ်ပွဲလို့ မှာချင်မှာမယ်။ အမဲပုဆိုးကြမ်း တစ်ခွက်လို့ မှာချင်မှာမယ်။

သူ့အသက်အရွယ် ဒီပြင်လူတွေ သွားမကောင်းကြတော့လို့ ဒါမျိုး ဘယ်မြည်းကြလိမ့်မလဲ။ ဒါပေမဲ့ ဘကြီးကိုရဲ့ သွားတွေက  သူများတကာ ထက် ကောင်းတုန်း။ ဒါကြောင့် အရွယ်တင်တယ်လို့ ပြောကြတာပဲ။

တစ်ချက်လှမ်းကြည့်ပြီး အမြည်းလာချတဲ့အခါ "မကျော့ နင်ဒီနေ့ လှတယ်"ဒီတစ်ခွန်းပြောမယ်။ ဒါ နေ့စဉ်ပြောတဲ့စကား၊ ဘကြီးကိုစကားရဲ့ အတိမ်အနက်ကို အပြုံးလေးနဲ့ တုံ့ပြန်လေ့ရှိတဲ့ ကျော့ကျော့ခင်ကလည်း သိတယ်။

တစ်ခါတလေတော့လည်း "မကျော့က ကျစ်ဆံမြီးအတုတ်ကြီးနဲ့ ကြည့်ကောင်းတယ်ဟေ့"ဆိုတာမျိုး ပြောတတ်တယ်။

မယ်ကျော့ရဲ့ စေတနာပါပါ သုံးပက်ကို ရေစွက်ပြီး ဖိမ်ဆွဲတော့တာပါပဲ။ ပဲလှော်ကြော်ဖွန်းတစ်ဝက်နဲ့ ကျော့ကျော့ခင် အလှတစ်ဝက်နဲ့ရောပြီး မြည်းတော့တာပဲ။ ဘကြီးကိုက ကျော့ကျော့ခင်လေးကို အေးမြတဲ့ သူ့အရိပ်အောက်မှာပဲ ကျော့ကျော့ရှင်းရှင်းလေး တစ်ဘဝလုံးနေစေချင်တာ။ ညနေ မိုးချုပ်ခါနီးမှ ကျသင့်ဖိုးငွေ ပေးချေပြီး ပြန်တယ်။

လူကြီးစိတ်ဝင်တဲ့အခါ ပြန်ခါနီး ဘာမှမပြောပါဘူး။ ကာလသား

mgyoe.com

စိတ်ဝင်တဲ့အခါ မှူးကလည်း နည်းနည်းလေးမှူးတော့ မကျော့ ခေါ်နေရာက မိကျော့ ဖြစ်ရော…။

“မိကျော့ ငမှူးတွေကို အရောမဝင်နဲ့နော် ကြားလား”ဆိုတာမျိုး မှာတတ်တယ်။

“မိကျော့ နင့်ဦးလေးနဲ့ အဒေါ်ကို ပြောထားဦး၊ သိပ်သဘော မကောင်းကြနဲ့၊ တော်တော် ဆိုင်မှာ အကြွေးကျလိမ့်မယ်”

ဒီလိုစကားမျိုးလည်း တစ်ခါတလေ ပြောတတ်တယ်။

ချစ်သူကို ပိုးပန်းကြတဲ့နည်း အမျိုးမျိုးရှိလိမ့်မယ်။ လူပျိုလှည့်နည်း ဘယ်နှရာရှိပါလိမ့်။ နောက်ပိုးနည်း ဘယ်နှထောင်ရှိပါလိမ့်။

ဘကြီးကို လူပျိုလှည့်ပုံက အဆန်း။ ကျော့ကျော့ခင်ဆိုင်မှာရောင်းတဲ့ အရက်နဲ့ အမြည်းတွေအတွက် အရင်းအနှီးတွေ ဘကြီးကို ထုတ်ပေးထားတာ။ ပြီးမှ ကိုယ့်အရက်ကို ပြန်ဝယ်သောက်နေတာ။

ဘကြီးကို လူပျိုလှည့်ပုံက အဲဒီလိုမျိုး။ ။

***

mgyoe.com

mgyoe.com

## လူအများစုကြီးရဲ့ အလင်းည

အမှန်အတိုင်း ဝန်ခံရရင်တော့ ကျွန်မ ဒီည စိတ်သိပ်လှုပ်ရှားနေမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ညအချိန်မှာ ဓာတ်ပုံရိုက်ရမှာလေ။ ပြီးတော့ ကျွန်မလေးစားတဲ့ ကြောက်ရတဲ့ ဆရာနဲ့အတူ သွားရိုက်ရမှာ။ ဆရာက ကျကျနန သင်ထားပါလျက်နဲ့ ကျွန်မဖြစ်မြောက်အောင် စွမ်းဆောင်နိုင်ပါ့မလား။ ညအချိန် ခပ်မှောင်မှောင် အလင်းရောင်နည်းနည်းထဲမှာ ဓာတ်ပုံတွေ ရိုက်ရမှာကို ကျွန်မ ကြောက်နေမိတယ်။ ဒီအလုပ်ဟာ ကျွန်မအတွက်တော့ တော်တော်ခက်ခက်ခဲခဲ အလုပ်ပဲ။ သင်တန်းကာလမှာကတည်းက ကျွန်မရှောင်ပြန်ခဲ့တာ ဟောဒီ နိုက်ဆင်း (Night Scene) လို့ခေါ်တဲ့ ညခင်း ဓာတ်ပုံ ရိုက်ချက်တွေပဲ။ ဆရာက တဖွဖွပြောပါလျက်နဲ့ ကျွန်မ အဆင်မပြေခဲ့ဘူး။ ဒီပြင်သင်တန်းသူ သင်တန်းသားတွေက ပုံကောင်းတွေရပါလျက် ကျွန်မမရဘူး။

ဖလက်မီးလည်း မဖွင့်ရဘူး။ အိုင်အက်စ်အိုဆိုတဲ့ ပုံရိပ်ဖမ်းစွမ်းရည်ဂဏန်းတွေလည်း နင်းကန်မမြှင့်ရဘူး။ အလင်းတံခါး အဖွင့်အပိတ် ရှက်တာစပိဒ်ကလည်း နှေးဦးမှာ။ ဒီကြားထဲက ညခင်းပုံကောင်းရအောင် ရိုက်ရမှာ၊ လက်တော်တော်ကို ငြိမ်ရမယ့် အလုပ်လေ။

သင်တန်းအတူတူတက်ဖက် "သူသာသင်း"တို့၊ "မူမိုးမြင့်"တို့ရရင်

mgyoe.com

mgyoe.com


ငါလည်း ရရမှာပေါ့။ ဒီလိုစိတ်ဓာတ်နဲ့ ကြိုးစားတာပဲ။ ဒါပေမဲ့ ကျွန်မ ရိုက်တဲ့ပုံတွေ ကောင်းတစ်ကွက် မကောင်းလေးငါးကွက် ဖြစ်နေတယ်။ ဆရာက ကျွန်မကို စိတ်ရှည်လက်ရှည် သင်ပေးတယ်။ စေတနာနဲ့ သင်တယ်။ သူ့နဖူးမှာ နှုတ်ခမ်းမှာ ချွေးတွေစို့အောင်ကို ရှင်းပြတယ်။ အဲဒီ စိတ်ရှည်မှုနဲ့ စိတ်စေတနာတွေကပဲ ဆရာ့အပေါ် ကျွန်မလေးစားချစ်ခင်မှု တွေ ဖြစ်ပေါ်တယ်ထင်ပါရဲ့။

စတစ်ကော်လာနဲ့ အင်္ကျီအဖြူပဲ အမြဲဝတ်ပြီး သင်ကြားပေးတဲ့၊ ဆံပင်က မဆိုသလောက်ရှည်ပေမဲ့ ကြည့်လို့ကောင်းတဲ့ (ကျွန်မမျက်စိထဲမှာ ကြည့်လို့ကောင်းတာ) ပြီးတော့ လက်စွမ်းပြဓာတ်ပုံရှိပေမဲ့ ပြိုင်ပွဲတွေ ဘယ်တော့မှ ဝင်မနွှဲတာ အပါအဝင် ဆရာ့ကို ကျွန်မလေးစားတာ၊ အံ့သြတာ၊ အထင်ကြီးတာတွေနဲ့ ပြည့်နှက်နေတယ်။ ဆရာရဲ့ အနုပညာမြောက် ဓာတ်ပုံ တွေက ကျွန်မကို ကလောင်သာမက ကင်မရာကိုပါ စွဲမြဲစေတယ်လေ။

အံ့သြဖို့တော့ အကောင်းသား၊ ဂျာနယ်တွေ ဒီလောက်အများကြီး ထွက်နေတာ ဆရာက လက်လှမ်းမီသရွေ့ အစုံဖတ်သတဲ့။ ဘောလုံးဂျာနယ် တောင် မချန်ဘူး။ ဆရာ့ခမျာ သူအားပေးတဲ့ ချယ်လ်ဆီးအသင်းက ဒီနိုင်ငံမှာ လူကြိုက်နည်းတဲ့အသင်း ဖြစ်နေတဲ့အကြောင်းလည်း ပြောဖူး တယ်။ ဒါပေမဲ့ အန်တီဒေါ်အောင်ဆန်းစုကြည်လည်း သူနဲ့အကြိုက်ချင်းတူ ချယ်လ်ဆီးကိုပဲ အားပေးတဲ့အကြောင်း ပြောတဲ့အခါမှာတော့ ဆရာ့မျက်ဝန်း ဟာ အရောင်တွေနဲ့ စိုရွှန်းနေပြန်ရော။ ကျွန်မအတိုက်အတွန်းကောင်းလို့ ကျွန်မ တာဝန်ထမ်းနေတဲ့ "အမျိုးသား" ဂျာနယ်ကို ဆရာရှာဖွေဖတ်တယ်။ ပြီးရင် သူ့ခံစားချက် ပြောတယ်။ သင်တန်းချိန်မှာ ကြားညှပ်ပြီး ပြောတာ။ အမျိုးသားဂျာနယ်ရဲ့ အယ်ဒီတာ့အာဘော်အပေါ်မှာ သူ့အမြင်ပြောတဲ့အခါ ပြောတယ်။ ကျွန်မရေးတဲ့ သတင်းဆောင်းပါးကို ဝေဖန်တဲ့အခါ ဝေဖန်တယ်။ အဲဒီအခါကျတော့ ဆရာဟာ ဘောလုံးဂျာနယ်ပရိသတ်တစ်ဦး မဟုတ်တော့ ဘူး။ ဝါရင့် စာနယ်ဇင်းဆရာတစ်ဦးနဲ့ တူတယ်။

ကျွန်မဟာ မူလပထမက အရပ်သူအရပ်သား သတင်းသမား တစ်ယောက်ပဲ။ ကျွန်မ ရေးသားချက်တွေကို ဖတ်ရှုသူတွေက နှစ်သက်

mgyoe.com

mgyoe.com


သဘောကျတယ်ဆိုတာနဲ့ စာနယ်ဇင်းပညာကို လေ့လာခဲ့တာပဲ။ နောက်တော့မှ "အမျိုးသား"သတင်းဂျာနယ်က သတင်းထောက်အလိုရှိသည်ဆိုတာတွေလို့ လျှောက်လွှာတင်မိတယ်။

အလုပ်ခန့်ထားဖို့ အင်တာဗျူးကြတဲ့ ဆရာသမားတွေကိုယ်တိုင်က ကျွန်မရဲ့ ကလောင်ခွဲဖြစ်တဲ့ "ယွန်းယွန်းရီ"ကို ရင်းနှီးနေကြပြီးသား။ ဒီလိုနဲ့ပဲ ကျွန်မ ဒီဂျာနယ်နဲ့ လက်တွဲဖြစ်ကြတယ်။ သတင်းဆောင်းပါးဘက်မှာ အရေးထက်သူလို့ ဆရာသမားတွေက ထင်တာကြောင့် ကျွန်မကို သတင်းဆောင်းပါးတွေ ဖိပြီး တာဝန်ပေးကြတယ်။

တရုတ်ပြည်မှောင်ခိုထုတ်မယ့်လိပ် ရေထဲချလိုက်သလိုပဲ။ ဒီတာဝန်တွေကို ပျော်ပျော်ကြီး ခံယူလိုက်တယ်။ အသက်သုံးဆယ်ပြည့်ဖို့ သုံးနှစ်လောက်အလိုမှာ ဂျာနယ်သမားအချင်းချင်းကြားမှာ "ယွန်းယွန်းရီ"ရဲ့ နာမည်ဟာ သတိထားမိစ ပြုလာကြပြီ။

ဝေဖန်သံတစ်ခုပဲ တိုင်ပင်ထားကြသလို မိတ်ဆွေတွေ၊ လုပ်ဖော်ကိုင်ဖက်တွေဆီက ထွက်လာတယ်။ အဲဒါကတော့ ကျွန်မရေးတဲ့ သတင်းဆောင်းပါးတွေမှာ ဓာတ်ပုံမပါသလောက်ပဲ။ ဓာတ်ပုံတွေနဲ့ ဝေဝေဆာဆာဆိုရင် ပိုကောင်းမယ်တဲ့။ ဒီလိုနဲ့ သာမန် အပျော်တမ်းကင်မရာလေးကနေ ဒီအက်စ်အယ်လ်အာရ်ပါ ပူးတွဲကိုင်ဖြစ်သွားတယ်။ ဆရာ့ရဲ့သင်တန်းကိုလည်း ပျက်ရက်မရှိ ကြိုးစားမိတယ်။ ပို့ချသင်ကြားနေတဲ့ ဆရာ့အာဘော်ကို သဘောကျတာလည်း ပါတာပေါ့။

ဆရာနဲ့ ညရှုခင်းတွေ ဓာတ်ပုံရိုက်ကြဖို့ ချိန်းဆိုထားကြတဲ့အချိန်စောနေသေးတာနဲ့ ကျွန်မ စတိုးဆိုင်ကြီးထဲကိုဝင်ပြီး အချိန်ဖြုန်းလိုက်တယ်။ ဘာဝယ်ဖို့မှ စိတ်ကူးမရှိပါဘူး။ မျက်စိစားပွဲထိုင်ဖို့၊ ဟိုငေးဒီငေး၊ လိုချင်စရာပစ္စည်းတွေကို သွားရည်ယိုဖို့ ဒီလောက်ပါပဲ။

ဒါပေမဲ့ နို့မှုန့်ဘူးတွေ၊ အချိုရည်တွေ ခင်းထားတဲ့ စင်တွေကျော်တော့ သကြားလုံးစင်၊ ချောကလက်စင်ကို ရောက်ပါလေရော။ နက်ဆဲလ် ချောကလက်တွေကိုမြင်တော့ ဆရာ့ကို ချက်ချင်းသတိရမိတယ်။ မုန်းစမ်းတစ်တောင့်ကို ဘယ်လောက်တဲ့။ အကြီးနဲ့အသေး၊ အကြီးက တွက်ခြေ

mgyoe.com

mg 

ကိုက်ပေမဲ့ ပါတဲ့ပိုက်ဆံက အသေးဖိုးပဲပါတယ်။ ဒါမျိုး ဆရာကြုံက်မှာ ပဲ။ ငွေချေတဲ့ကောင်တာမှာ ဈေးဝယ်တွေ တန်းစီနေကြတယ်။ ထောင် ဂဏန်း၊ သောင်းဂဏန်း ဝယ်ကြတဲ့ ဈေးဝယ်တွေရဲ့နောက်မှာ ကျွန်မ ကင်မရာအိတ်လွယ်ပြီး ချောကလက်တစ်တောင့်ကိုင်ပြီး ရပ်စောင့်နေရ တယ်။ ကျွန်မရဲ့အဖြစ်ကို အဲဒီအချိန်မှာ ဓာတ်ပုံရိုက်ထားရင် ဒီပုံဟာ တော်တော်အူကြောင်ကျားနိုင်တဲ့ ဓာတ်ပုံတစ်ပုံ ဖြစ်မှာပဲ။ ထဘီကတိုတို၊ တီရှပ်က ခပ်လတ်လတ်၊ အနီခံပေါ်မှာ အနက်ရောင် ရေးထားတဲ့စာသား က "ဓာတ်ပုံပညာ ပျော်စရာ"ဆိုတဲ့ အင်္ဂလိပ်စာလုံးကြီး ပြူးကြောင် ကြောင်။ လက်ထဲမှာဝယ်ထားတာက ချောကလက် အတောင့်သေးသေး လေး။ တန်းစီနေကြတဲ့ ဈေးဝယ်တွေက အထုပ်ကြီး ကြီးသလို မပြီးနိုင် ကြဘူး။

အဲဒီအချိန်မှာ တယ်လီဖုန်းမြည်တယ်။ ဟယ်…ဆရာ့ဆီကဖုန်း။ အစီအစဉ်များ ဖျက်လိုက်တာလား။ ဒီမှာ ဆရာ့အတွက် လက်ဆောင်ဝယ် နေတာ။ ဆရာ အံ့သြဝမ်းသာရအောင်လို့ စိတ်ထဲတင် ပြောနေမိတာ။ ဆရာ့ အသံက ဖြည်းဖြည်းဆေးဆေး မဟုတ်ဘူး။ ဒီလိုအသံမျိုး ဆရာ့ဆီက တစ်ခါမှ မကြားဖူးဘူး။ တစ်ခုခု အရေးကြီးနေတဲ့အသံ။ ဖုန်းချသွားတော့ မှ ဆရာ့စေတနာ နားလည်လေးစားမိတယ်။

ကျွန်မကို တိုင်းဒေသကြီး လွှတ်စစ်ရုံးကို ခုချက်ချင်း ဓာတ်ပုံသွား ရိုက်တဲ့။ သူလည်း အဲဒီမှာရှိမယ်။ အဲဒီမှာ မတွေ့ရင် မန္တလေးဝန်းတံဆိပ် ဟိုတယ်နားမှာ သူရှိမယ်။ ခုချက်ချင်းသွားတဲ့။ ဒီက ဘာမှတောင် ပြန်မမေး လိုက် မပြောလိုက်ရဘူး။ ဆရာက ဖုန်း ဖတ်ဆိုချသွားတယ်။

ရှေ့က ပိတ်ဆီးနေတဲ့ ဈေးဝယ်တွေကို စိတ်တိုမိတယ်။ ဒီ့ပြင်ကောင် တာ ပြောင်းရအောင်လည်း ပစ္စည်းတွေ တစ်ပုံတစ်ပင်တွေချည်းပဲ။ တန်းစီ နေကြတာကိုဖျက်ပြီး ကျော်တက်ရမှာလည်း ကိုယ့်လိပ်ပြာကိုယ် မလုံဘူး။ ကိုယ့်ကိုကျော်တက်သွားရင်လည်း မခံချင်ဘူး။ ကျွန်မ စိတ် သိပ်လှုပ်ရှား တာပဲ။ ဆရာပြောတဲ့ အကြောင်းအရာကို ကျွန်မရဲ့ဂျာနယ်တိုက်က မသိသေး ဘူးလား။ ဒါမှမဟုတ် အယ်ဒီတာချုပ်က ကျွန်မထက် ပုံကောင်း ရိုက်တတ်

mgyoe.com

mgyoe.com

တဲ့ မူမိုးမြင့်တို့ စိုးမောင်တို့ကို တာဝန်ပေးလိုက်ပြီလား။ သူတို့ နဲ့ကျွန်မ ယှဉ်ပြီး ဓာတ်ပုံရိုက်ရမှာလား။ ပုံကောင်းရမှရပါ့မလား။ ညမှာ ရိုက်ရမယ့် ပုံတွေ သတင်းဆောင်းပါး၊ ဓာတ်ပုံအကောင်းစား။ ကျွန်မရဲ့ အလှည့် ရောက်တော့မယ်။ ဖြစ်နိုင်ရင် တွန်းထိုးကျော်လွှားပြီး ချောကလက်ဖိုးကို ပေးချေခဲ့ချင်တယ်။

အမ်းငွေစေ့မစေ့ မရေတွက်နိုင်ဘူး။ လူတွေစုနေကြတဲ့နေရာကို အသော့နှင်ရတော့တာပေါ့။ ညရှခင်းရိုက်တဲ့ နည်းစနစ်တွေ စိတ်ထဲတင် ပြန်နွှေးရင်း ခြေလှမ်းကျဲကျဲ လှမ်းမိတယ်။ လက်ထဲကိုင်ထားတဲ့ ချော ကလက်ကို ကိုယ်ငွေ့နဲ့ဆိုရင် အရည်ပျော်ပြီး ပျော့အိကုန်မှာစိုးလို့ ကင်မရာ အိတ်ထဲ ပြောင်းရသေး။

လူအုပ်ကို ခပ်လှမ်းလှမ်းမှာ စတွေ့ရပြီ။ နံဘေးမှာရပ်ပြီး အားပေး ကြသူတွေရော၊ ဖယောင်းတိုင်မီး ကိုယ်စီကိုင်ထားတဲ့သူတွေရော အများကြီး လူစုကြီးနား မရောက်ခင်ကတည်းက ကင်မရာကို အသင့်ပြင်လိုက်တယ်။ ဂျာနယ်တိုက်ကို ဒီသတင်းလှမ်းပြောရမလား။ မပြောတော့ဘူး။ ဒါ သတင်း ထူး၊ သတင်းဦး။ လူအုပ်နဲ့ အနီးဝန်းကျင်မှာ ဘယ်ရှုထောင့် ဘယ်နေရာ ကနေ ကင်မရာခလုတ် နှိပ်ရမလဲ၊ ရှုထောင့်ကောင်းကောင်း ရွေးတတ်ရ မယ်လေ။ တိုင်းဒေသကြီးအဆင့်ရှိတဲ့ ရုံးဆိုင်းဘုတ်လည်း ပါချင်သေးတယ်။ ရှုထောင့်စဉ်းစားရင်း ကြည့်ရင်း ဆရာ့ကိုများ တွေ့လေမလား။

ကြည့်ပါဦး ကင်မရာတွေက များလှပါလား။ အသေးတွေရော၊ အကြီးတွေရော၊ တယ်လီဖုန်းထဲက ကင်မရာတွေရော။ သိပ်ပြီး စိတ်လှုပ် ရှားစရာကောင်းတဲ့ ရိုက်ကွင်းပါလား။ ကျွန်မ ခလုတ်တစ်ချက်နှိပ်လိုက် တယ်။ ကျွန်မအတွေ့အကြုံအရ၊ ဆရာသင်ပေးထားသမျှထဲက အကောင်း ဆုံးတစ်ပုံဖြစ်အောင် ကြိုးစားနှိပ်လိုက်တယ်။ ပေါ်လာတဲ့ပုံရိပ်ကို ကောင်း မကောင်း ပြန်မကြည့်ရဘူးလို့ ဆရာက သင်ထားလို့ ကြည့်ချင်ပေမဲ့ ပြန် မကြည့်ဘူး။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်နဲ့ နောက်တစ်ပုံ ရိုက် လိုက်တယ်။ တောင်ဘက် သုံးလေးလှမ်းတိုးလိုက်တယ်။ ပြီးတော့ နောက် တစ်ကွက်။ နောက်ထပ်တစ်ပုံ။ နေရာရွှေ့တယ်။ နောက်တစ်ချက်။ မျက်လုံး

mgyoe.com

mgyoe.com


ကတော့ ဆရာသမားကို ရှာမိတယ်။ သူတို့လက်ထဲမှာကိုင်ထားတဲ့ စာတန်းတွေလည်း ပေါ်စေရမယ်။ မျက်နှာအမူအရာ မာန်ပါတဲ့ အပျိုမလေးရဲ့ ဖယောင်းတိုင်မီးရောင်နဲ့ မြင်ရတဲ့ စိုနေတဲ့မျက်နှာပေါ်က ချွေးစများ။ (၇)နှစ်၊ (၈)နှစ် ကလေးရဲ့ ဆုပ်ကိုင်ထားတဲ့ လက်ဆုပ်ပေါ်ကျနေတဲ့ ဖယောင်းစက်များ။ ဓာတ်ပုံတွေရိုက်ရင်း၊ ဆရာ့ကိုရှာရင်း၊ ပါဝင်ဆင်နွှဲသူတွေရဲ့ မာန်ပါတဲ့ မျက်နှာတွေကို ခံစားရင်း ရင်ထဲမှာ တလှပ်လှပ်နဲ့။ ကြည်နူးတာလိုလို၊ ဝမ်းနည်းတာလိုလို၊ ပီတိဖြစ်တာလည်း ပါလိမ့်မယ်။ စာနာနားလည်တဲ့ စိတ်ခံစားမှုတွေ သူတို့ဆီကနေ ကျွန်မဆီ ပေါင်းစုမိသွားတာထင်ရဲ့။ ကင်မရာတစ်ဖက်ကိုင်ရင်း လူကြီးတစ်ယောက် ဝေပေးနေတဲ့ ဖယောင်းတိုင်တစ်တိုင်ကို လှမ်းယူမိတယ်။ မီးမညှိရသေးဘူး။ သူ့ကို မီးညှိလိုက်ရမလား။ ဓာတ်ပုံတွေပဲ ဆက်ရိုက်ရမလား။

ကျွန်မ ဓာတ်ပုံကောင်းတွေ ရချင်သေးတယ်။ ဆရာ့ကိုလည်း တွေ့ချင်သေးတယ်။ ကျွန်မ ငန်းတံဆိပ်ပတ်ဘက် ရွှေ့ခဲ့တယ်။ အဲဒီမှာလည်း ခါးကိုင်းနေတဲ့ အဘွားအိုတစ်ယောက်ရဲ့ ပုံကောင်းရလိုက်တယ်။ ဖယောင်းတိုင်မီးရောင်နဲ့ သူရဲ့ဘော်ငွေရောင်ဆံပင်နဲ့ လိုက်ဖက်လှတယ်။ တွန့်နေတဲ့ ပါးရေတွေအောက်က အဘွားရဲ့ မာန်တင်းထားပုံပေါ်ရင် ဘယ်လောက်ကောင်းမလဲ။ စည်းကမ်းတကျ တန်းစီနေကြတဲ့ ဖယောင်းတိုင်မီးရောင်တွေဟာ ညီညီညာညာ စီထားရှာသလား။ ဒါမျိုးကျတော့ အတန်းရှည်ကြီးရဖို့ ခပ်စွေစောင်းစောင်း ချိန်ကြည့်လိုက်တယ်။ ဆရာ ဘယ်မှာလဲ။ ဆရာ့ဖို့ ကျွန်မ လက်ဆောင်ဝယ်ခဲ့တယ်ဆရာ။ ဓာတ်ပုံကောင်းတစ်ပုံ ရလိုက်ရင် ဖြစ်ပေါ်တဲ့ပီတိကို ဘယ်လိုဖော်ပြရမလဲ။ ဆရာ့ကို ပြောပြချင်လိုက်တာ။ မူမိုးမြင့်တို့၊ စိုးမောင်တို့ ဘယ်အနားရောက်နေကြသလဲ။ ရွှေမန္တလေး၊ မြန်မာတိုင်း၊ အလင်းတန်း၊ အထက်မြန်မာပြည်၊ ပထမဆယ့်တစ်၊ ပေါ်ပြူလာ... အို ဂျာနယ်အသီးသီး ကိုယ်စားပြုတဲ့ သတင်းထောက်တွေ အများကြီးပါလား။ ကျွန်မကို အသိအမှတ်ပြုသူလည်းရှိ၊ ကိုယ့်အလုပ်ကိုယ် လုပ်သူလုပ်ကြ။ တချို့က ပြုံးပြရုံမျှ။ သတင်းဆောင်းပါးအတွက် ပုံကောင်းတွေ ရတယ်လို့ ထင်မိပြီး လူဟာ ပေါ့ပါးလန်းဆန်းနေတယ်။ တက်ကြွနေတယ်။

mgyoe.com

ပုံတွေ ကောင်းကိုကောင်းရမယ်။ ဟောဒီလူတွေရဲ့ဆန္ဒနဲ့ ကျွန်မဆန္ဒနဲ့ တစ်ထပ်တည်းမို့ ဓာတ်ပုံတွေကောင်းမှာ သိနေတယ်။

× × ×

အဲဒီညက ကျွန်မ သိပ်စိတ်လှုပ်ရှားမိတယ်။ တစ်သက်နဲ့တစ်ကိုယ် ဒီလောက်စိတ်လှုပ်ရှားပြီး ဝမ်းသာပီတိဖြစ်မိတဲ့ည မရှိသေးဘူး။ ကျွန်မ ရိုက်ခဲ့သမျှပုံတွေ အားလုံးနီးပါးကောင်းပြီး စိတ်တိုင်းကျမိတယ်။ ဆရာ့ ကျေးဇူးတွေပါပဲ။ ဓာတ်ပုံတွေကြည့်ရင်း ဗိုက်သိပ်ဆာလို့ ဆရာ့ပေးမယ့် ချောကလက်လေး ဖြေစားလိုက်တယ်။ အရင်က ကျွန်မ မကြိုက်ခဲ့တဲ့ ချောကလက်က တော်တော်အရသာရှိပြီး ကောင်းတာပါလား။ ချောကလက် ကိုတောင် ကြိုက်သွားမိပြီ။

ဗုဒ္ဓေါ ကွန်ပျူတာပေါ်မှာပေါ်နေတဲ့ ကျွန်မရဲ့ဓာတ်ပုံတွေ ပီတိအဟုန် နဲ့ ကြည့်နေတုန်း လျှပ်စစ်မီးက ရုတ်တရက် ပျက်သွားတယ်။ အကြည် ဓာတ် အရသာတွေ ရုတ်ခြည်းပျောက်ပျက်သွားပြီ။

မီးစက်အင်ဂျင်ကို နှိုးလိုက်တယ်။ မီးခိုးမည်းတွေ လုံးခနဲ ထွက်လာ တာနဲ့ တစ်ပြိုင်နက် ဆူညံတဲ့စက်သံကြီး ပတ်ဝန်းကျင်တစ်ခုလုံး ဟိန်းထွက် သွားတယ်။

ကွန်ပျူတာပေါ်မှာ ပေါ်လာတဲ့ ကျွန်မရိုက်ချက်တွေကို ကျွန်မကြည့် ရင်း ကိုယ့်မျက်လုံးကို မယုံနိုင်ဘူး။ ဒီဓာတ်ပုံတွေနဲ့သာ ကျွန်မ သတင်း ဆောင်းပါး ပေါင်းစပ်ဖော်ပြလိုက်ရရင်····။

ကျွန်မရေးမယ့် သတင်းဆောင်းပါးကလည်း ဒီနေ့ လူအများစုကြီး ရဲ့ဆန္ဒနဲ့ ထပ်တူထပ်မျှ ခံစားပြီး ရေးမှာဆိုတော့ စာဖတ်ပရိသတ် နှစ်သက် သဘောကျမှာပါလေ။

အဲဒီညက ကျွန်မ ယွန်းယွန်းရီရဲ့ ဓာတ်ပုံရိုက်ချက်တွေဟာ စာမေးပွဲ ကြီးတစ်ခုကို ဖြေဆိုရတာဆိုရင် စာမေးပွဲကြီးကို ကျွန်မ ဂုဏ်ထူးတွေနဲ့ အောင်တဲ့ည။ ။

ချစ်ခင်လေးစားရတဲ့ ဆရာသို့ ယွန်းယွန်းရီ

mgyoe.com



mgyoe.com

ဝင်ဝိဝင

mgyoe.com
mgyoe.com

mgyoe.com

## ဖင်စီခံနေ့စဉ်

အချုပ်သားတစ်ယောက် တရားရုံးသို့ ထွက်ရတယ်ဆိုရင် အဲဒီ အချုပ်သားဟာ သူ့မှာရှိတဲ့ အဝတ်တွေထဲက သစ်လွင်သပ်ရပ်တဲ့ အဝတ်ကို ဝတ်ပြီး တရားရုံးကို ထွက်မှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ အကြောင်းတရား တွေ အများကြီးရှိလိမ့်မယ်။ တစ်ဦးနဲ့တစ်ယောက် မတူနိုင်ဘူး။ အပြင်က လာနားထောင်တဲ့ မိဘဆွေမျိုး၊ မိတ်ဆွေအပေါင်းအသင်း တွေ့သွားရင် အထင်အမြင်သေးမှာ၊ ဒါမှမဟုတ် သွားပြီ၊ သူတို့သား သူတို့မောင်တော့ စိတ်ဓာတ်ကျနေပြီ၊ သူ့ကြည့်ရတာ စိတ်မချမ်းသာလိုက်တာ။ ဆွေမျိုး မိတ်ဆွေသင်္ဂဟ မျက်စိမျက်နှာပျက်တာ၊ ငိုတာယိုတာ ဘယ်သူမြင်ချင်မလဲ။ ဘေးပတ်ဝန်းကျင် ဘဝတူချင်း အထင်အမြင်မသေးအောင်လည်း ပါချင်ပါ မယ်။ ဒါကြောင့် ကိုယ့်မှာမရှိရင်တောင်မှ သူများဆီကငှားပြီး ဝတ်ဆင် ကြ၊ ပြီးတော့ တရားခွင်တက်ကြတာလေ။

တကယ်လို့ ပြစ်ဒဏ်စီရင်လိုက်ရင်လည်း ထောင်ထဲကျတော့ ပြန် ပေးမယ်။ တရားရုံးက တရားသေလွှတ်လိုက်ရင်လည်း နောက်တစ်နေ့ အချုပ်ထဲကို ဆေးလိပ် ကွမ်းယာနဲ့အတူ အင်္ကျီလုံချည်နဲ့ ပြန်ပို့ပေးမယ်။ အဲဒီလို တွေးတတ်ကြတယ်။

ကိုဝင်းဘို တရားရုံးထွက်လာတာ ကြမ်းပိုးသူခိုး၊ မုဒိမ်း၊ ဓားပြ

mgyoe.com

mgyoe.com


တစ်ယောက်လောက်တောင်မှ မသားနားဘူး။ လွန်ခဲ့တဲ့ ငါးလလောက်က သူ့ကိုလာဖမ်းတုန်းက ဝတ်ထားတဲ့ ပုဆိုးနဲ့ အင်္ကျီပဲရှိလေတော့ သူ ဒီအဝတ်ကလွဲ ဘယ်အဝတ်ဝတ်ပြီး ရုံးထွက်မလဲ။ သူနဲ့အတူ လက်ထိတ်တွဲပြီး ခတ်ထားတဲ့လူတွေ ကြည့်လိုက်တော့လည်း ဘာထူးလို့လဲ။ တွန့်တွန့်၊ ညစ်ညစ်၊ နွမ်းနွမ်း၊ ညှဉ်းသိုးသိုးချည်းပဲ။

လက်ထိတ်တွေ တွဲခတ်ထားတဲ့ သူတို့ကိုကြည့်ရတာ တောလော်ကယ် ရထားတစ်စင်းနဲ့ တူတယ်။ စုစုပေါင်း ဆယ့်သုံးယောက်။ အယူသီးတဲ့သူတော့ တစ်ယောက်မှ ကိုဝင်းဘိုတို့ရထားတွဲကြီးမှာ ပါပုံမရဘူး။ ဆယ့်သုံးဂဏန်းဆိုကတည်းက ထောင်က လွတ်ဖို့နဲ့ကျဖို့ ကျဖို့က များနေတယ်။

ကိုဝင်းဘိုက ထိပ်ဆုံးက။ ကျန်တဲ့သူတွေက သူမသိတဲ့သူတွေ။ နားစွန်နားဖျားကြားထားတဲ့အတိုင်း အရပ်ရုံးကို မထွက်ရဘူး။ စစ်ခုံရုံးနဲ့ သူတို့ နဖူးတွေ့ ဒူးတွေ့ တွေ့ကြပြီ။ တရားသူကြီးသုံးယောက်က ယူနီဖောင်းကိုယ်စီနဲ့ တရားခွင်မှာ ထိုင်နေကြတယ်။ ပြတင်းတွေ အလုံပိတ်ထားတဲ့ အခန်းမှာ လက်နက်ကိုင်တွေက မောင်းပြန်တွေနဲ့ စောင့်ကြပ်နေတယ်။

အလယ်ကောင်က အရာရှိကြီးက ဝင်းဘိုပါ ဆယ့်သုံးဦး၊ ဝင်းဘိုပါ ဆယ့်သုံးဦးနဲ့ စွဲဆိုချက်ကို ဖတ်နေတယ်။ ကိုဝင်းဘိုဟာ ဒီအတွေ့အကြုံက ပထမဆုံးဆိုပေမဲ့ ကြားဖူးနားဝ ဗဟုသုတတော့ ရှိတယ်။ ကိုဝင်းဘိုကို ပုဒ်မ (၅)(ည) နဲ့ ထောင်ဒဏ်ဆယ့်ငါးနှစ် ချလိုက်တော့ တကယ်ဆိုရင် ကျေးဇူးရှင်မိဘနှစ်ပါးကို အရင်ဆုံးပြေးမြင်ဖို့ ကောင်းတာပေါ့။ ကိုဝင်းဘိုက သူ့မိဘနဲ့ ဇနီးသည်ကို ဒုတိယနေရာက သတိရမိတာ။ ပထမဆုံး မျက်လုံးထဲ ပြေးမြင်မိတာတော့ သူ့ညီလေး မင်းကိုကိုပဲ။ မျက်လုံးပြူးပြူး၊ နားရွက်ကားကား၊ ဆံပင်သန်သန်၊ အသားညိုညို ပြုံးရယ်နေတဲ့ မျက်နှာပိုင်ရှင်ကို သူမြင်ယောင်မိတယ်။ တစ်ဆက်တည်းပဲ ညီလေးမင်းကို ဘေးရန်ခပ်သိမ်း ငြိမ်းပါစေ၊ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ ချမ်းသာအောင် ရွက်ဆောင်နိုင်ပါစေ၊ သူယုံကြည်တဲ့ နိုင်ငံရေးများ အောင်မြင်သည်အထိ လုပ်နိုင်ပါစေလို့ စိတ်ထဲကနေ မေတ္တာပို့

mgyoe.com

မိတယ်။

ခေါင်းတွဲကနေ ဟိုးဂါတ်ဗိုလ်တွဲအထိ ရထားတွဲတွေအားလုံး တစ်တွဲမှ ပြုတ်ကျန်မနေရစ်ဘူး။ ဆယ်နှစ်၊ ဆယ့်ငါးနှစ်၊ ဆယ့်ရှစ်နှစ်တွေ ကျကုန်တယ်။ အနှစ်နှစ်ဆယ် နှစ်ယောက် ပါလိုက်သေးတယ်။ ဒီကျနှစ်တွေကိုယ်က လွယ်ထား ထမ်းထားရတာ မှတ်လို့၊ စာရွက်ပေါ်မှာ ကွန်ပျူတာစီထားတာ ဘယ်မှုလိမ့်မတုံး။ ကြက်ဥထဲကတောင်မှ အပေါက်မရှိဘဲ ကြက်ကလေး ထွက်လာသေးတယ်။ ထောင်မှာ အပေါက်နှစ်ပေါက်ရှိတယ်။ ရှေ့ပေါက် (ဘူးဝ)က ထွက်ရရင် ထွက်ရ၊ မထွက်ရရင် နောက်ဖေးပေါက် (ထောင်ကျသေရင် ထုတ်တဲ့အပေါက်)က ထွက်ရမှာပေါ့။ ဒီလို နှလုံးပိုက်ပြီး ကိုဝင်းဘို ထောင်ကျဆောင်ကို လိုက်လာခဲ့တယ်။

ရှစ်ဆယ့်ရှစ် အရေးတော်ပုံကြီး ပေါ်ပေါက်လာတော့ သူ့ညီမင်းကိုက ကျောင်းသားတစ်ယောက်ပဲ ရှိသေးတယ်။ အရေးတော်ပုံကာလမှာ သူငယ်ချင်းတွေနဲ့ တက်တက်ကြွကြွ လှုပ်ရှားခဲ့တယ်။ အစ်ကိုဝင်းဘိုက ညီတော်မောင်မင်းကိုရဲ့ လှုပ်ရှားမှုတွေကို အမီမလိုက်နိုင်ဘူး။ ညီတော်မောင်က အစ်ကိုဖြစ်သူကို အရေးတော်ပုံအကြောင်း ရှင်းလင်းပြောပြခဲ့ပြီး ရှေ့ဆက်လုပ်ရမယ့် လုပ်ငန်းအစီအစဉ်တွေ ညီတော်သူဆီက သူသိခဲ့ရတယ်။ အစ်ကိုဖြစ်သူကို နားလည်သဘောပေါက်အောင် ရှင်းလင်းပြောဆိုနိုင်တဲ့ ညီလေး။ တတိယနှစ်ကျောင်းသား မင်းကိုက စက်မှုနဲ့ဘွဲ့ရပြီးတဲ့ အစ်ကိုတစ်ယောက်ကို ရှစ်ဆယ့်ရှစ်အရေးတော်ပုံ ပါဝင်လာအောင် ဦးဆောင်နေတယ်လေ။ သူ့သူငယ်ချင်းတွေ ခရီးထွက်၊ သူတို့လုပ်ငန်းစဉ်တွေအတွက် ငွေကြေးအကူအညီတွေ ကိုဝင်းဘို ကူညီခဲ့တယ်။ တချို့ကျောင်းသားတွေ မြောက်ပိုင်းကို ရောက်သွားတယ်။ တချို့ မန္တလေး၊ တချို့ အယုဒ္ဓယ။ မောင်မင်းကိုကတော့ ပိပိရိရိပဲ။ သူ့အလုပ်သူ ဆက်လုပ်တယ်။ ကိုဝင်းဘိုက မိဘလက်ငုတ် စက်မှုလက်မှုလုပ်ငန်းကို ကြိုးစားပြီး ပြန်အသက်သွင်းနေတဲ့သူ။

လက်ဖျားမှာ ငွေသီးနေတဲ့လုပ်ငန်း မဟုတ်ပေမဲ့ ညီလေးတို့ လုပ်ငန်းအတွက် သူ အတတ်နိုင်ဆုံး ကူညီခဲ့တယ်။ သူသိတယ်။ မင်းကိုရဲ့

mgyoe.com

mgyoe.com


သူငယ်ချင်းတွေဟာ လူငယ်တွေပေမဲ့ မူးယစ်နေတဲ့ လူငယ်တွေမဟုတ်ဘူး။ အပျော်အပါး စုံမက်သူတွေ မဟုတ်ဘူး။ ဒါကြောင့် မင်းကိုလိုပဲ သူ့သူငယ်ချင်းတွေကို ညီလေးတွေလို့ သူ အောက်မေ့တယ်။ ဩော်… ငါတို့တိုင်းပြည်မှာ ဒီလိုလူငယ်တွေ အများစုဆိုရင် သိပ်ကောင်းမှာပဲလို့ ကိုဝင်းဘို တွေးမိတယ်။ တချို့လူငယ်တွေ သူ့ညီထက်တောင်မှ ထက်မြက် ကြသေးတယ်။ တိုင်းပြည်ရဲ့အနာဂတ်အတွက် သူတို့ကို အားကိုးမိတယ်လေ။

မမျှော်လင့်တဲ့ အဖြစ်အပျက်ဆိုးက ဆိုင်းမဆင့် ဗုံမဆင့် ရောက်လာတယ်။ ဆင်ခြေရာလည်း တွေ့တယ်။ တွေ့တဲ့ဆင်ခြေရာကို ကိုဝင်းဘိုက တဖြည်းဖြည်းချုံ့နိုင်ဖို့ ကြိုးစားတယ်။ ကိုဝင်းဘို စာတွေ အများကြီး ဖတ်ထားသူဟုတ်လား။ ပြီးတော့ စက်မှုတက္ကသိုလ်ကျောင်းသား။ ဆေးတက္ကသိုလ်မှာ သူနဲ့ တစ်နှစ်တည်းအောင်ကြတဲ့ အခု ဆရာဝန်ဖြစ်နေကြသူတွေနဲ့လည်း သူ မကင်းကွာဘူး။ စာကောင်းပေမွန်တွေလည်း ဖတ်ကြတဲ့သူတွေ။ ကမ္ဘာ့အရေး မြန်မာ့အရေးတွေ သူတို့ နှီးနှောနေကျ။ တစ်ခါတလေ ငြင်းကြ ခုံကြပေါ့။ ဘက်စုံထူးချွန်ထက်မြက်တဲ့ စက်မှုတက္ကသိုလ်ကျောင်းသားဆိုတော့ ဆင်ခြေရာကို ချုံ့လိုက်တာ ကြွက်ခြေရာ ဖြစ်သွားတယ်။ တော်တော်လည်း ပေးဆပ်လိုက်ရတယ်။ ကြွက်ခြေရာ ဖြစ်သွားပေမယ့်လည်း စစ်ခုံရုံးက တစ်ဆယ့်ငါးနှစ် ကျခံစေပဲ။

ဒါပေမဲ့ ညီလေးမင်းကိုနဲ့ သူ့သူငယ်ချင်းတွေ ခလုတ်မထိ ဆူးမငြိဖို့ အရေးကြီးတယ်ဟုတ်လား။ ဘယ်သူမှ မငြိဖို့ အရင်းအနှီးကြီးကြီး ပေးခဲ့ရတယ်။ အတွင်းကြေကြေ၊ အညိုအမည်းစွဲ၊ သွားတွေနဲ့။

ကိုဝင်းဘိုရဲ့ ခြေထောက်မှာ ဘယ်လိုဗွေပါတယ် မသိ။ ထောင်ထဲမှာ ဝဲပေါက်ချင်လို့ ခြေဖဝါးယားတာချင်းအတူတူ သူက အင်းစိန်ကနေ သာယာဝတီထောင် ပြောင်းရတဲ့သူ။ သာယာဝတီကနေ သရက်ပြောင်းရတဲ့သူ။

သူ့ဇနီး မညိုညိုကို ကိုဝင်းဘို ချီးကျူးမိတယ်။ ဆွေမျိုးတွေကရော ပတ်ဝန်းကျင်ကပါ ချီးကျူးကြရတာလေ။ သူ ဘယ်ထောင်ပြောင်းပြောင်း ထောင်ဝင်စာထုပ်ကလေးပိုက်ပြီး သုံးလတစ်ခေါက် လေးလတစ်ခေါက် ရောက်လာမြဲ။ ဘယ်နခေါက်ပဲ လာပစေ၊ သူ့ဇနီး မညိုညိုလာရင် ပြော

mgyoe.com

mgyoe.com


မယ့်စကားတွေ၊ မေးမယ့်မေးခွန်းတွေ ဝမ်းသာ၊ ကြေကွဲ၊ ပီတိ၊ အလွမ်း အုံ့သြ၊ ပူဆွေးဆိုတာတွေနဲ့ ကြုံရတဲ့အခါ မပြောမိ မမေးမိဘူး။ ကြီးဒေါ်ကြီး နေကောင်းရဲ့လား။ အဖေတို့ အမေတို့ရော။ မင့်ကျန်းမာရေးက ဘယ်လိုလဲ။ သားသား ခေါ်မလာဘူးလား။ ညီလေးရော နေကောင်းရဲ့လား။ ဒီလို ဖန်တစ်ရာတေနေတဲ့ မေးခွန်းတွေပဲမေးမိပြီး ကျန်းမာရေး ဂရုစိုက်နော်၊ ငါ့အတွက် ဘာမှမပူနဲ့၊ ဒီကို မလာအားရင် မလာနိုင်ရင် မလာနဲ့။ သားသား ဂရုစိုက်နော်… ဒီလိုအမှာမျိုး အပြောမျိုးတွေနဲ့ တွေ့ကြရတဲ့ ဆယ့်ငါးမိနစ် ကုန်သွားတာပဲ။

ကိုဝင်းဘိုမေးလို့ ဖြေနေတဲ့ မညိုညိုရဲ့စကားတွေဟာ အမှန်တွေချည်းလား။ ကျဉ်းထဲကျပ်ထဲမှာ နေရတဲ့သူကို စိတ်ချမ်းသာအောင် ပြောသွားတာလား။ ထောင်ဝင်စာထုပ်ပိုက်ပြီး သူနေရတဲ့ လေးတိုက်ထဲကို ပြန်လာတိုင်း သူ စဉ်းစားနေကျ။ ကဗျာဆရာယုထင် (မန္တလေး) ကွယ်လွန်တာ ဟိုတစ်ခါတုန်းက ပြောသွားတယ်။ စာရေးဆရာ ကျောင်းဆရာ ဝင်းစည်သူ နာမကျန်း၊ သည်းသည်းသန်သန်ဖြစ်တာလည်း ပြောသလို၊ ကွယ်လွန်တော့လည်း ပြောသားပဲ။ ဒါဆိုရင် အမှန်တွေပဲ ထင်ပါရဲ့။ ကိုဝင်းဘိုဆွေမျိုးထဲမှာ မှည့်ယွန်းနေကြသူတွေ ရှိတယ်လေ။ ပြီးတော့ အမှည့် တဝင်းဝင်း အကင်းတဖြုတ်ဖြုတ်ဆိုတဲ့ စကားလည်း အရှိသား။

ဘဝတူ အကျဉ်းသားတွေကြားမှာ ဖွံ့ဖြိုးတဲ့ယဉ်ကျေးမှုကတော့ အခုလို ထောင်ဝင်စာလာတဲ့အခါ ကိုယ့်အိမ်ကပါလာတဲ့ စားဖွယ်သောက်ဖွယ် အထုပ်လေးကို ဘဝတူ ရဲဘော်တွေဆီ မျှပို့တာပါပဲ။ အဆောင်မှာကျန်ခဲ့တဲ့ ရဲဘော်တွေ၊ တစ်တိုက်၊ နှစ်တိုက်၊ သုံးတိုက်က ရဲဘော်တွေဆီ ရေထမ်းဘုတ်က ကလေးတွေနဲ့ လူကြုံပါးလိုက်တယ်။ အားလုံး နေထိုင်ကောင်းကြတယ်။ နောက်သုံးလနေမှ တစ်ခေါက်လာမယ်တဲ့ ဆိုတဲ့စကားမျိုးလည်း ပါးလိုက်တယ်။ ရေထမ်းဘုတ်၊ မိလ္လာဘုတ်က ကလေးတွေကိုလည်း ဆေးလိပ်လေး ကော်ဖီမစ်ထုပ်လေးပေးရင်း အားပေးစကား ပြောရတယ်။ ဒီကလေးတွေက ထောင်တွင်းဆက်သွယ်ရေး လမ်းကြောင်းတွေမှာ အသုံးဝင်ကြတယ်လေ။

mgyoe.com

mgyoe.com


မညီုညီ ပုံပြောတဲ့ အလေ့မရှိဘူး။ ဒါပေမဲ့ သုံးလပြည့်တော့ မလာဘူး။ အထဲကလူတွေရဲ့အလုပ်က လျှောက်တွေး၊ လျှောက်စဉ်းစားတဲ့အလုပ်ပဲ ရှိတာဟုတ်လား။ တစ်ခါတလေလည်း ဒီလိုပြောပြီး ပျက်ကွက်ခဲ့တာမျိုး ကြုံဖူးတယ်။ ဘာဖြစ်လို့ပါလိမ့်…။ တွေးပူမယ်ဆိုရင် ပူစရာတွေ အများကြီး။ ကိုဝင်းဘို သိပ်တွေးမနေပါဘူး။ နှစ်ဟွေကြာလို့ ထုသား ပေသားကျနေပြီပဲ။

တိုက်ရေထမ်းလေးက တိုက်အမှတ်စဉ် တစ်၊ နှစ်၊ သုံး၊ လေး အစဉ်အတိုင်း ရေဖြည့်နေကျကနေဖောက်ပြီး လေးတိုက်ထဲဝင်လာကတည်းက တစ်ခုခုတော့ တစ်ခုခုပဲဆိုတာ တစ်တိုက်လုံးကရဲဘော်တွေ သိကြတယ်။ ကောင်လေးရဲ့ မျက်လုံးကလည်း ကျီးကန်းတောင်းမှောက် နည်းနည်းတော့ ရှိတယ်။ တာဝန်ကျဝန်ထမ်းအလစ်မှာ စာရွက်ပိုင်းလေး တစ်ရွက်ကို ကိုဝင်းဘိုအခန်းထဲ ပစ်ထည့်သွားတယ်။

ချက်ချင်းကောက်ဖြန့်လိုက်တော့ ဆေးလိပ်ဖင်စီခံအဟောင်းက သတင်းစာဖြတ်ပိုင်းလေး။ သတင်းစာဖြတ်ပိုင်းက နာရေးကြော်ငြာတစ်ခုပါလား။ ကိုဝင်းဘိုရဲ့ မျက်ခုံးတွေ မြင့်တက်သွားပြီး အသက်ရှူဖို့ မေ့သွားတယ်။

သူ့ညီလေးမင်းကိုရဲ့ နာရေးကြော်ငြာဖြတ်ပိုင်းပါလား။ အဆောင်ကရဲဘော်တွေ အပါအဝင် ကိုဝင်းဘိုတို့ အပြင်လောကအကြောင်း သိချင်လို့ သတင်းငတ်လွန်းလွန်းလို့ အလွန်ညစ်ပတ်နံစော်တဲ့ ဆေးလိပ်ဖင်စီခံတွေကို မရွံမရှာ ဖြေပြီးဖတ်လေ့ရှိကြတယ်။

အဲဒီလို ဖြေဖတ်တဲ့ကြားက မင်းကိုရဲ့နာရေးကြော်ငြာကို ရဲဘော်တွေ ရလိုက်ကြတယ်။ အံ့ဩစရာပဲ။ သိပ်ကို အံ့ဩဖို့ကောင်းတယ်။ ကြော်ငြာက ကွက်တိ၊ အပြတ်အတောက်မရှိ။ သိပ်ကို တိုက်ဆိုင်လွန်းလို့ ကိုဝင်းဘို အံ့ဩနေတယ်။

မြန်မာပြည်မှာ ဆေးပေါ့လိပ်လုပ်ငန်းတွေ အများကြီးရှိတယ်။ အဲဒီဆေးပေါ့လိပ်လုပ်ငန်းရှင်တွေကို ဖင်စီခံသွင်းနေကြသူတွေ အများကြီး။ ပြီးတော့ ဖင်စီခံပတ်စရာ သတင်းစာရော၊ ကျောင်းသုံးဗလာစက္ကူတွေရော

mgyoe.com

mgyoe.com


တစ်ပုံကြီး။ ဒီထောင်က ခွင့်ပြုတဲ့ ဆေးလိပ်တံဆိပ်က တစ်မျိုးတည်း။ အဲဒီအထဲမှာ အပြတ်အတောက် အပဲ့အရွဲ့မရှိဘဲ၊ ညီလေးရဲ့နာရေးကြော်ငြာ သူ့ရဲဘော်တွေလက်ထဲ ဒုတ်ဒုတ်ထိရောက်ဖို့ဆိုတာ လှူ့ပြည်က အပ်တစ်စင်းနဲ့ပဲ နှိုင်းရမလား၊ သန်းထိဖွင့်ပွဲနဲ့ပဲ နှိုင်းရမလား၊ အပ်ချင်းထိချင် ထိမယ်၊ သန်းထိပေါက်ချင်ပေါက်မယ်။ ဒါမျိုး အလွန့်အလွန် ဖြစ်နိုင်ခဲတဲ့ကိစ္စ။

ဒီပြင်အခန်းက ရဲဘော်တွေဆီ နာရေးကြော်ငြာလေး လက်ဆင့်ကမ်းရောက်ရှိသွားတယ်။ သူကတော့ ညီလေးခမျာ ဘာဖြစ်သွားရှာပါလိမ့်။ မင်းကိုရဲ့မျက်နှာကို မြင်ယောင်နေမိတယ်။ ဖတ်ရသူအားလုံးက အံ့ဩလို့ ညီလေးဆုံးတာ ခြောက်လကျော်ခဲ့ပြီ။ ဇနီးသည် မညို ဒီသတင်း ဘာလို့ မပြောသလဲဆိုတာ ကိုဝင်းဘို နားလည်တယ်။

ဇနီးသည် ထောင်ဝင်စာလာတော့ ပထမဆုံးမေးဖြစ်တဲ့စကားဟာ မင်းကိုနေကောင်းလားဆိုတဲ့ မေးခွန်းပဲပေါ့။ ဒီပြင် ဘယ်စကားရှိဦးမလဲ။ ဇနီးသည်က မျက်နှာတစ်ချက် ကွက်ခနဲပျက်သွားပြီး ဟန်လုပ်ပြင်လိုက်တာလည်း သူမြင်လိုက်တယ်။ လည်ချောင်းတစ်ချောင်းရှင်းပြီး "နေကောင်းတယ်။ အားလုံးနေကောင်းကြတယ်။ ကိုဝင်းသာ ကိုဝင်းကျန်းမာရေး…"

ဇနီးသည်စကားမဆုံးခင်မှာ မင်းကိုရဲ့နာရေးကြော်ငြာကို တစ်ဖက်သံဆန်ခါကနေ ထောင်ပြလိုက်တော့ မညိုညို အံ့အားသင့်သွားတယ်။ သူတို့နှစ်ယောက်ရဲ့ သံဆန်ခါကြားမှာ ရပ်နေတဲ့ ထောင်ဝန်ထမ်းကနေတစ်ဆင့် ဇနီး လက်ဆင့်ကမ်းလိုက်တယ်။ မညိုဆီ သတင်းစာကြော်ငြာဖြတ်ပိုင်းလေး ရောက်မသွားဘူး။ ထောင်ဝန်ထမ်းက ဖတ်ကြည့်ပြီး သိမ်းလိုက်တယ်။ ညီလေး အူရောင်ငန်းဖျားဖြစ်တယ်။ ငှက်ဖျားလို့ထင်ပြီး ကုနေကြတာ အကြာကြီး။ မမျှော်လင့်ဘဲ ရေတိမ်နစ်ရတဲ့အကြောင်းနဲ့ လုပ်ငန်းကို ဖခင်ကြီးရော၊ မညိုညိုရော၊ မညိုညိုရဲ့ မောင်လေး အမေ့ဘက်က တူလေးတွေပါ ကူညီလုပ်ကိုင်နေကြတဲ့အကြောင်း ပြောသွားတယ်။

ဆေးလိပ်ဖင်စီခံကနေတစ်ဆင့် ဒီကြော်ငြာရတယ်ဆိုတာ မညိုညို တစ်ယောက် ယုံကြည်အံ့ဩပေမဲ့၊ အံ့ဩပြီး ဘယ်လိုမှ မယုံကြည်သူ တစ်ယောက်ရှိတယ်။ (၅)(ည) ကိုဝင်းဘိုဆီက သိမ်းဆည်းရမိတဲ့ ဆေးလိပ်

mgyoe.com

mgyoe.com


ဖင်စီခံပတ် သတင်းစာကြော်ငြာကို ထောင်ဝန်ထမ်းက ထောင်ပိုင်ကြီးဆီ သတင်းပို့တယ်။

ထောင်ပိုင်ကြီးက ဒါ မဖြစ်နိုင်ဘူး။ လုံးဝ မဖြစ်နိုင်ဘူး။ ဒါ ထောင်ဝန်ထမ်းနဲ့ ပူးပေါင်းပြီး သတင်းစာခိုးသွင်းတာ ဖြစ်မယ်လို့ ယူဆတယ်။ သူ့ဝန်ထမ်းတွေကို သတင်းစာဖြတ်ပိုင်းပြပြီး အော်တယ်။ ဟောက်တယ်။ ခြိမ်းခြောက်စကားတွေ ပြောတယ်။ မင်းတို့ အလုပ်ပြုတ်သွားမယ်။ ထောင်ကျသွားနိုင်တယ်တဲ့။

တစ်ညနေ ထောင်ပိတ်ချိန်မှာ ကိုဝင်းဘို အခန်းဝမှာထိုင်ဖို့ ဆာလာအိတ်ခွဲ ဖြန့်ခင်းနေတာကို ခြေသံမကြားရအောင် တိတ်တိတ်ဝင်လာချောင်းတဲ့ ထောင်ပိုင်ကြီး ကိုဝင်းဘို သူထိုင်ရမယ့်နေရာမှာ ဆာလာအိတ်ခင်းတာကို သတင်းစာဖြန့်ခင်းတယ်ထင်ပြီး အရေးပေါ် ရှာဖွေရေးလုပ်တယ်။ သံသယစိတ်က ကြီးစိုးနေတယ်လေ။ လေးတိုက်တစ်တိုက်လုံး ကိုဝင်းဘိုရဲ့ အခန်းတစ်ခန်းတည်းပဲ ဝင်ရှာတယ်။ ဥပဒေနဲ့မညီတာ ဘာမှ မတွေ့ပါဘူး။ ထောင်ပိတ်ချိန်နောက်ကျလို့ ဝန်ထမ်းတွေ စိတ်ကသိကအောက် ဖြစ်ကုန်ကြတာပေါ့။

အဲဒီထောင်ပိုင်ကြီးသာ စာရေးဝါသနာပါရင် အလွန်ကောင်းတဲ့ ဝတ္ထုတစ်ပုဒ် ဖြစ်မှာပဲ။ ဒါပေမဲ့ ထောင်ပိုင်ကြီးခမျာ သနားပါတယ်။ သူ့လက်ထက်တင်မကဘူး၊ နောက်ပြောင်းလာတဲ့ ထောင်ပိုင်ကြီးကိုပါ သူ့သံသယကြီး လက်ဆင့်ကမ်းခဲ့တယ်။ အောက်ခြေက ဝန်ထမ်းတွေခမျာ သိလျက်သားနဲ့ အထက်လူကြီးရဲ့ အမိန့်ဆိုတော့လည်း ရှာရဖွေရတာပဲ။ သံသယမာရသွန်ပွဲကြီး သူတို့နွှဲကြလေရဲ့။ ပျင်းစရာကောင်းလိုက်တာ။

ထောင်ထဲမှာ နှစ်တွေအကြာကြီးနေခဲ့တာ ညီလေးမင်းကို အိပ်မက်မပေး ဘာမပေးဘဲ ပို့လိုက်တဲ့ သူ့နာရေးကြော်ငြာက ညီလေးကို အမြဲ သတိရစေတယ်။

*ညီလေး ကောင်းရာသုဂတိလားပါစေ။ ။*

***

mgyoe.com

mgyoe.com

ကြိမ်ဗိုက်ချောင်းချိုရတု

ဟိုလူက သူ့ကို ရထားပြင်ရဲ့ စစ်ဆေးကျင်းကို ခေါ်သွားတယ်။ တွဲပြင်လုပ်သားတွေက အုံ့သြသူ အုံ့သြကြ၊ ကြံဖူးတွေ့ဖူးသူတွေက သူ့ကို သနားတဲ့အကြည့်နဲ့ ကြည့်နေကြတယ်။

ရထားတွဲက စကြီ (၂) မှာ ထိုးတယ်။ တွဲပေါ်မှာ တွဲစောင့်မဟုတ် ပါဘဲနဲ့ ပါလာကြသူတွေက သူတို့နှစ်ယောက်ပေါ့။ သူက ထိုင်ခုံနံပါတ် (၁၇) မှာ ထိုင်ရတယ်။ ဟိုလူက သူနဲ့ကပ်လျက်။ ဒီပြင်ခရီးသည်တွေ ကတော့ တွဲထိုးပြီးမှ တစ်သုတ်ပြီးတစ်သုတ် တဖြည်းဖြည်း တက်လာကြ တယ်။ သူက အသိမိတ်ဆွေတစ်ယောက်တလေ တွေ့လိုတွေ့ငြား ရထား ပြတင်းကနေ အပြင်ကို လှမ်းမျှော်ကြည့်နေတယ်။ စကြီပေါ်မှာ လူတွေက များသည်ထက် များလာကြပြီ။ ဟိုလူက သူ့ခါးမှာ ပစ္စတိုသေနတ်ပါလာ တာကို သိစေချင်လို့ ခါးစောင်းတမင်တကာ တိုက်တိုက်နေတာ သုံးလေး ကြိမ်ရှိနေပြီ။ ခဏကြာတော့ သူတို့နဲ့ မျက်နှာချင်းဆိုင် ခုံတွေမှာရော အနီးအနားက ခုံတွေမှာပါ ခရီးသည်တွေ ရောက်လာကြရော။ အားလုံးက အဝတ်အစား သစ်သစ်လွင်လွင်တွေနဲ့။ ပြည့်ပြည့်ဖြိုးဖြိုးတွေချည်းပဲ။ စီးပွား တက်နေကြပြီး ငွေရေးကြေးရေး ခြေသလုံးမွေးလို့ ယူဆကြတဲ့ပုံတွေ။ သူတို့အနားမှာထိုင်ကြမယ့် ခရီးသွားတိုင်းက မျက်မှောင်ကုတ် ကြည့်ကြ

mgyoe.com

mgyoe.com


တာချည်းပဲ။ တောက်တောက်ပပတွေကြားမှာ သူကမှိန်နေတယ်။ တွန့်ကြေပေရေနေတဲ့ ရုပ်လက်ရှည်အဖြူလေးနဲ့ အရောင်လွင့်ပြီး လေပြင်းပြင်းလည်လို့မရတဲ့ ပုဆိုးမျိုးကို သူဝတ်ထားတယ်။ ဒီလိုပုဆိုးမျိုး ဒီပတ်ဝန်းကျင်ကလူတွေရဲ့အိမ်မှာ ရေလဲပုဆိုးတောင်မှ လုပ်ကြမှာ မဟုတ်ဘူး။ အနီးအနားက ခရီးသည်တွေအတွက် သူဟာ စိတ်အနှောင့်အယှက်ဖြစ်စရာ လူတစ်ယောက် ဖြစ်နေရှာတယ်။ သူ့စိတ်တွေကတော့ ကွန်တိန်နာတင်သင်္ဘောကြီးတစ်စင်းကို ရွက်ထားရတာထက်တောင် ပင်ပန်းလေးလံနေတယ်။ ခန္ဓာကိုယ်က လူ့ခန္ဓာမဟုတ်တော့ ထမနဲဖြစ်လုလု။ ပါးစပ်ကလည်း ခြောက်ကပ်နေပြီး ရေသိပ်ဆာနေတယ်။ ရေမသောက်ရတာ ထမင်းမစားရတာ ဘယ်နှနာရီ ဘယ်နှနပ် ရှိနေပြီလဲ။ ရထားထွက်ဖို့အချိန်က တရွေ့ရွေ့ နီးလာနေပြီ။ မိတ်ဆွေတစ်ယောက်ယောက် တွေ့လိုတွေ့ငြား စကြိုပေါ်က လူတွေကို သူလိုက်ကြည့်နေမိတယ်။ တွေ့ရင် သူရန်ကုန်ကို သွားရမယ့် အကြောင်း အမေ့ကို အပြောခိုင်းမယ်လို့။ အိမ်မှာ တစ်ယောက်တည်းကျန်ရစ်ရှာတဲ့ အမေ့အတွက် သူ စိုးရိမ်ပူပန်နေရှာတယ်။ အမေတစ်ယောက်သောကပင်လယ်ထဲမှာ မရပ်မနား လက်ပစ်ကူးနေမှာကို သူ အတပ်သိတယ်လေ။

"အိမ်အပြန်လက်ဆောင် အိမ်အပြန်လက်ဆောင်"ဆိုတဲ့ သူ့တူအရွယ် တူမအရွယ် ခေါင်းရွက်ဈေးသည်လေးတွေရဲ့ အသံက ပိုညံလာကြတယ်။ လူကဲခတ်တော်ကြတဲ့ လက်ဆောင်သည်လေးတွေက သူ့အနားမှာ ရစ်သီရစ်သီ မလုပ်ကြဘူး။ သူ့နံဘေးကလူက ဂျာကင်ဇစ်ကို အပေါ်ဆွဲတင်လိုက်တယ်။ ဒီခရီးမျိုး သူမသွားချင်တာက အမှန်ပဲ။ သူသွားချင်လို့ သွားရတဲ့ခရီးမှ မဟုတ်ဘဲ။ ခြောက်ကပ်နေတဲ့ နှုတ်ခမ်းအစုံကို ရှိစုမဲ့စု တံတွေးလေးစုပြီး ဆွတ်ကြည့်မိတယ်။ တံတွေးက အနံ့တော်တော်ဆိုးနေတယ်။ ဘူတာစားသောက်ဆိုင်က သူသိပ်သဘောကျတဲ့ "ရွှေချိုးဖြူ သံသာကူလှည့်"သီချင်းသံသဲ့သဲ့ ကြားလိုက်ရတော့ သူဝမ်းသာသွားတယ်လေ။ အရင်က ခဏခဏကြားဖူး နားထောင်ဖူးပေမဲ့ ဒီတစ်ခါ နားထောင်ရတဲ့အရသာက ထူးခြားနေတယ်။ တစ်ကိုယ်လုံး ထိုးမုန့်လိုဖြစ်ပြီး နာကျင်

mgyoe.com

mgyoe.com


ကိုက်ခဲနေတဲ့ ဝေဒနာဟာ သီချင်းကြောင့် ခဏသက်သာသွားတယ်။

သူငယ်ချင်းတစ်ယောက်၊ ဆွေမျိုးမိတ်ဆွေ၊ ဒါမှမဟုတ် မျက်မှန်းတန်းမိသူ တစ်ယောက်လောက်များတွေ့ရင် သိပ်ကောင်းမှာပဲ။ ရထားထွက်ဖို့ အချိန်နီးလေလေ သူမျှော်လင့်ချက်မီးစာက တိုလာလေလေ။ ဒီရထားနဲ့ သူပါသွားတဲ့အကြောင်း မိတ်ဆွေတစ်ယောက်ယောက် သိသွားစေချင်တယ်။

မျက်စောင်းထိုးခုံဘက်က အမျိုးသမီးတွေက သူ့ကို စူးစမ်းတဲ့အကြည့်နဲ့ ကြည့်နေတာကို သူက မြင်ဖြစ်အောင် မြင်လိုက်သေးတယ်။ ဖိုင့်ဖိုင့် အမျိုးသမီးက ထိုင်ခုံအောက်ထည့်ထားတဲ့ လက်ဆွဲအိတ်ကို စင်မြင့်လေးပေါ်တင်ပြီးခါမှ ညည်းသိုးသိုးသူ့ကို လည်ပြန်ကြည့်ရင်း ထိုင်ခုံအောက်ပြန်ထည့်နေပြန်တယ်။

စကြံဘက်ကြည့်ရင်းနဲ့ လူတစ်ယောက်ကို တကွက်စီမောင်းတဲ့ သူ့မိတ်ဆွေ ကိုကြွက်သိုးလို့ ထင်ပြီး သူ ခဏဝမ်းသာလိုက်ရသေးတယ်။ တကယ်တော့ သူ့မိတ်ဆွေနဲ့ ခပ်ဆင်ဆင်တောင်မှ မတူသူတစ်ယောက်ပါ။

ရထားသာထွက်လာရော သူ့အသိတစ်ယောက်နဲ့မှ မတွေ့ရဘူး။ အမေရေ နေရစ်တော့။ မသေကြသေးရင်တော့ ပြန်ဆုံကြသေးတာပေါ့ အမေရယ်။ စိတ်ကူးနဲ့ နှုတ်ဆက်မိတာလည်း အကြိမ်ကြိမ်ပေါ့။

တွဲနံပါတ် (၁၀)၊ ထိုင်ခုံနံပါတ် (၁၇) တစ်ဝိုက်မှာတော့ သူ့ကြောင့်ဖြစ်တဲ့ စိတ်အနှောင့်အယှက်ကိုယ်စီနဲ့ ခရီးတစ်ခုကို စကြပါပြီ။ ခေါင်းရွက်ဈေးသည် လူမမယ်လေးတွေ လက်ပွေ့ခရီးသည် ချာတိတ်လေးတွေ ရထားကြီးကို ဈေးရောင်းပါးပါးနဲ့ ငေးမောရင်း ကျန်ရစ်ခဲ့ပြီ။

တွဲပေါ်မတက်ကြခင်ရော၊ တွဲပေါ်မှာ နှစ်ယောက်တည်းရှိကြတဲ့အချိန်မှာရော မှာစရာရှိတာ၊ ပြောစရာရှိတာတွေ ပြောထားပြီးပြီမို့ သူနဲ့ကပ်လျက်ကလူနဲ့ တစ်ယောက်နဲ့တစ်ယောက် ဘာမှမဆိုင်ကြသလိုမျိုး။

ရထားထွက်မှ ဘူတာကို ရောက်လာကြလို့ ကြုံတဲ့တွဲပေါ် ကမန်းကတန်းတက်ခဲ့ကြတဲ့ လူတစ်သိုက် သူတို့တွဲကိုဖြတ်ပြီး ရှေ့တွဲဆီ ဒယီးဒယိုင်နဲ့ သွားနေကြတယ်။ အဲဒီလူသိုက်ထဲက မျက်ဝန်းနက်နက်လှလှတစ်စုံ

mgyoe.com

mgyoe.com


က သူ့ကို လည်ပြန်လှည့်ကြည့်ရင်း အမျိုးသမီးက အံ့သြဟန်ကို မဖုံးနိုင်အောင် ဖြစ်သွားရှာတယ်။ ရှေ့နှစ်လှမ်းလောက် လှမ်းပြီးတော့ လှပတဲ့ မျက်ဝန်းပိုင်ရှင်မလေးက နောက်တစ်ခါ ကြည့်သွားပြန်တယ်။

ဒီကလေးမလေးက ဘယ်သူလဲ၊ ဘယ်မှာသိတာလဲ။ ပြန်စဉ်းစားပေမဲ့ အစရှာမရဘူး။

ရထားကတော့ စုတ်ချာချာ ညစ်ပေပေ အလုပ်သမားတန်းလျားတွေကို ထားရစ်ခဲ့ပြီး ဆင်းရဲတဲ့သူတွေနေကြတဲ့ အိမ်ကုပ်ကုပ်လေးတွေကြား ရောက်နေပါပြီ။ ရထားတစ်စင်းရဲ့ အသက်ရှူသံ၊ သံလမ်းတွေရဲ့ ကြိတ်ငိုသံ၊ ဇလီဖားတုံးတွေရဲ့ ရှိုက်ငိုသံကို သူနားစွင့်နေတုန်း ဘုန်းကြီးကျောင်းသားလေး တွေရဲ့ အော်ဟစ်နှုတ်ဆက်သံကို သူကြားလိုက်ရတယ်။ အရင်ခရီးတွေတုန်း က ဒီလိုအသံတွေကို တီးလုံးတွေလို သူခံစားဖူးတယ်။ အခုတော့····။

သစ်ပင်ခြောက်တွေ၊ ဘုရားပျက်တွေ၊ ဘုန်းကြီးကျောင်းအိုတွေကို ရထားက တရိပ်ရိပ် ဖြတ်ကျော်ခဲ့ပြီ။ မေးခွန်းတွေ၊ စဉ်းစားရခက် ဖြေရခက်တဲ့ မေးခွန်းတွေ၊ မဖြေချင်တဲ့ မေးခွန်းတွေ···

စက်သေနတ်တစ်လက်က ကျည်ဆန်တွေထွက်လာသလိုမျိုး အဖန်ဖန် တလဲလဲ ဖြေရတဲ့မေးခွန်းတွေ၊ မကြားချင်တော့တဲ့ မေးခွန်းတွေ၊ ရေတံခွန် တစ်ခုလို စဉ်ဆက်မပြတ်၊ တရစပ်၊ အများကြီး။ မေးခွန်းဟောင်းတွေအပြင် မေးခွန်းအသစ်တွေက သူ့ကို ဆီးကြိုကြဦးမှာလား။ သူဖြေတာလည်း အဆင် ပြေပါမှ။ သူ့အဖြေတစ်ခွန်းက သူ့ရဲဘော်တစ်ယောက်ရဲ့ဘဝ ဖြစ်သွားနိုင် တယ်။ သူ့ရဲ့အဖြေထဲမှာ သူ့ရဲဘော်တွေရဲ့ မိသားစုဘဝတွေ ရှိနေတယ်။ သူ့ဘဝကတော့ ထားတော့။ ရထားက ကောစပြုနေတဲ့ အင်းကြီးတစ်ခုကို ဖြတ်ကျော်နေတယ်။ နာနေတဲ့ ခန္ဓာကိုယ်ကိုထိန်းရင်း သူ့နေရာကို ရွှေ့တယ် ဆိုရုံလေး ရွှေ့လိုက်တယ်။ ဘယ်လိုပဲ ထိန်းရွှေ့ပေမဲ့ နာတာပါပဲ။ မျက်နှာ ချင်းဆိုင်မှာ ထိုင်လာတဲ့ မိကျောင်းစပို့ရှပ်နဲ့လူက ဘယ်နှလိပ်မြောက်မှန်း မသိနိုင်တဲ့ စီးကရက်ကို ထုတ်ဖွာလိုက်တယ်။ အဲဒီလူရဲ့ စီးကရက်အနံ့ တွေက သူ့ဆီဝဲ့ပြီး ရောက်လာကြတယ်။ မွန်းကျပ်ပင်ပန်း လေးလံနေတဲ့ သူ့ကို အဲဒီလူရဲ့ စီးကရက်မီးခိုးငွေ့တွေက ဝါးကူထိုးနေသလိုမျိုး စိတ်ထဲမှာ

mgyoe.com

တင် "တောက်" ခေါက်မိတာလည်း ခဏခဏ။

ရထားက အရှိန်တဖြည်းဖြည်းနှေးနေရာက ရပ်သွားတယ်။ ပြတင်းပေါက်က ခေါင်းထွက်ကြည့်လို့ရတဲ့သူတွေက ထွက်ကြည့်နေကြတယ်။ မကြာပါဘူး၊ ရထားတစ်စင်း အရှိန်နဲ့မောင်းလာပြီး သူတို့ ရထားနံဘေးက ဖြတ်မောင်းသွားတယ်။ အဲဒီရထားပေါ်မှာများ အသိမိတ်ဆွေတစ်ယောက်ယောက် ပါလေမလား။ ရိပ်ခနဲ ဖြတ်ဖြတ်ပြေးသွားကြတဲ့ မျက်နှာတွေထဲမှာ အသိတစ်ယောက်မှ မပါဘူး။ ဒီရထားနှစ်စင်းပေါ်မှာ အမေ့အိမ်ကို ပြန်ကြတဲ့သူတွေ ဘယ်နှယောက် ပါလေမလဲ။ စုတ်ချာရင် စုတ်ချာနေပါစေ။ အမေ့အိမ်လောက် ဘယ်အိမ်ကမှ မနွေးထွေးဘူး မဟုတ်လား။

ရထားက အရှေ့ရိုးမကို အဖော်ပြုရင်း လယ်ကွင်းတွေကို မိတ်ဆွေဖွဲ့ရင်း ခရီးဆက်နေတယ်။ သူက တောင်တန်းပြာပြာတွေကို ငေးရင်းနဲ့ မိတ်ဆွေကဗျာဆရာတွေ၊ ပန်းချီဆရာတွေ၊ ပန်းပုဆရာတွေကို သတိရနေတယ်။ ဒီမိတ်ဆွေတွေထဲမှာ တချို့က မိဝေးဖဝေး ဖြစ်နေကြရ၊ တချို့က လည်း သားနဲ့မယားနဲ့ အတူနေချင်ပေမဲ့ မနေရ၊ တချို့ကျတော့လည်း ရေခြားမြေခြား ရောက်နေကြရဲ့။ ဘူတာငယ်လေးတွေ ရထားဖြတ်ကျော်သွားတိုင်း ရုံပိုင်က အလံစိမ်းကလေးကိုင်ပြီး ရပ်နေတာကို သူမြင်ခဲ့ပေါင်းများလှပြီ။ အရှေ့ရိုးမတောင်တန်းကြီးက မှိုင်းပျပျပဲ မြင်ရတော့တယ်။ သီချင်းတွေထဲမှာ ဖွဲ့လို့မဆုံးတဲ့ သူ့နှလုံးသားထဲက အလယ်ရိုးမကိုလည်း သူလှမ်းမြင်နေရပြီ။ ဒီအချိန်မှာ ရထားက ဘယ်နှကြိမ်ရပ်မှန်း မသိအောင် ရပ်လိုက်ပြန်ပြီ။ တွဲပေါ်မှာထိုင်ရတာ ငြီးငွေ့နေသူတွေက တွဲအောက်ကို ဆင်းပြီး ခြေညောင်းလက်ဆန့် လုပ်နေကြတယ်။ ဒီတစ်ခါ ရထားရပ်တာ အချိန်ကြာလာတာနဲ့အမျှ တွဲအောက်ဆင်းကြတဲ့သူတွေလည်း များလာကြတယ်။ သူကတော့ တွဲပေါ်ကဆင်းကြတဲ့လူတွေထဲမှာ အသိတစ်ယောက်လောက် ပါလေမလား ရှာနေတုန်းပဲ။

"ဆရာ... ဆရာ ကိုလက်ဆောင်မွန် မဟုတ်လား"

အသံလာရာကို သူ အံ့ဩတကြီး လှမ်းကြည့်လိုက်တယ်။ နာမည်ရင်းကို ခေါ်တာမဟုတ်သလို အသံရှင်ကလည်း သူမသိတဲ့ ကြော့ရှင်းတဲ့

mgyoe.com


မိန်းကလေးတစ်ယောက် ဖြစ်နေတယ်လေ။ သူက ဝန်ခံတာတစ်ဝက်နဲ့ ခေါင်းကို အသာညိတ်ပြလိုက်တယ်။ သြော် ရထားထွက်ခါစက သူ့ကို လည်ပြန်ကြည့်သွားတဲ့ မျက်ဝန်းနက်ပိုင်ရှင်လေးပါလား။ မိန်းကလေးရဲ့ နီတျာတျာနှုတ်ခမ်းမှာ အပြုံးပန်းတစ်ပွင့်ဆင်ပြီး ဘာမှမပြောဘဲ ချာခနဲ လှည့်ထွက်သွားတယ်။ ညှဉ်းသိုးသိုး ပေပေရေရေ လူတစ်ယောက်နဲ့ လှပ နုနယ်တဲ့ မိန်းကလေးနဲ့ ပတ်ဝန်းကျင်က ခရီးသည်တွေရော သူ့နံဘေးက လူရော ဘယ်လိုမှ ဆက်စပ်လို့ မရဘူး။ ကော့ပြီး ရှည်နေတဲ့ မျက်တောင် နဲ့ နက်မှောင်လှတဲ့ ကျစ်ဆံမြီးတုတ်တုတ်ခိုင်ခိုင်အကြောင်း ချီးကျူးဝေဖန် သံတွေလည်း ကြားလိုက်ရတယ်။

သူ တွေးကြည့်မိတယ်။ ဘယ်သူများပါလိမ့်။ အသိထဲကလား။ တွေးရင်းတွေးရင်းနဲ့ အတွေးကျပ်နေမိတယ်။ ခဏနေတော့ စာအုပ်ဆိုင် တကာမှာ နံ့နေအောင် အချိန်တော်တော်ကြာကြာ လိုက်ရှာနေတဲ့ စာအုပ် ကောင်းတစ်အုပ်ကို အမှတ်မထင်တွေ့လိုက်ရတဲ့ စာပေဝါသနာပါသူ တစ်ယောက်ရဲ့ မျက်နှာမျိုးနဲ့ အပြုံးလေးစွက်လို့ မိန်းကလေး ပြန်ရောက် လာတယ်။ သူနဲ့အတူ လူငယ်နှစ်ယောက်နဲ့ လူလတ်တစ်ယောက်ပါ ပါလာ ကြတယ်။ အံ့သြဖို့ကောင်းတာကတော့ သူတို့လက်ထဲမှာ တယောကိုယ်စီ နဲ့။

"ဆရာ ကိုလက်ဆောင်မွန်… ကျွန်မတို့က ဆရာ့ပရိသတ်တွေပါ"

သူ ကြက်သီးတွေ ထသွားသည်။

"ဆရာရေးတဲ့သီချင်းတွေကို သိပ်သဘောကျပြီး ဆရာ့ကို တွေ့ဖူး ချင်နေကြတာ ကြာပြီဆရာ"သူကတော့ အံ့သြပြီးရင်း အံ့သြနေရင်းပဲ။

"ဒါ ကျွန်မတို့ ကွာတက်တယောဝိုင်းက မိုင်အိုလာထိုးတဲ့ ကိုသီတာ ပါ"

သူနဲ့ ကိုသီတာ အပြုံးချင်း ဖလှယ်လိုက်ကြတယ်။

"သူက ပထမတယောသမား ဆာထူးစောပါ"

ကရင်ကလေးရဲ့ပါးမှာ သွေးရောင်လွှမ်းသွားတယ်။

"သူက ဒုတိယတယောသမား စိမ့်စမ်းတဲ့"

mgyoe.com

မျက်မှန်ထူထူရဲ့နောက်က မျက်လုံးကလေး ပုတ်ခတ်ပုတ်ခတ် လုပ်နေတဲ့ ချာတိတ်ကလေးက သူ့သွားတက်လေးတွေပေါ်အောင် ပြုံးပြနေတယ်။ သူကလည်း ပြန်ပြုံးပြပြီး ခေါင်းညိတ်နှုတ်ဆက်လိုက်တယ်။

"ကျွန်မကတော့ ချယ်လိုထိုးတဲ့ ဖြူပြာမာမာပါ ဆရာ"

မိန်းကလေးက သူ့ကျစ်ဆံမြီး တုတ်တုတ်ခိုင်ခိုင်ကို နောက်ကျောကနေ ရင်ဘတ်ပေါ် ပြောင်းလိုက်တယ်။ ဖြူပြာမာမာက သူ့ဝိုင်းတော်သားတွေနဲ့ မိတ်ဆက်နေချိန်မှာ တယောသမားတွေက တယောကြိုးတွေညှိကြ အသံညှိခက်ရင်းခွကို လက်ဆင့်ကမ်းကြနဲ့ အလုပ်တွေရှုပ်နေကြတယ်။ ရထားတွဲပေါ်က လူသွားစင်္ကြံလေးပေါ်မှာ ဆူပရာနိုအသံ၊ အော်တိုနဲ့ တင်နာသံတွေ မြိုင်နေကြတယ်။

"တကယ်တော့ ကျွန်မတို့ ဆရာ့ကို သိုက်သိုက်ဝန်းဝန်း ထိုက်ထိုက်တန်တန် ဂုဏ်ပြုချင်တာပါဆရာ"

"ဂုဏ်ပြုခွင့်ပေးပါဆရာ"

ကရင်လေးဆာထူးစောရဲ့ မပွင့်တပွင့်စကားလေ။

"ကျွန်မတို့ စိတ်ကူးတွေထဲကနေ ဂီတအကယ်ဒမီ အကြိမ်ကြိမ်ပေးမိတဲ့ တေးရေးဆရာမို့ပါ။ ဆရာကလည်း တစ်ခါမှ ဘာမှမရဘူးနော်"

သီချင်းရေးဆရာမှာ ရှက်သွေးဖြာနေတယ်။ ပတ်ဝန်းကျင်က မျက်လုံးတွေ သူ့အပေါ် စုပြုံကျရောက်နေတယ်။

"အခုလို ကြုံကြိုက်တုန်း တတ်တဲ့ပညာလေးနဲ့ ဂုဏ်ပြုခွင့်ရတာကို ကျွန်မတို့ ဝမ်းသာလို့မဆုံးပါဘူး ဆရာ"

ရှိုပင်၊ ချိုက်ကော့စကီး၊ ရှူးဘတ်၊ မိုးဇတ်၊ ဗီသိုဘင်၊ ဟိုက်ဒင်၊ ရှူးမန်းစတဲ့ ဂန္ထဝင်ဆရာကြီးတွေထဲက ဘယ်သူ့တေးများကို သူတို့ ထိုးကြလေမလဲ။ လူငယ်တွေမို့ နောက်ပေါ်ဂန္ထဝင်ဆရာ ယန်နီရဲ့ တေးသွားတွေကိုများ ထိုးကြလေမလား။

ဖြူပြာမာမာက သူ့မိတ်ဆွေတွေကို ဆရာကြီးမိုးဇတ်ရဲ့ ဆာရနိတ်ကို တီးကြဖို့ ပြောသံကြားလိုက်တယ်။ သူ အံ့ဩတုန်လှုပ်သွားတယ်။ သူနှစ်သက်တဲ့ တေးသွားပဲ။ သီချင်းတစ်ပုဒ် ရေးတော့မယ်ဆိုရင် ဖွင့်ပြီး

mgyoe.com

mgyoe.com


ခဏခဏ နားထောင်တတ်တဲ့ တေးသွားပါလား။ ဖြူပြာမာမာတို့ သူ့ အကြိုက်ကို သိနေကြရှေ့သလား။ ဒါမှမဟုတ် တိုက်ဆိုင်မှုတစ်ခုလား။

တယောဝိုင်းက စတင်ထိုးကြပါပြီ။ တယောသံတွေက တအိအိနဲ့ တေးသွားကို ဖြည်းဖြည်းမှန်မှန် ထိုးနေကြတယ်။ တယောသံကြောင့် တွဲ နံဘေးနားကို လူတွေ ဝိုင်းအုံလာကြတယ်။ သူနဲ့ ကပ်လျက်ထိုင်နေတဲ့ သူက ဂျာကင်ဇစ်ကို အောက်နားထိ ဆွဲချထားလိုက်တယ်။ ဘာသဘော နဲ့ ဂျာကင်ဇစ်ကို ခုလိုဆွဲချရတာလဲ။ လိုအပ်ရင် သေနတ်အလွယ်ထုတ်ရ အောင်လား။ တအိအိထိုးနေရာက ဘိုးတံအဆွဲအငင်တွေ ပိုသွက်လာကြ ပြီ။ ပိုသွက်လာရာက ပိုပြီး မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်လာတယ်။ ကွာတက် တယောဝိုင်းရဲ့ တေးသွားက ရထားတွဲအပြင်ကို ဖိတ်လျှံကျပြီး လယ်စပ် က စမ်းချောင်းလေးထဲ ရောက်သွားတယ်။ စမ်းချောင်းကို အမှီပြုကြတဲ့ ဖားကလေး၊ ငါးကလေးတွေ၊ ပုစွန်လုံးလေးတွေပါ နားသောတဆင်ကြ ရတယ်။

နာကျင်ကိုက်ခဲနေတာတွေ ခံစားနေရတဲ့ စိတ်ပင်ပန်း မွန်းကျပ် လေးလံနေတာတွေ အားလုံး လက်ဆောင်မွန် ခဏမေ့သွားတယ်။ တေးသွား ဆုံးသွားတော့ ဖြူပြာမာမာ ခေါင်းကလေးကိုငုံ့၊ ဒူးအစုံကိုညွတ်ပြီး တေးရေး သမားကို ဂုဏ်ပြုလိုက်တယ်။ ဖြူပြာမာမာပြီးမှ ဆာထူးစောတို့ စိမ့်စမ်းတို့က ခေါင်းလေးတွေငုံ့၊ ဒူးညွတ်ပြီး တစ်ပြိုင်တည်း ဂုဏ်ပြုလိုက်တယ်။ လက် ဆောင်မွန်ရဲ့ရင်ထဲမှာ လှည့်ပတ်နေတဲ့သွေးတွေ အရှောင်ပိုရင့်လာပြီး ဟိုအရင် ကထက် မြန်မြန်လှည့်ပတ် စီးဆင်းနေကြတယ်။ ပီတိအဟုန်ကြောင့် ကြက်သီး ဖျဉ်းခနဲ တစ်ချက်ထမိတယ်။

စက်ခေါင်းဆီက ဥသြသံကြားလိုက်ရချိန်မှာပဲ ကျွန်မတို့ ပြန်ပါဦး မယ်၊ ကျွန်တော်တို့ ပြန်ပါဦးမယ်လို့ ကွာတက်ဝိုင်းတော်သားတွေက နှုတ် ဆက်ကြရင်း ဖြူပြာမာမာက ပြောပြောဆိုဆိုနဲ့ သူ့ညာဘက်လက်ဖဝါး ကလေးကို တေးရေးဆရာဆီ ကမ်းလိုက်တယ်။

သူကလည်း မေ့ပြီး သူ့ညာလက်အကမ်းလိုက်မှာ လက်ကောက်ဝတ် တွေကို မမြင်အောင် ဖုံးထားတဲ့ ဇင်ပြာအိတ်က ကြမ်းပြင်ပေါ်ကို ဖုတ်ခနဲ

mgyoe.com

ကျသွားတယ်။ ပြီး သူနဲ့ကပ်လျက်လူနဲ့ တွဲခတ်ထားတဲ့ လက်ထိတ်အစုံကို သူတို့တစ်တွေ မြင်သွားကြတယ်။ လူငယ်လေးတွေခမျာ ဟန်မလုပ်နိုင်ကြရှာဘူး။ ခဏမှင်တက်မိသွားကြတယ်။ ဝမ်းနည်းသံမပါအောင် ထိန်းပါလျက်နဲ့ "ကျွန်မတို့ကို သွားခွင့်ပြုပါဦးဆရာ"ဆိုတဲ့ တုန်ယင်နေတဲ့စကားတွေ သူကြားလိုက်ရတယ်။ ကွာတက်အဖွဲ့ စိတ်မကောင်းစွာနဲ့ ပြန်လာခဲ့ကြတယ်။

ပတ်ဝန်းကျင်က ခရီးသည်တွေရဲ့ သူ့ကိုကြည့်တဲ့အကြည့်က အရင်ကလို မဟုတ်တော့ဘူး။

ရွံရှာတဲ့အကြည့်၊ သံသယအကြည့်နဲ့ ခဏခဏကြည့်ခဲ့တဲ့ မိကျောင်းစပို့ရှပ်နဲ့လူက စီးကရက်ဘူးကိုထုတ်ပြီး လက်ဆောင်မွန်ကို စီးကရက်တစ်လိပ် တည်ခင်းလာတယ်လေ။ ။

ဥဒါန်းမဂ္ဂဇင်း
အတွဲ (၂)၊ အမှတ် (၁)၊ ၂၀၀၇ တွင်
ဖော်ပြပြီး။

mgyoe.com

mgyoe.com

## နိုး… နိုး… နိုး…

ယောကျ်ားတွေတန်မဲ့ ယောကျ်ားတစ်ယောက်ကို အခုလို မျှော်နေရတာတော့ သိပ်ဟန်မကျဘူးလို့ ထင်တာပဲ။ လက်ဖက်ရည်ခွက်တွေ၊ ပလာတာတွေ၊ အီကြာကွေးတွေ သူတို့ရှေ့ချပြီး ကိုလူညိုကို သူတို့မျှော်နေကြတယ်။ ဒါပေမဲ့ ယောကျ်ားသားကြီးတွေ မဟုတ်လား။ သိသိသာသာ ဂဏှာမငြိမ်ဖြစ်အောင်တော့ မဟုတ်ဘူးပေါ့။ ဆိုင်ထဲကို လူဝင်လာတာ ရိပ်ခနဲမြင်လိုက်ရင် ဂျာနယ်ဖတ်လက်စ မျက်လုံးခွာပြီး လှည့်ကြည့်ကြတာ တစ်ခါတလေ ပြိုင်တူလေ။

ကျူရှင်ဆရာကတော့ ကိုလူညိုကို သူတို့လက်ဖက်ရည်ဝိုင်းရဲ့ ဆည်းလည်းဆိုလည်း ဟုတ်တယ်တဲ့။ တစ်ခါတစ်ရံကျတော့လည်း မောင်းကွဲနဲ့တူတယ်လို့ ထင်မိတယ်။ ကိုလူညိုကလည်း မပြောသေးနေသပ။ ပြောလိုက်ရင် ပိဿာလေးနဲ့ ဘေးပစ်ဆိုတဲ့ အပေါက်တွေ လုပ်တတ်တယ်။

ရုပ်ရှင်ရုံမန်နေဂျာကတော့ ကိုလူညို ပြောပုံ၊ ဆိုပုံ၊ လှုပ်ရှားပုံတွေဟာ ဟောလိဝုဒ်က မင်းသားဘယ်သူနဲ့ ဘယ်နေရာမှာ ဘယ်လိုတူတယ်၊ ဘယ်ဇာတ်ကားထဲမှာဗျာလို့ ပြောတတ်တယ်။ ဒါလည်း ကိုလူညိုရဲ့ကွယ်ရာမှာ ပြောတာပါ။ ဆိုက်ကားဆရာအိုကြီးကတော့ ကိုလူညိုနဲ့ သူနဲ့ ထပ်တူကျတာတွေကို တွေးတွေးပြီးခင်နေတာ အိမ်ထောင်မကျကြတာလည်း

mgyoe.com

mgyoe.com


တူသတဲ့။ ဆေးလိပ်မသောက်တတ်တာလည်း တူသတဲ့။ စာဖတ်ဝါသနာလည်း တူပြန်သတဲ့။ နောက်ဆုံး ဘယ်အထိအောင် တူလိုက်ကြသလဲဆိုရင် ဂရင်ဂျီနာပေါက်ဖူးတာတောင် တူပြန်သတဲ့။

ပွဲစားကတော့ ကိုလူညိုကွယ်ရာမှာ ခဏခဏ ပြောတတ်လေ့ရှိတဲ့ စကားတစ်ခွန်းရှိတယ်။ အဲဒါကတော့ နှစ်ပေါင်းများစွာ သူအစွဲကြီးစွဲခဲ့တဲ့ ဆေးလိပ်သောက်တဲ့အကျင့်ကို ကိုလူညို အပေါအပြောကောင်းလို့၊ အစည်းရုံးကောင်းလို့ ပြတ်တာတဲ့။ ဒါကြောင့် ကိုလူညိုကို ကျေးဇူးတင်တယ်တဲ့။ ကျူရှင်ဆရာက ဂျာနယ်ကို လက်ကကိုင်ထားပေမဲ့ အာရုံက တစ်ခါတလေ လွင့်ပြီး ကိုလူညိုကို သတိရမိပြန်ရော။ ဒီမောင်ဘာလို့ ပေါ်မလာပါလိမ့်။ နေထိုင်လို့မှ ကောင်းရဲ့လားလို့ တွေးနေမိတယ်။

ဆိုက်ကားဆရာကြီးကတော့ ကိုလူညိုလာရင် အားရပါးရပြောလေ့ရှိတဲ့ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်းတွေကို ကြားချင်လို့ မျှော်နေတာလေ။ ရုပ်ရှင်ရုံမန်နေဂျာကတော့ လာမယ့်သောကြာနေ့မှာ ရုံတင်မယ့် ဇာတ်ကားသစ်အတွက် မေတ္တာလက်မှတ်ပေးဖို့ မျှော်နေတာ။ အားလုံးက ကိုယ့်အတွေးနဲ့ကိုယ် ရှိနေကြတုန်းမှာ ပွဲစားက သက်ပြင်းတစ်ချက်ချပြီး "ဒီလူ ဘာလို့ နောက်ကျနေပါလိမ့်ဗျာ" တဲ့။

ဘာလို့ မလာပါလိမ့်၊ ဘာများဖြစ်နေသလဲလို့ မသုံးနှုန်းဘဲ သူ့စကားထဲမှာ ကိုလူညိုလာလိမ့်မယ်လို့ ယုံကြည်စိတ်နဲ့ တိတ်ဆိတ်မှုကို ဖောက်ခွဲလိုက်တယ်။ ဆိုက်ကားဆရာအိုကြီးက သူ့ထုံးစံအတိုင်း စကားပြောခါနီး သူ့နှုတ်ခမ်းတွေကို လျှာနဲ့တစ်ချက်စီသပ်ပြီးမှ...

"မနေ့ညတုန်းက ဘောလုံးပွဲကြည့်လို့ အိပ်ရာထ နေမြင့်ရအောင် ကလည်း အင်း...ညက ဘာဘောလုံးပွဲမှ မရှိဘူးဗျ"

ရုပ်ရှင်ရုံမန်နေဂျာကတော့ အကြာကွေးတွေပေါ် လာနားတဲ့ ယင်ကောင်တွေကို လက်နဲ့တစ်ချက် ယမ်းလိုက်ရင်း "မဟုတ်မှလွဲရော"၊ "ဝတ္ထုရေးနေလို့ အိပ်ရာထနေမြင့်တာလို့ ပြောဦးမလို့လား" လို့ ပွဲစားက ကြားဖြတ်ပြောတယ်။

"နိုး နိုး မဟုတ်ဘူး။ ဒီမောင် အခုရက် ဝတ္ထုရေးမှာ မဟုတ်ဘူး။

mgyoe.com